# စာစဥ် ၅၈ : အပိုင်း ၁

## အပိုင်း ၈၅၆ : သုံးထောင့်ချွန် မြို့တော်

"ဒါက..." ရိုလန်က ဂါစီယာအား
လှမ်းကြည့်လိုက်သည်။

"ဒါက ခေတ်လေ့ကား တစ်ခုပဲ" သူမက
ဂုဏ်ယူစွာဖြင့် ပြန်ပြောလိုက်သည်။
"ခဏစောင့်ပါ... မကြာခင်မှာ မြင်ရပါလိမ့်မယ်"

သူမ စကားပြောပြီး မကြာမီပင် ပြတင်းပေါက်
အပြင်မှ အလင်းရောင်များသည် အနီရောင်မှ

+

အစိမ်းရောင်သို့ ပြောင်းသွားပြီး
ကန့်လန့်ကာများကလည်း အလိုအလျောက်
မြင့်တက်သွားကာ ပြင်ပမှ မြင်ကွင်းအား
ဖော်ပြလိုက်လေသည်။

သူမ၏ ဂုဏ်ယူမှုက ဘယ်နေရာမှ လာခဲ့မှန်းကို
ရိုလန်က ချက်ချင်း သဘောပေါက်သွားခဲ့သည်။
ဘတ်စ်ကားသည် ရောမ သံပြားကြီး တစ်ခုပေါ်တွင်
ရပ်နေကာ ဘေးပတ်ပတ်လည်တွင် အဝါနှင့်
အနက်ရောင် သတိပေး လက္ခဏာများကို
ရေးခြယ်ထားသည့် သတ္တု ပတ်လမ်း လေးငါးခုတို့ကို
မြှုပ်နှံထားသော ကွန်ကရစ် နံရံများကို
တွေ့ခဲ့ရသည်။ ထိုနံရံများမှ နေ၍ ခွေးသွားစိတ်များ
အဆက်မပြတ် လည်ပတ်နေသည့် အသံများ
ဆက်တိုက် ထွက်ပေါ်နေလေသည်။

+

သူတို့သည် အဆင့်များကို ပြိုးပြိုးပြက်ပြက်
ဝင်းလက်နေသည့် မီးမောင်းများဖြင့် အမှတ်အသား
ပြုထားသည့် ဥမင်လှိုဏ်ခေါင်း တစ်ခုအတိုင်း
အောက်သို့ ဆင်းနေခဲ့ခြင်း ဖြစ်သည်။ မိနစ်
အနည်းငယ် အတွင်း၌ပင် သူတို့သည် မီတာ
တစ်ရာကျော် ဆင်းသက်လာခဲ့သော်လည်း
နံပါတ်များက ဆက်လက် မြင့်တက်နေဆဲ
ရှိသေးသည်။

သိပ္ပံ ရုပ်ရှင်ကားများ အတွင်းမှ မြင်ကွင်းတစ်ခုနှင့်
တူနေသည့် သံပြား အပြင်ပိုင်းတွင် အဆက်မပြတ်
လည်ပတ်နေသော လိမ္မော်ရောင် သတိပေး
အလင်းတန်းများကို ကြည့်နေရင်း ရှုပ်ထွေးစွာ

+

ဝင်ရောက်လာရမှုနှင့် ယှဉ်လျှင် လျှော်ကြိုးများ၊
ရေနွေးငွေ့ အင်ဂျင်များကို အသုံးပြုထားသော သူ၏
တတိယ နယ်စပ်မြို့ အတွင်းသို့ ဝင်ရောက်သည့်
နည်းလမ်းက အမတန်မှ
ခေတ်နောက်ကျနေသည်ဟု တွေးမိခဲ့သည်။

ဤကဲ့သို့သော တစ်စုံတစ်ရာကို
တည်ဆောက်ထားနိုင်သော အဖွဲ့အစည်း တစ်ခု
အပေါ်မှ သူ၏ လေးစားမှုသည် ချက်ချင်းပင် အဆင့်
အနည်းငယ်မျှ တိုးတက်သွားခဲ့သည်။

လုံလောက်သော ဘဏ္ဍာရေးနှင့် နိုင်ငံရေး
ကျောထောက်နောက်ခံ စွမ်းအားများ မရှိပဲ
သိုင်းပညာရှင် တစ်အုပ်စုသည် ဤကဲ့သို့သော

+

တစ်စုံတစ်ခုအား တည်ဆောက်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ချေ။

ဂါစီယာက ဤမျှအထိ ဂုဏ်ယူနေသည်မှာလည်း အဆန်းတော့ မဟုတ်ချေ။

ထူးခြားသော စိတ်နေစိတ်ထားများ ရှိသည့် သိုင်းပညာရှင် အရိုင်းများကပင် ဤမြင်ကွင်းအား ရင်သက်ရှုမော ဖြစ်နေကြသည်။ သူတို့သည် ဤနေရာက မြေအောက်တွင် မည်မျှအထိ နက်ရှိုင်းစွာ ဖုံးကွယ်ထားသည်ကို စူးစမ်းလေ့လာလိုနေသည့် အတိုင်း ပြတင်းပေါက် အပြင်သို့ ကြည့်နေရင်း အချင်းချင်း ဆွေးနွေးနေကြလေသည်။

+

ဒါက တကယ့်ကို ကောင်းမွန်တဲ့ ရွှေ့ကွက်တစ်ခုပဲ။ ရိုလန်က တွေးလိုက်သည်။ ကန့်လန့်ကာများအား ပိတ်ထားခြင်းသည် လူသစ်များအား ဌာနချုပ်၏ နေရာ အတိအကျကို ပေးမသိလို၍ ဖြစ်သော်လည်း မြေအောက်သို့ ဆင်းသက်ခဲ့အပြီးတွင် ဖုံးကွယ်ထားရန် မလိုအပ်တော့သဖြင့် အားလုံးတို့အား ထူးဆန်း အံ့ဩဖွယ်ရာ မြင်ကွင်းကို ပေးခံစားခဲ့သည်။ ထိုအရာက အဖွဲ့အစည်း၏ စွမ်းအားကို သက်သေပြနေခြင်းပင် ဖြစ်ပေသည်။

သူတို့ အနောက်မှ နောက်ယောင်ခံလိုက်လာသော လင်းသည် ချိုးဖောက် ဝင်ရောက်လာနိုင်သည့်

အခွင့်အရေး တစ်ခု ရှိနေသလား ဆိုသည်ကို သူက သိလိုနေမိသည်။

နံပါတ်က ၂၃၅သို့ ရောက်သွားသော အခါ သံပြားသည် နောက်ဆုံးတွင် ရပ်တန့်သွားကာ နံရံပေါ်၌ အပေါက်များစွာ ပေါ်လာကြသည်။ ပြီးတာနှင့် ဘတ်စ်သည် စတင်၍ ပြန်လည် လှုပ်ရှားလာကာ ထိုအပေါက် တစ်ခုအတွင်းသို့ ဝင်သွားခဲ့သည်။

သူတို့သည် မကြာမီပင် ပန်းတိုင်သို့ ရောက်သွားသဖြင့် ဤခရီးစဥ်ကမူ အလွန်ပင် တိုတောင်းခဲ့သည်။

+

ရိုလန်သည် ဂါစီယာ အနောက်မှ လိုက်၍
ဘတ်စ်ကား အတွင်းမှ ထွက်သွားသော အခါ
သူ့အရှေ့တွင် ကျယ်ပြန့်သော မြေအောက်ရင်ပြင်
တစ်ခု ရှိနေသည်ကို တွေ့လိုက်ရသည်။ သူ့အား
ခေါင်းပေါ်မှ မီးများစွာတို့ဖြင့် ထိန်လင်းစွာ
ထိုးထားရာ နေ့ခင်းကဲ့သို့ လင်းလက်နေခဲ့သည်။

ယခင်က ဆင်းသက်လာခြင်းကို မမြင်ခဲ့ရလျှင်
သူတို့က မြေအောက်သို့ နက်ရှိုင်းစွာ
ရောက်နေမှန်းကို ယုံကြည်နိုင်ရန် ခက်ခဲလှသည်။
ရင်ပြင်၏ အလယ်တွင် ရုပ်ထု တစ်ခုအား
စိုက်ထူထားသည်။ တစ်ချက် ကြည့်လိုက်လျှင်
သူသည် မညီညာသော သုံးဘက်မြင်ပုံ တစ်ခုအား
ကိုင်ထားသော လက်ကြီး တစ်ဖက်နှင့်
တူနေခဲ့သည်။

+

ရုပ်ထု၏ ဘေးတွင် ဘတ်စ်ကားများစွာတို့ ရပ်ထားကြပြီး ကြည့်ရသည်မှာ အသစ် ရောက်လာကြသူများသည် သူတို့သာ မကနေပေ။

"ဒီလူတွေက တခြားမြို့တွေကလား" ရိုလန်က ရုပ်ထုအနားမှ လူအုပ်ကြီးအား ညွှန်ပြ၍ မေးလိုက်သည်။

ဂါစီယာက သဘောတူသည့် အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။ "အဖွဲ့အစည်းမှာ အဖွဲ့ခွဲတွေ အများကြီး ရှိပေမဲ့ ဌာနချုပ် နှစ်ခုပဲ ရှိတယ်... တိုက်စားခြင်းနဲ့ ထိတွေ့နိုင်ဖို့ တစ်ယောက်ဟာ ဒီနေရာ နှစ်ခုကို လာမှရမယ်"

+

သူက အနည်းငယ် အံ့သြ မှင်သက်သွားသည်။
"ပြင်ပကမ္ဘာက တိုက်စားမှုကို… ဒီနေရာကနေ
တိုက်ရိုက် မြင်နိုင်တာလား"

"မြင်နိုင်ရုံတင် မကဘူး.. .ထိပါ ထိတွေ့နိုင်တယ်…
ဒါပေမဲ့ နင်က ဒီလိုမျိုး လုပ်ချင်နေမှာ မဟုတ်ဘူး"
ဂါစီယာက မျက်စောင်းထိုး၍ ပြောလိုက်သည်။
"ငါတို့က လူတွေကို မကောင်းဆိုးဝါးတွေနဲ့
တိုက်ခိုက်ဖို့သာ တောင်းဆိုနေတဲ့ ဘာသာရေး
အဖွဲ့အစည်း တစ်ခုလို့သာ နင်က ထင်နေတာလား"

"ဌာနချုပ်ကို လာရတဲ့ ရည်ရွယ်ချက်က အသစ်
ရောက်လာသူတွေကို ကမ္ဘာကြီး ရင်ဆိုင်နေရတဲ့

+

တကယ့် အန္တရာယ်ကို ပြသဖို့ပဲ... အချို့
အရာတွေက ကိုယ်ပိုင်မျက်လုံးနဲ့ မမြင်ရရင် ယုံနိုင်ဖို့
မလွယ်ဘူး... ကပ်ဘေးက လက်တစ်ကမ်းမှာပဲ
လိုတော့တယ်"

ထိုအချိန်၌ပင် သူတို့အပေါ်မှ အလင်းရောင်များက
ရုတ်တရက် မှေးမှိန်သွားပြီး ဘက်ပေါင်းစုံမှ
အမှောင်ထုက လွှမ်းခြုံလာခဲ့ကာ အားလုံးတို့၏
မျက်လုံးများကို ရင်ပြင်အလယ်မှ နေရာငယ်လေး
တစ်ခုအပေါ်၌ အာရုံစိုက်စေခဲ့သည်။

စင်မြင့်အပေါ်တွင် ကန့်လန့်ကာ တစ်ခုအား
ဖွင့်လှစ်ခဲ့သကဲ့သို့ အမိုးခုံး အပေါ်မှ တောက်ပသော
အလင်းတန်း နှစ်တန်းတို့က ကျဆင်းလာကြသည်။

+

တစ်တန်းသည် ရုပ်ထုအပေါ်သို့ ထိုးထားပြီး
နောက်တစ်တန်းသည် အနက်ရောင် ဝတ်စုံနှင့်
အမျိုးသမီး တစ်ယောက် အပေါ်သို့ ထိုးထားခဲ့သည်။

သူမသည် ရင်ပြင်၏ တစ်ဘက်မှ စင်မြင့်တစ်ခု
အပေါ်တွင် ရပ်နေပြီး အသက်သုံးဆယ်
ပတ်ဝန်းကျင် ရှိနေကာ ရိုးရာ သိုင်းပညာရှင် ဝတ်စုံ
တစ်ခုကို ဝတ်ဆင်ထားပြီး အနက်ရောင်
ဆံပင်များအား သူမ၏ ခေါင်းပေါ်တွင်
ချည်နှောင်ထားခဲ့သည်။

သူမ၏ မျက်လုံးတစ်ဖက်မှာ ပျက်စီးနေပုံ ရပြီး
မျက်လုံးကာ တစ်ခုဖြင့် ဖုံးအုပ်ထားသည်။
အိမ်မက်ကမ္ဘာ အတွင်းမှ သဘာဝ အင်အားသည်

+

ကျားမ အကန့်အသတ် မရှိပဲ အသွင်အပြင် အပေါ်တွင် အကျိုးသက်ရောက်မှု ရှိစေသော မှော်စွမ်းအားနှင့် မတူနေပေ။ သူမသည် သာမန်လူ တစ်ယောက်နှင့် ဘာမှ မကွာခြားပဲ အရပ်သိပ်မရှည်သော်လည်း ကြီးကျယ်ခမ်းနားသည့် အမူအရာ တစ်ခု ရှိနေခဲ့သည်။

ထိုအမျိုးသမီးသည် အားလုံးတို့အား လက်ဝှေ့ယမ်းပြလိုက်၍ ကျယ်လောင်စွာဖြင့် ပြောလိုက်သည်။ "ချစ်ရစွာသော နိုးထလာသူ အပေါင်းတို့… ကောင်းသော နေ့လယ်ခင်းပါ… ကျွန်မကတော့ ကာကွယ်သူ ကျောက်ဆောင်ရဲ့ တပည့်ကြီး ဖြစ်တဲ့ လန် ဖြစ်ပါတယ်… သုံးထောင့်ချွန် မြို့တော်ကနေ ကြိုဆိုပါတယ်"

+

သုံးထောင့်ချွန်… သူမက ရုပ်ထုအပေါ်က
သုံးဘက်မြင် ရုပ်ပုံကို ဆိုလိုနေတာလား။ ရိုလန်က
တွေးနေရင်း သူမ၏ စကားများကို အတော်လေး
မကျေမနပ် ဖြစ်နေဟန်တူသော အရိုင်း
သိုင်းပညာရှင်များ၏ တီးတိုး ရေရွတ်သံများကို
ကြားလိုက်ရသည်။

သူက ဂါစီယာအား မမေးနိုင်ခင်ပင် လန်က
ဆက်ပြောလိုက်သည်။ "ကျောင်းသား
အသစ်တွေကို ကြိုဆိုရတာက ကာကွယ်သူတွေရဲ့
တာဝန် ဖြစ်နေပေမဲ့ ကံမကောင်းစွာနဲ့
ကောင်းကင်မြို့တော်မှာ ပြဿနာ အချို့နဲ့
တွေ့ကြုံနေရလို့ ကျွန်မဆရာနဲ့ တခြား ကာကွယ်သူ

သုံးယောက်တို့ဟာ လွန်ခဲ့တဲ့ နှစ်ရက်က ထွက်ခွာသွားခဲ့ရတယ်... အချိန်တွေကို မဖြုန်းချင်တော့လို့ ကျွန်မကပဲ ရှင်တို့အားလုံးကို ကြိုဆိုမှာ ဖြစ်ပါတယ်"

"ရှင်တို့အနက် အချို့ဟာ နိုးထခဲ့တာ နှစ်ပေါင်းများစွာ ရှိနေပြီ ဖြစ်ပြီး လူသစ်တွေလို့ သတ်မှတ်လို့ မရတာကို ကျွန်မက သိနေပါတယ်... ဒါပေမဲ့ အခြေအနေက အကြီးအကျယ် ပြောင်းလဲသွားခဲ့ပြီ... ရှင်တို့က ဒီနေရာကို လာလိုတဲ့ ဆန္ဒ ရှိနေတာကြောင့် အဖွဲ့အစည်းရဲ့ စွမ်းရည်ကို အသိအမှတ် ပြုခဲ့တယ်လို့ ယူဆရမှာ ဖြစ်ပြီး အတိတ်ကို အနောက်မှ ချန်ထားခဲ့ဖို့ ကျွန်မက အကြံပြုလိုက်ပါတယ်"

+

"အခုအချိန်မှာ ကျဆင်းနတ်ဆိုးတွေကို
တိုက်ခိုက်ဖို့က အခုအချိန်မှာ ရှင်တို့ရဲ့
ဦးစားပေးတာဝန် ဖြစ်သင့်ပြီး အဖွဲ့အစည်း အနေနဲ့
ရှင်တို့ရဲ့ အတိတ်က အကြောင်းအရာနဲ့
အဆင့်အတန်းကို ဂရုမစိုက်နေပဲ အနာဂတ်
စွမ်းဆောင်ရည်ကိုသာ ဂရုစိုက်နေတယ်"

"အကျပ်အတည်းက ပိုပြီးမှ ကြီးမားလေလေ
နိုးထပြီးတဲ့သူတွေက စည်းလုံးညီညွတ်ဖို့
ပိုလိုလေလေပဲ... တကယ်လို့ ရှင်တို့က
အဖွဲ့အစည်းရဲ့ လုပ်ဆောင်ပုံတွေကို လက်မခံနိုင်ဘူး
ဆိုရင် အခုပဲ ထွက်ခွာသွားလို့ ရပါတယ်"

+

အနက်ရောင် ဝတ်စုံနှင့် အမျိုးသမီးသည်
စကားပြောနေရင်း
လက်ဖဝါးကိုယမ်းပြလိုက်သော်လည်း ရင်ပြင် အတွင်းရှိ
တစ်စုံတစ်ယောက်ကမှ လှုပ်ရှားခြင်း မပြုခဲ့ကြပဲ
ဆူညံသော ဆွေးနွေးသံများကပင်
ငြိမ်သက်သွားခဲ့လေသည်။

တပည့်ကြီးက အတော်လေး စကားပြော
ကျွမ်းကျင်တာပဲ။ ရိုလန်က ဟန်ဆောင်၍
ပြုံးလိုက်သည်။ ကျဆင်းနတ်ဆိုးများ
များပြားလာသည်နှင့် အရိုင်း နိုးထသူတို့က
ဘာရွေးချယ်မှုမှ မရှိတော့ပဲ အဖွဲ့အစည်း အတွင်းသို့
ဝင်ခဲ့ရသည်။

+

သူတို့သည် ယခင်က မည်သူပင် ဖြစ်ခဲ့သော်လည်း ယခုအချိန်၌ ဤရွေးချယ်မှု တစ်ခုသာ ရှိတော့သည်။ အမျိုးသမီးသည် ဤအချက်အား ကောင်းစွာ သိနေသဖြင့် သူတို့အား ရွေးချယ်ခွင့် တစ်ခု ပေးနေသည့်ပုံ ပေါက်နေခဲ့သော်လည်း အမှန်တွင် သူတို့အား ဘာရွေးချယ်ခွင့်မှ မပေးခဲ့ပေ။

ပြိုင်ဘက်တစ်ယောက်အား သွေးဆောင်သည့် အချိန်တွင် စွမ်းအားသည် အရေးကြီးသော အချက်တစ်ခု ဖြစ်ပြီး အခြားသူများအား အကာအကွယ် ပေးနိုင်သည့် သိုင်းပညာရှင် အဖွဲ့အစည်း တစ်ယောက် အနေဖြင့် သူတို့၏ ကိုယ်ပိုင် စွမ်းအားများကို ထုတ်ဖော် ပြသရခြင်းသည် ဤကိစ္စတွင် အထိရောက်ဆုံးသော နည်းလမ်း ဖြစ်ပေသည်။

+

ဂါစီယာသည် ရိုလန်အား ရှုပ်ထွေးသော အမူအရာ တစ်ခုဖြင့် ကြည့်လိုက်ပြီးမှ တိုးညင်းစွာ ပြောလိုက်သည်။ "သူမက ကျွန်မရဲ့ ဆရာဖြစ်တယ်"

"ဘာ" သူက မှင်သက်သွားသည်။ "မင်းရဲ့ဆရာ… ဟုတ်လား"

"ဟိုနေ့က ငါနင့်ကို ပြောပြခဲ့တဲ့ စီနီယာ ဆိုတာ သူမပဲ" ဂါစီယာက သက်ပြင်းချလိုက်သည်။ "နင်က မလိုအပ်ပဲနဲ့ သူမအနားမှာ သိပ်မသွားမိစေနဲ့… ငါ့ဆရာက တာဝန် မယူတတ်ပဲ အချိန် မမှန်တဲ့သူတွေကို လုံးဝ သဘောမကျဘူး"

+

လက်စသတ်တော့ ဒီလိုကိုး။ ရိုလန်က
တွေးလိုက်သည်။

"မင်းတို့အားလုံးက ဆုံးဖြတ်ချက်ချပြီးသား
ဖြစ်နေတော့ အဖွဲ့အစည်းကနေပြီး သွေးသစ်တွေကို
ကြိုဆိုပါတယ်" လန်က ရင်ပြင်အပေါ်သို့
ဝေ့ကြည့်လိုက်ပြီးမှ ကျေနပ် အားရစွာ
ခေါင်းညိတ်လိုက်သည်။

"ငါက သိပ်များများစားစား မပြောတော့ဘူး…
ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံရခြင်းထက်
ပိုအထင်ကြီးစရာ ဘာမှ မရှိဘူး… အခုအချိန်မှာ
ငါ့အနားကို လာပြီးမှ ကမ္ဘာကြီး ကြုံတွေ့နေရတဲ့

+

အန္တရာယ်ကို ကိုယ်တိုင်ကိုယ်ကျ လာကြည့်ကြပါ...
နတ်ဘုရားဆန္ဒ စစ်ပွဲက ငါတို့နဲ့ သိပ်မဝေးတော့ဘူး
ဆိုတာကို မင်းတို့က မကြာခင်
သဘောပေါက်လာပါလိမ့်မယ်"

စာစဥ် ၅၈ : အပိုင်း ၂

အပိုင်း ၈၅၇ : တိုက်စားခြင်း၏ သဘာဝ

ဤစကားများကို ကြားခဲ့ရအပြီးတွင် ရိုလန်သည်
မအောင့်နိုင်ပဲ တုန်ခါသွားလေသည်။

+

အိမ်မက်ကမ္ဘာ အတွင်း၌လည်း အဘယ်ကြောင့်
နတ်ဘုရားဆန္ဒ စစ်ပွဲ တစ်ခု ရှိနေရသနည်း။

သူသည် ဂါစီယာအား လှမ်းကြည့်လိုက်သော်လည်း
သူမသည် ထိုအကြောင်းသို့ သိပြီးသား သို့မဟုတ်
ထိုအကြောင်းနှင့် ပတ်သတ်၍ အမှုမထားသကဲ့သို့
သူမ၏ အမူအရာက မပြောင်းသွားခဲ့ပေ။

ရိုလန်သည် သူ၏ သံသယများကို သူ့ကိုယ်သူသာ
မျိုသိပ်ထားရပြီး အလင်းရောင်အောက်တွင်
လူအုပ်ကြီး အနောက်မှ နေ၍ ရင်ပြင်ထံသို့
လိုက်သွားခဲ့ရသည်။

+

ထိုနေရာသို့ ရောက်ခဲ့အပြီးတွင် မြင့်မားလှသော ကျောက်နံရံများ အတွင်း၌ ပျားအုံတစ်ခု ကဲ့သို့ လမ်းကြောင်းများစွာ ထွင်းထားသည်ကို သတိပြုမိလိုက်သည်။ မြေပေါ်မှ ဝင်သည်ဖြစ်စေ လမ်းကြောင်းများ အတွင်းမှ ဝင်သည်ဖြစ်စေ တစ်ယောက်သည် သံလမ်းများ ပေါ်မှ ခတ်လှေကားများကို အသုံးပြု၍ ရနိုင်သည်။

ယခုအချိန်တွင် ရင်ပြင်က တောက်ပနေခြင်း မရှိတော့ပဲ သူ၏ မျက်လုံးကလည်း အမှောင်ထုနှင့် ကျင့်သားရလာခဲ့သဖြင့် ခတ်လှေကား များစွာတို့က ပျံသန်းနေသော ပိုးစုန်းကြူးများကဲ့သို့ တက်လိုက်ဆင်းလိုက် ဖြစ်နေသည်ကို မြင်နိုင်ခဲ့သည်။ သူတို့သည် အနာဂတ်မှ

+

ခေတ်ဆန်သော မြို့တော်တစ်ခု၏ ခံစားချက်မျိုးကို ပေးစွမ်းနေနိုင်သည်။

ဤဒီဇိုင်းသည် လှပသော်လည်း အသုံးပြုရန် အတော်လေး အဆင်မပြေနေပေ။ အကယ်၍ မြို့လယ်ခေါင်တွင် အထိမ်းအမှတ် တစ်ခု အနေဖြင့် တည်ဆောက်ထားမည် ဆိုပါက အဆင်ပြေသော်လည်း ဤကဲ့သို့ မြေအောက်တွင် မြှုပ်နှံထားသော အခါ သူတို့အား မည်သူက တွေ့မြင်နိုင်မည်နည်း။

ထို့အပြင် မီးလောင်ခြင်း၊ စွမ်းအား ပြတ်တောက်မှုနှင့် အခြား အရေးပေါ်

+

အခြေအနေများ ဖြစ်ပေါ်လာပါက ဤနေရာမှ လွတ်မြောက်နိုင်ရန် အတော်ပင် ခက်ခဲပေလိမ့်မည်။

အခြားသူများက အလွယ်တကူ ချိုးဖောက် ဝင်လာနိုင်ခြင်း မရှိစေရန် သို့မဟုတ် လျှို့ဝှက်ချက် တစ်ခု အနေဖြင့် ထားရန် လိုအပ်နေခြင်း ဖြစ်စေကာမူ ဌာနချုပ်အား မြေအောက်တွင် တည်ဆောက်ထားခြင်းသည် အတော်လေးကို ယုတ္တိမတန်ရာ ကျနေပေပြီ။

သိုင်းပညာရှင် အဖွဲ့အစည်းသည် ဖြုန်းတီးရန် ပိုက်ဆံများစွာ ရှိနေခြင်း မဟုတ်ပါက သူမသိသေးသော နောက်ထပ် အကြောင်းရင်း တစ်ခု ရှိနေနိုင်ပေသည်။

+

စကြ်န်အမှတ် ၂၄သို့ ဝင်လာခဲ့သော အခါ ရိုလန်က သူရပ်နေသော မြေပြင်သည် အမှန်တွင် ရွေ့လျားနေသော လှေကားတစ်စင်း ဖြစ်နေပြီး ဆက်လက် သွားလာရန် သူ့အပေါ်တွင် ရပ်နေရန်သာ လိုမှန်းကို တွေ့လိုက်ရသည်။

မြေအောက်တွင် ဤကဲ့သို့သော ဒီဇိုင်းမျိုးအား ဖန်တီးနိုင်ခြင်းသည် အမှန်ပင် အံ့သြဖွယ်ရာ ကောင်းလှပေသည်။

သူ၏ သံသယများကို သဘောပေါက်ဟန်ဖြင့် ဂါစီယာက သူမ၏ ပခုံးများကို တွန့်လိုက်သည်။ "ဒီနေရာမှာ အရင်က သတ္တုတွင်း တစ်ခု

+

ရှိခဲ့ဖူးတယ်… ငါတို့ဟာ စွန့်ပစ်ထားတဲ့ သတ္တုတွင်း လှိုဏ်ခေါင်းတွေကို အသုံးပြုပြီးမှ နင်အခု နံရံတွေ အပေါ်မှာ မြင်နေရတဲ့ ခုတ်လှေကား လမ်းကြောင်းတွေကို တည်ဆောက်ထားတာ"

"ဒါပေမဲ့ သူတို့ အစိတ်အပိုင်း အချို့ကိုတော့ အသစ် တူးဖော်ထားတာ ဖြစ်တယ်… ဒါက တိုက်စားခြင်းရဲ့ အမြန်နှုန်းပေါ်မှာ မူတည်နေတယ်"

"တိုက်စားခြင်းက သတ္တုတွင်း အတွင်းမှာ ဖြစ်ပျက်ခဲ့တာလား"

+

"အတိအကျတော့ မဟုတ်ပေမဲ့
လောလောဆယ်တော့ နင်က ဒီလိုပဲ
ယူဆထားနိုင်ပါတယ်"

"ဒီလိုဆိုတော့ ဌာနချုပ်ကို မြေအောက်မှာ
တည်ဆောက်ရတဲ့ အကြောင်းရင်းက
တိုက်စားခြင်းကို ဆက်လက် မကြီးထွားလာအောင်
ကာကွယ်ဖို့လား"

ဂါစီယာက သူ့အား ထူးခြားသော အမူအရာ
တစ်ခုဖြင့် လှမ်းကြည့်လိုက်သည်။ "မဟုတ်ဘူး...
ဒါက တိုက်စားခြင်းကို ကာကွယ်ဖို့ မဟုတ်ပဲ
မကောင်းတဲ့ ရည်ရွယ်ချက် ရှိတဲ့ နိုးထလာသူတွေကို
စောင့်ကြပ်နေဖို့သာ ဖြစ်တယ်"

+

သူက ထပ်မေးရန် ဆန္ဒရှိနေသေးသည်ကို မြင်လိုက်ရသော အခါ သူမက ခေါင်းကိုခါ၍ ပြောလိုက်သည်။ "နင်က မကြာခင် သဘောပေါက်လာမှာပါ"

လမ်းကြောင်းသည် မကြာမီပင် သူတို့အား အောက်သို့ဆင်းသွားသော အဆင့်များ ရှိနေပြီး အောက်ခြေတွင် လူတစ်ယောက်စာ စင်မြင့်တစ်ခု ရှိနေသော စာသင်ခန်းမ တစ်ခုနှင့် အလွန် တူညီနေသည့် နောက်ထပ် ခန်းမ တစ်ခုအတွင်းသို့ ပို့ဆောင်ပေးခဲ့သည်။

+

ဤ၍နေရာမှ အကာအကွယ်များသည် သိသိသာသာ များပြားနေပြီး ခန်းမ၏ တစ်ဘက်တစ်ချက်တွင် တူညီဝတ်စုံများကို ဝတ်ဆင်ထားကာ အမူအရာ ကင်းမဲ့နေသော သိုင်းပညာရှင်များက နေရာအနှံ့ ရှိနေကြသည်။ သူတို့သည် ကြိုးဆိုသော အမူအရာ တစ်ခုကိုမှ မပြကြပဲ လူသစ်များအား ထူးမခြားနား ပုံစံဖြင့်သာ စိုက်ကြည့်နေကြလေသည်။

စစ်သည်တော်တွေ ဆိုတာက ဖြောင့်မတ်ပြီး တက်ကြွဖို့ လိုအပ်နေတယ် မဟုတ်လား၊ အသစ် နိုးထလာသူတွေ အပေါ်မှာ ဒီလို သဘောထားမျိုး ရှိနေတော့ လူတွေက သူတို့ အဖွဲ့အတွင်းကို မဝင်ချင်တာ အဆန်းတော့ မဟုတ်ပါဘူး။ ရိုလန်က တွေးနေခဲ့သည်။

+

အားလုံး ထိုင်ခဲ့ကြပြီးသော အခါ တပည့်ကြီး လန်က
စင်မြင့်ပေါ်တွင် ထရပ်လိုက်သည်။

ဘာမှ မပြောပဲနှင့် သူမသည် စင်မြင့်ပေါ်မှ
ကန့်လန့်ကာ တစ်ခုကို ဆွဲဖွင့်လိုက်ရာ
အောက်ခြေတွင် ရောမ ဖန်သေတ္တာ တစ်လုံးကို
တွေ့လိုက်ရလေသည်။

ရိုလန်က မအောင့်နိုင်ပဲ
မျက်မှောင်ကြုတ်လိုက်မိသည်။

သေတ္တာအတွင်းတွင် အနီရင့်ရောင် သလင်းကျောက်
တစ်ခု ရှိနေပြီး လေထုအလယ်တွင် အလေးချိန်

+

မရှိပဲ လွင့်မျောနေသည်ဟု ထင်နေရပြီး သူ့ကို တက်ကြီလာမှ မှော်အမြူတေအား ပြန်လည် အမှတ်ရလာစေခဲ့သည်။

သို့သော်လည်း အိမ်မက်ကမ္ဘာ အတွင်းမှ သဘာဝ အင်အားသည် မှော်စွမ်းအားကဲ့သို့ အမြဲ ပြောင်းလဲနေသော အကျိုးသက်ရောက်မှုများကို ဖော်ပြနေခြင်း မရှိပေ။ ထို့အပြင် ဤသလင်းကျောက်သည် အစစ်အမှန်ပုံ ပေါက်မနေပဲ သုံးဖက်မြင် ပုံရိပ်တစ်ခု၏ ဆိုးရွားသော နမူနာ တစ်ခုနှင့် အမှန်ပင် တူနေခဲ့သည်။

+

သို့သော်လည်း လန်၏ လေးနက်သော အမူအရာအား ကြည့်ခြင်းအားဖြင့် သူမက ဟာသလုပ်နေသည့်ပုံ ပေါက်မနေချေ။

"ဒါက..."

"တိုက်စားခြင်း ဖြစ်တယ်" ဂါစီယာက လေးနက်သော အသံတစ်ခုဖြင့် ပြောလိုက်သည်။ "ဒါမှမဟုတ် လွတ်ပေါက် တစ်ခုလို့လည်း ပြောနိုင်တယ်"

"ဘယ်လို" ရိုလန်က မှင်သက်သွားသည်။

+

"စင်မြင့်ပေါ်က တစ်ခုက သေးငယ်တဲ့ အစိတ်အပိုင်း တစ်ခုပဲ" သူမက သက်ပြင်းချလိုက်သည်။ "ငါတို့ကမ္ဘာက အပေါက်တွေနဲ့ ဆန်ခါပေါက် ပေါက်နေပြီ… ဒါက တိုက်စားခြင်းရဲ့ မူလဇာတိ ဖြစ်တယ်"

"ရှင်တို့အချို့က ဒါကို ခန့်မှန်းခဲ့ပြီး ဒါမှမဟုတ် ခံစားနိုင်ခဲ့ပြီး ဖြစ်နေလိမ့်မယ်လို့ ကျွန်မက ယုံကြည်နေတယ်" လန်က ပရိသတ် အတွင်းသို့ စိုက်ကြည့်နေရင်း စကားများကို တစ်လုံးခြင်း ပြောလိုက်သည်။

"ကျွန်မတို့ ကမ္ဘာ အတွင်းကို မကောင်းဆိုးဝါး အင်အားတစ်ခု ဝင်ရောက်လာပြီး

+

ကျဆင်းနတ်ဆိုးတွေရဲ့ အရေအတွက်ကို
လျင်မြန်စွာ တိုးပွားလာစေခဲ့ကာ နိုးထလာသူတွေရဲ့
လုံခြုံမှုကို အကြီးအကျယ် ခြိမ်းခြောက်နိုင်ခဲ့တယ်"

"ဒါပေမဲ့ ငါသိထားသလောက် ဒီစိတ်ကူးစိတ်သန်းက
မှန်ကန်ခြင်း မရှိဘူး... ဒါက မကောင်းဆိုးဝါး
အင်အားတစ်ခု မဟုတ်ပဲ တခြားကမ္ဘာ တစ်ခုနဲ့
ထပ်သွားမှုသာ ဖြစ်တယ်"

ပရိသတ် အတွင်းတွင် ချက်ချင်းပင် ရုတ်ရုတ်သဲသဲ
ဖြစ်သွားလေသည်။

"ခင်ဗျားက ဘာကို ဆိုလိုနေတာလဲ... အသေးစိတ်
ရှင်းပြပါဦး"

+

"တခြားကမ္ဘာ ဆိုတာက ဘာလဲ"

"သိုင်းပညာရှင် အဖွဲ့အစည်းက ဘယ်အချိန်က သိပ္ပံကျောင်းတော် တစ်ခု ဖြစ်သွားခဲ့တာလဲ"

"ဒီလိုဆိုတော့ ကျဆင်းနတ်ဆိုးတွေက ဂြိုဟ်သားတွေလား"

တကယ့် လူသစ်များနှင့် မတူပဲ အစောကြီးကတည်းက သဘာဝ အင်အား နိုးထလာခဲ့သည့် သူများသည် တပည့် အကြီးအကဲအား လေးစားခြင်း မရှိပဲ

+

ကျယ်လောင်စွာဖြင့် အော်ဟစ်
မေးမြန်းခဲ့ကြလေသည်။

"အားလုံးတိတ်ပါ" လန်က ခပ်တည်တည်ဖြင့်သာ
ပြန်ပြောလိုက်သည်။ "အခု သရုပ်ပြသမှု အပြီးမှာ
ကျွန်မက ရှင်တို့ရဲ့ မေးခွန်းတွေကို
ပြန်ဖြေပေးပါမယ်"

သူမ၏ စကားဆုံးသည်နှင့် ဖန်သေတ္တာက
ဖြည်းဖြည်းချင်း မြင့်တက်လာခဲ့ကာ
သလင်းကျောက်ကို ဖော်ပြခဲ့ပြီး တစ်ယောက်စာ
စင်မြင့်အပေါ်တွင် ချိတ်ထားသော ကင်မရာ တစ်ခုစီ
တပ်ထားသည့် တုတ်ချောင်း သုံးခုတို့က
ကျဆင်းလာကြလေသည်။

+

တစ်ချိန်တည်းတွင် လန်အနောက်မှ နံရံကလည်း
လင်းလက်လာ၍ ကင်မရာ သုံးခုတို့ထံမှ
ထုတ်လွှတ်ထားသော  မတူညီသည့် ရုပ်ပုံ သုံးခုကို
ပြသနေသော ဧရာမ စခရင် တစ်ခုအဖြစ်သို့
ပြောင်းသွားခဲ့သည်။

ရိုလန်သည် သူ့အား အံ့ဩ တုန်လှုပ်သွားစေသော
ဖြစ်ရပ်တစ်ခုအား လျင်မြန်စွာ သတိပြုမိခဲ့သည်။

မည်သည့် အရပ်မျက်နှာမှ ကြည့်ရှုခဲ့သည် ဖြစ်စေ
သလင်းကျောက်သည် တူညီသော အသွင်ကိုသာ
အမြဲတစေ ပြနေခဲ့သည်။

+

ထိုအရာက မည်ကဲ့သို့ ဖြစ်နိုင်မည်နည်း။

ဤကဲ့သို့ပုံစံ ပေါက်စေရန် အတွက် ထိုအရာသည်
ပြီးပြည့်စုံသော စက်လုံးတစ်ခု ဖြစ်ရပေလိမ့်မည်။

ထောင့်ချွန်များ ထွက်နေသော အရာတစ်ခုသည်
လည်ပတ်နေသော အခါ ဆက်တိုက်မဟုတ်သော
ပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့သည်။ သို့ဖြစ်၍
တစ်ဘက်စီမှ ကြည့်လိုက်သော အခါ သူသည်
ခြားနားသော ပုံစံ ပေါက်နေမည် ဖြစ်သည်။

သို့သော်လည်း ထိုပုံရိပ် သုံးခုတို့သည်
ရွေ့လျားနေသော အရာတစ်ခု မဟုတ်ပဲ
စခရင်ပေါ်မှ အနီစက် တစ်ခုကဲ့သို့သာ ခြားနားချက်

+

သို့မဟုတ် ရွှေ့လျားမှုများကို မတွေ့ခဲ့ရသဖြင့် သူက မှင်သက် အံ့သြသွားခဲ့သည်။

ဤသလင်းကျောက် ကိုယ်တိုင်က ဘာမှ မတည်ရှိနေသကဲ့သို့ သူ၏ ဦးနှောက်သည် ထိုအရာအား ပုံရိပ်ယောင် ပုံစံတစ်ခုကဲ့သို့ သတ်မှတ်ခဲ့လေသည်။

သို့သော်လည်း လန်၏ နောက်ထပ် လှုပ်ရှားမှုသည် ရိုလန်အား ထပ်ဖန်တစ်ခု အံ့အားသင့်သွားစေခဲ့ပြန်သည်။

တပည့် အကြီးအကဲသည် သံချောင်း တစ်ချောင်းကို ယူလိုက်ကာ အနီရောင် သလင်းကျောက် အတွင်းသို့

+

တည့်မတ်စွာ ထိုးစိုက်လိုက်သည်။ သို့သော်လည်း သံချောင်းသည် သူထင်မှတ်ထားသကဲ့သို့ ပုံရိပ်ယောင် အရိပ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားခြင်း မရှိပဲ အားလုံးတို့၏ အရှေ့တွင် ပျောက်ကွယ်သွားခဲ့လေသည်။

စခရင်မှ တဆင့် သူတို့သည် ကင်မရာ သုံးခု စလုံးမှ သံချောင်း၏ မူလပုံစံကို ရိုက်ကူးထားသည်ကို ကောင်းစွာ တွေ့ခဲ့ရသော်လည်း ရုပ်ပုံသုံးခု အတွင်းမှ အနီစက်က ဒီအတိုင်းသာ ရှိနေခဲ့သည်။ ကြည့်ရသည်မှာ သံချောင်း သုံးချောင်းတို့သည် မတူညီသော ထောင့်တစ်ခုမှ နေရာ တစ်ခုတည်းသို့ အထိုးသွင်း ခံခဲ့ရသကဲ့သို့ ဖြစ်နေခဲ့သည်။

+

လန်က ပြန်ဆွဲထုတ်လိုက်သော အခါ သူမ၏
လက်အတွင်းမှ သံချောင်းက ပို၍ တိုသွားခဲ့သည်။

ခန်းမ တစ်ခုလုံးက ရုတ်ခြည်းပင် တိတ်ဆိတ်
ငြိမ်သက်သွားလေသည်။

ထူးခြားသော ဤမြင်ကွင်းကို မြင်ခဲ့ရသော အခါ
တစ်စုံတစ်ယောက်က သူတို့၏ ပါးစပ်များကို
လက်များဖြင့် ပိတ်ထားခဲ့သည့် အလား
အားလုံးတို့က နှုတ်ဆိတ်နေခဲ့သည်။

ခဏကြာမှ တစ်စုံတစ်ယောက်က ပြောလိုက်သည်။
"ကျုပ်က တက်လာကြည့်လို့ရမလား"

+

"ရှင့်သဘောပဲ" လန်က ခေါင်းညိတ်ပြလိုက်သည်။

ထိုလူသည် စင်မြင့်ပေါ်သို့ တက်လာ၍ အနီရောင် သလင်းကျောက်အား အချိန် အတန်ကြာ စိုက်ကြည့်နေခဲ့သည်။ ပြီးတာနှင့် ရုတ်တရက် ကြုံးဝါးခဲ့ပြီးနောက် သူ၏ လက်သည် ငွေရောင် အလင်းတန်း တစ်ခုဖြင့် ဖုံးလွှမ်းသွား၍ ထိုသလင်းကျောက်အား လှမ်းကိုင်လိုက်သည်။

သူသည် သဘာဝ အင်အားကို အသုံးပြုခဲ့သည်မှာ သိသာနေပြီး သူ့ရဲကောင်း အတော်များများက ထိုကဲ့သို့ မပြုလုပ်နိုင်ကြပေ။ ဂါစီယာသည် ရိုလန်အား သဘာဝ အင်အားကို ထိုကဲ့သို့ ထုတ်လွှတ်နိုင်စွမ်း ရှိသော သူများသည်

+

ကျဆင်းနတ်ဆိုးများနှင့် အတော်ဆင်တူ၍ သာမန် လက်နက်များဖြင့် သူတို့အား ဒဏ်ရာရအောင် လုပ်နိုင်မည် မဟုတ်ချေ။

ဤကဲ့သို့ စွမ်းရည်တစ်ခုကို တတ်မြောက်ရန် တစ်ယောက်သည် အတော်လေး ပါရမီ ရင့်သန်ရမည် သို့မဟုတ် သေရေးရှင်ရေး အခြေအနေများကို နှစ်ပေါင်းများစွာ တွေ့ကြုံ ဖြတ်သန်းခဲ့ပြီး ဖြစ်ရပေလိမ့်မည်။ ထို့ကြောင့် သူတို့သည် သာမန် သိုင်းပညာရှင်များထက် များစွာပို၍ သန်မာလှပေသည်။

ထို့ကြောင့်ပင် သူတို့က မာန ထောင်လွှားကာ မောက်မာနေခြင်း ဖြစ်ပေလိမ့်မည်။

+

လန်ကလည်း သူ့အား တားဆီးလိုသည့်
ရည်ရွယ်ချက် လုံးဝ မပြပဲ ဒီအတိုင်းသာ
ရပ်နေခဲ့သည်။

သူ၏ လက်ဝါးသည် သလင်းကျောက်အား
အတားအဆီး မရှိ ကျော်ဖြတ်သွား၍ ဘာကိုမှ
ဆုပ်ကိုင်နိုင်ခြင်း မရှိပဲ ယခင်မှ
သလင်းကျောက်ကဲ့သို့
ပျောက်ကွယ်သွားခဲ့လေသည်။

မကြာမီပင် ထိုလူက အော်ဟစ်လိုက်ပြီးမှ
သူ၏လက်အား မြှောက်လိုက်ရာ သွေးသံရဲရဲနှင့်
လက်ဝါး တစ်ဝက်ကိုသာ တွေ့နိုင်တော့သည်။

+

အားလုံးတို့ကလည်း အံ့သြ တုန်လှုပ်စွာဖြင့် ပင့်သက်ရှိုက်လိုက်ကြသည်။

ဂါစီယာက "နင်က သူ့ကို လုံးဝ ကိုင်ချင်မှာ မဟုတ်ပါဘူး" ဟူ၍ အဘယ်ကြောင့် ပြောခဲ့မှန်းကို ရိုလန်က နောက်ဆုံးတွင် နားလည်သွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူနှင့် ထိတွေ့ခဲ့သော အရာအားလုံးက ဟင်းလင်းပြင် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ခြင်းကြောင့်ပင်တည်း။

ထိုလူအား ကုသမှုခံယူရန် သိုင်းပညာရှင်များက ခေါ်ဆောင်သွားခဲ့အပြီးတွင် လူအချို့က ထရပ်လာခဲ့ကြကာ အပေါ်တက်၍ အနီးကပ်

+

ကြည့်ရှုရန် ကြိုးစားခဲ့ကြသည်။ လန်သည် သူတို့အားလုံးအား ခွင့်ပြုခဲ့သော်လည်း သူတို့သည် ယခုအချိန်၌ အတော်လေး သတိထား၍သာ စောင့်ကြည့်ခဲ့ကြသည်။

နောက်ဆုံးတွင် တပည့် အကြီးအကဲသည် အားလုံးတို့က ဤမယုံနိုင်ဖွယ် ဖြစ်စဉ်အား အနီးကပ် ကြည့်ရှုနိုင်ရန် အလှည့်ကျ စင်ပေါ်တက်နိုင်အောင် စီစဉ်ပေးခဲ့လေသည်။

ရိုလန်ကလည်း ခြွင်းချက်တစ်ခု မဟုတ်ခဲ့ပေ။

သူ၏ အလှည့်ကျလာသော အခါ သူသည် အပူအပင် မရှိဟန်ဖြင့် သလင်းကျောက် အနားတွင် နှစ်ခါ

+

လှည့်ကြည့်ခဲ့ပြီး နောက်တွင် သူ၏ရင်က
ရုတ်တရက် လေးလံသွားခဲ့လေသည်။

သူ့အတွင်းမှ ဂယက်ထနေသော အနီရောင်
အလင်းတန်းသည် အမတန်မှ ရင်းနှီး ကျွမ်းဝင်နေပုံ
ပေါက်နေခဲ့သည်။

သူသည် ထိုကဲ့သို့သော မြင်ကွင်းတစ်ခုအား
နတ်ဘုရားနယ်မြေ အတွင်း၌လည်း တစ်ခါက
မြင်ခဲ့ဖူးသည်။

သို့သော်လည်း ထိုနယ်မြေ အတွင်း၌ သူ့အပေါ်တွင်
လင်းလက်နေသော အနီရောင် အလင်းတန်းသည်
သွေးလဝန်းအား ကိုယ်စားပြုနေခြင်း ဖြစ်ပေသည်။

+

## စာစဉ် ၅၈ : အပိုင်း ၃

## အပိုင်း ၈၅၈ : ထပ်နေသော အမြေးပါး

"နင်က ရိုလန် မဟုတ်လား" ရိုလန်က တိုက်စားခြင်းကို ဆင်ခြင် သုံးသပ်နေချိန်တွင် လန်က ရုတ်တရက် မေးလိုက်သည်။

"အင်း... ဟုတ်တယ်" သူသည် အတွေးအတွင်းတွင် နစ်မျောနေရာမှ ဂါစီယာ၏ စကားများသည် သူ၏ စိတ်အတွင်းသို့ ပေါ်လာခဲ့သည်။ နေပါဦး၊ သူမကို စောင့်နေရအောင် ပြုလုပ်ခဲ့မိတဲ့ အတွက် သူမက ငါ့ကို ပြဿနာ ရှာချင်နေတာများလား။

+

"ဂါစီယာက နင့်အကြောင်း ပြောခဲ့တာကို ငါက အကြိမ်ပေါင်းများစွာ ကြားခဲ့ဖူးတယ်" သူမသည် ရိုလန်ဘက်သို့ မျက်နှာမူနေခြင်း မရှိသဖြင့် သူက သူမ၏ အမူအရာကို မမြင်နိုင်ပေ။

"မင်းက အလိုဆန္ဒနဲ့ ရည်မှန်းချက်တွေရဲ့ နှောင့်ယှက်ခံရခြင်း မရှိတဲ့ ရှားပါးပြီး သီးသန့်နေတတ်တဲ့ နိုးထလာသူ တစ်ယောက် ဖြစ်တယ်လို့ သူမက ပြောဖူးတယ်... သာမန်လူ တစ်ယောက်အတွက် ဒါဟာ အတော်လေး တွေ့ရခဲလှတဲ့ အတွက် မင်းက အဖွဲ့အစည်း အတွင်းကို ဝင်ဖို့ သဘောတူခဲ့တဲ့ အချိန်မှာ သူမက အတော်လေး ပျော်ရွှင်ခဲ့တယ်"

+

"အာ… ဟုတ်လို့လား" ရိုလန်က တွန့်ဆုတ်စွာဖြင့် ပြန်ပြောလိုက်သည်။

သီးသန့် နိုးထသူဟု သူမက ပြောခဲ့ခြင်းသည် အရိုင်း နိုးထသူဟု ဆိုလိုနေသည်မှာ သေချာနေသော်လည်း သူက အဖွဲ့အစည်း အတွင်းသို့ ဝင်ရန် သဘောတူခဲ့သော အချိန်တွင် ဂါစီယာက ဝမ်းမြောက်သွားသည်ဟု သူမက အဘယ်ကြောင့် ပြောခဲ့သနည်းဟု ရိုလန်က စဉ်းစားနေမိသည်။

သူမက သူ့အား လျှောက်လွှာဖြည့်ရန် ပုံစံအား ပေးခဲ့သော အခါ အမူအရာ ကင်းမဲ့နေခဲ့သည်ကို သူက ကောင်းစွာ မှတ်မိနေသေးသည်။

+

"အချိန် မမှန်တဲ့ သူတွေကို ငါက မုန်းတီးပေမဲ့ ဒါက လူအများစုရဲ့ တွေ့နေကျ ပြဿနာ ဖြစ်တယ်... ဘာပဲပြောပြော နင်က အချိန်ရဲ့ ပြောင်းလဲမှုကို ခံစားနိုင်ခြင်း မရှိတဲ့အတွက် ဒါက ခွင့်မလွှတ်နိုင်တဲ့ ပြစ်ချက်တစ်ခုတော့ မဟုတ်ပါဘူး"

တပည့် အကြီးအကဲက ဤစကားများကို ပြောခဲ့သော အချိန်တွင် ခံစားချက်များ ရေးရေးလေး ပေါ်လာသည်ဟု ရိုလန်က တစ်နည်းတစ်ဖုံအားဖြင့် ခံစားခဲ့ရလေသည်။

"ထူးခြားတဲ့ သူတွေနဲ့ ပတ်သတ်ပြီး မင်းသိသင့်တဲ့ အရာတစ်ခု ရှိတယ်... သူတို့က သာမန် မဟုတ်ပေမဲ့

+

အရေအတွက် အတော်များများတော့ ရှိသေးတယ်… တကယ်လို့ သူတို့က သူတို့ရဲ့ ထူးခြားတဲ့ အရာကို တန်ဖိုး မထားပဲ မကြိုးစားခဲ့ရင် အနေးနဲ့ အမြန် ကျရှုံးသွားကြမှာ ဖြစ်တယ်"

ငါက အဖွဲ့အစည်း အတွက် စိတ်ရောကိုယ်ပါ အလုပ်လုပ်ပေးပြီး တခြား အရိုင်း နိုးထလာသူတွေလိုမျိုး ပြဿနာ မရှာဖို့ သူမက သတိပေးနေတာလား။ ဤကဲ့သို့သော သြဝါဒမျိုးကို သူက အမှန်ပင် မနှစ်သက်သဖြင့် ရိုလန်က လျှို့ဝှက်စွာ မျက်မှောင်ကြုတ်လိုက်သည်။

သူသည် ယခင်က ဤကိစ္စနှင့် ပတ်သတ်ပြီး အမှုမထားခဲ့သော်လည်း မီးခိုးရောင် ရဲတိုက် ဘုရင်

+

ဖြစ်လာခဲ့ အပြီးတွင် သူ၏
စိတ်နေစိတ်ထားများကလည်း ပြောင်းသွားခဲ့သည်။

"ကြည့်ပြီးသွားရင် သွားလို့ရပြီ" လန်က
နောက်ဆုံးတွင် ပြန်လှည့်လာ၍ တည်ငြိမ်စွာ
ပြောလိုက်သည်။ "ငါနောက်ထပ် ပြောမယ့်
စကားတွေက မင်းကို ကူညီနိုင်တဲ့ အတွက်
အသေအချာ နားထောင်ထားပါ...
နောက်တစ်ယောက်..."

ရိုလန်က နှုတ်ခမ်းများကို တွန့်လိုက်ကာ ခဏတာ
စကားပြောခဲ့ခြင်းကို စိတ်အတွင်း၌ မထားခဲ့ပေ။

+

သူသည် စိတ်ရှုပ်ထွေးမှု တစ်ခု၏ လွှမ်းခြုံမှုကို ခံနေရသည်။

သိုင်းပညာရှင် အဖွဲ့အစည်းက တိုက်စားခြင်းကို အနိုင်ယူ၍ ကမ္ဘာကြီးအား ကယ်တင်နိုင်မလား ဆိုသည်ကို သူက သိပ်၍ ဂရုမစိုက်နေပေ။

သူ၏ ထိုင်ခုံသို့ ပြန်ရောက်လာသော်လည်း သူ၏ မျက်မှောင်များက ကြုတ်နေဆဲပင် ရှိသေးသည်။

နတ်ဒေဝါများက မည်သည့် အကြောင်းများကို စဉ်းစားနေသနည်း။

+

မြေအောက် လူမှု အဖွဲ့အစည်း၏ သုတေသန အချက်အလက်များ အရ သွေးလဝန်းသည် မှော်စွမ်းအားကို အသွင်ပြောင်းလဲသည့် အဓိက သော့ချက် ဖြစ်ပြီး အိမ်မက်ကမ္ဘာ တည်ရှိနေမှု၏ အခြေခံ အကြောင်းအရာလည်း ဖြစ်နေသည်။

တစ်နည်းတစ်ဖုံအားဖြင့် သွေးလဝန်းသည် ဤဖြစ်ရပ်များ အားလုံး၏ နောက်ကွယ်မှ ကြိုးကိုင်နေသည့်သူနှင့် တူနေခဲ့သည်။ အကယ်၍ တစ်စုံတစ်ယောက်သည် အိမ်မက်ကမ္ဘာအား ပေါင်းစည်းရန် ကြိုးစားနေခဲ့လျှင်ပင် သူတို့၏ မူလ အသွင်အပြင်ကို ဖော်ပြရန် မလိုသည် မဟုတ်ပါလော။

+

စုန်းမများသည် တကယ့်ကမ္ဘာ အတွင်းတွင် နေထိုင်နေသောကြောင့် သွေးလဝန်း၏ အစစ်အမှန် ပုံစံကို မြင်နိုင်ခဲ့ခြင်း ဖြစ်သော်လည်း ဤအိမ်မက်ကမ္ဘာသည် သူနှင့် ဇီးရိုးတို့၏ မှတ်ဉာဏ်များဖြင့် သက်သက်သာ တည်ဆောက်ထားသည့် နယ်မြေတစ်ခုပင် ဖြစ်နေသည်။

ဤအရာက နောက်ကွယ်မှ ကြိုးကိုင်နေသူသည် ဤကမ္ဘာအား လည်ပတ်စေသည့် အချက်ပြမှုများကို မြင်နိုင်သည်ဟု ဆိုလိုနေခြင်းပင် မဟုတ်ပါလော။

သို့မဟုတ် သူ၏ ဆင်ခြင် သုံးသပ်ခြင်းကပဲ မှားနေသလော၊ သို့မဟုတ် သူ့အား လမ်းမှားသို့

+

ညွှန်ပြနေသည့် သတင်း အချက်အလက် အချို့အား နားလည်မှု လွဲမှားနေခြင်း ဖြစ်နေသလော။

"ဒီလိုဆိုတော့ နင်က အခု ယုံပြီပေါ့" ဂါစီယာက သူ့အား စိုက်ကြည့်လိုက်သည်။ "ဒါက အပြင်မှာ တည်ရှိနေနိုင်တဲ့ အရာတစ်ခု သေချာပေါက် မဟုတ်နေဘူး"

"ငါကနင့်ကို တစ်ခါမှ သံသယ မဝင်ဖူးပါဘူး" ရိုလန်က သူ၏ခေါင်းကို ခါ၍ စိတ်ပျံ့လွင့်နေမှုများကို ထိန်းချုပ်ရန် ကြိုးစားလိုက်သည်။ "ဒါပေမဲ့ နင့်ရဲ့ဆရာက

+

နင်ပြောသလောက် ကြောက်စရာ
မကောင်းနေပါဘူး"

"ဆရာနဲ့ ပတ်သတ်ပြီး တစ်ခုခု မှားနေလို့လား"
သူမက အနည်းငယ် အံ့အားသင့်သွားသည်။

"သူမဟာ ငါက ဘယ်လောက်အထိ ထူးခြားတယ်
ဆိုတာနဲ့ အဖွဲ့အစည်းက ငါ့ကို ဘယ်လောက်အထိ
မျှော်လင့်ထားတယ် ဆိုတာကို အများကြီး
ပြောခဲ့တယ်" ရိုလန်က ထွေငေါ့သည့် ပုံစံဖြင့်
ပြောလိုက်သည်။

"ပြီးတော့... ငါက အဖွဲ့အစည်း အတွင်းကို ဝင်တာနဲ့
ပတ်သတ်ပြီး နင်က ဘယ်လောက်အထိ

+

ဝမ်းမြောက်နေခဲ့တယ် ဆိုတာကိုလည်း ပြောခဲ့သေးတယ်… အမှန်ပဲလား… ငါက တကယ်ကို ထင်မထားမိခဲ့ဘူး"

သူမသည် ယခင်မှ မင်းသမီး ဂါစီယာက မည်ကဲ့သို့ အမူအရာများကို ဖော်ပြခဲ့မည်ကို သိလိုစိတ်ဖြင့် သူမ၏ မျက်နှာအား လှမ်းကြည့်လိုက်သည်။ သူမက အရာအားလုံးကို လုံးဝ ငြင်းဆိုခဲ့မည်လား သို့မဟုတ် အလောတကြီးဖြင့် သူမကိုယ် သူမ ဖုံးကွယ်ရန် ကြိုးစားမည်လား။ သူမ ဘာပဲ ပြုလုပ်ပြုလုပ်ခဲ့ အမတန်မှ စိတ်ဝင်စားစရာ ကောင်းနေပေလိမ့်မည်။

သို့သော်လည်း သူမသည် "နင်က တကယ့်ကို အရူးတစ်ယောက်ပဲ" ဟူသော အကြည့်မျိုးဖြင့်

+

သူ့အား ကြည့်နေလိမ့်မည်ဟု သူက လုံးဝ မမျှော်လင့်ထားခဲ့ပေ။

"နင်က ဘာပြောနေတာလဲ" ဂါစီယာက သူ့အား မျက်စောင်းထိုးကြည့်၍ ပြောလိုက်သည်။ "နင်က စင်မြင့်ပေါ် ရောက်နေတုံးက ဆရာဟာ လုံးဝ စကားမပြောခဲ့ဘူး... ငါက မျက်စိ ကန်းနေတယ်လို့ နင်က ထင်နေတာလား"

ရိုလန်က မအောင့်နိုင်ပဲ မှင်သက်သွားမိလေသည်။

"ဒီအကွာအဝေးက သာမန်လူတွေ အတွက် ဝေးတယ်လို့ သတ်မှတ်လို့ ရနိုင်ပေမဲ့ ငါက သိုင်းပညာရှင် တစ်ယောက်ဖြစ်တယ်...

+

နင်စင်မြင့်ပေါ်မှာ ရပ်နေစဉ်က
နင့်မှတ်ဆိတ်မွေးတွေ ဘယ်နှစ်ပင် ရှိသလဲ
ဆိုတာကိုတောင် ငါက ကောင်းစွာ မြင်နိုင်ခဲ့တယ်…
ငါ့ကို လာလိမ်ဖို့ မကြိုးစားနေပါနဲ့… နင်က
အများကြီး လိုပါသေးတယ်" သူမက
အထင်သေးဟန် ပေါက်နေသော အမူအရာဖြင့်
ပြောလိုက်သည်။

ဘာမှ… မပြောခဲ့ဘူးလား။

သူက နောက်ထပ် မေးခွန်းများကို မေးရန်
ဟန်ပြင်လိုက်သော အခါ လန်က ဖန်သေတ္တာကို
ပြန်ပိတ်ခဲ့လိုက်ပြီး ဖြစ်သည်။ သူမသည်
လက်ခုပ်များကို တီးလိုက်ကာ သူတို့၏ အာရုံများကို

+

စင်မြင့်ပေါ်သို့ ဆွဲဆောင်လိုက်သည်။
ဤတစ်ခေါက်တွင်မူ ခန်းမအတွင်း၌ ဆူညံသံများ
သိပ်မရှိတော့ပေ။

"ငါတို့ ကမ္ဘာက ပြားနေခြင်း မရှိပဲ အမြွေးပါး
တစ်ခုသာ ဖြစ်တယ်... တချို့က နားလည်နိုင်ပေမဲ့
တချို့ကတော့ နားလည်နိုင်မှာ မဟုတ်ဘူး... ဒါပေမဲ့
ဒါက ကိစ္စ မရှိပါဘူး... ငါ့စကားကိုသာ
နားထောင်နေပါ" သူမက နောက်ပြန်လှည့်လိုက်ရာ
စခရင်က သူမ ပြောထားသည့် အရာများကို
ဖော်ပြပေးခဲ့သည်။

"အမြွေးပါးက မျဥ်းပြတ်လိုမျိုး အခုံးတစ်ခု ရှိနေပြီး
အချို့ နေရာတွေမှာ ဒီပြောင်းလဲမှုက ပိုပြီးမှ

+

သိသာနေတယ်… တကယ်လို့ ဒီကမ္ဘာ
အပြင်ဘက်မှာ နောက်ထပ် ကမ္ဘာတွေ ရှိနေခဲ့ရင်
ကမ္ဘာ နှစ်ခုရဲ့ ဆုံမှတ်တစ်ခု ရှိနေနိုင်ပြီး
အဲ့ဒီဆုံမှတ်က တိုက်စားခြင်းပဲ ဖြစ်တယ်"

"ဒါက ငါတို့ရဲ့ မှန်းဆချက် သက်သက်သာ ဖြစ်ပေမဲ့
ငါတို့ မြင်ခဲ့ရတဲ့ မြင်ကွင်းအတွက် တစ်ခုတည်းသော
ရှင်းပြချက်သာ ဖြစ်နေတယ်… တိုက်စားခြင်းကို
ရှာဖွေ တွေ့ရှိပြီးတာနဲ့ နိုင်ငံအားလုံးဟာ
သုတေသနတွေ ပြုလုပ်ခဲ့ကြပေမဲ့ ကံမကောင်းစွာနဲ့
ဟိုနေရာက ကမ္ဘာမှာ လုံးဝကို ကွဲပြား ခြားနားနေတဲ့
စည်းမျဥ်းတွေ ရှိနေတယ်"

+

"ငါတို့ရဲ့ ရှာဖွေတွေ့ရှိမှုတိုင်းဟာ ဗလာနတ္တိနဲ့ ဟင်းလင်းပြင်တို့သာ ဖြစ်နေပြီး ဒီနေရာက အရာတွေဟာ နယ်နိမိတ်ကို ကျော်သွားတာနဲ့ မတည်ငြိမ်တော့ဘူး... မင်းတို့ မြင်ခဲ့ရတဲ့ အတိုင်း သံချောင်းက အကောင်းဆုံး သက်သေတစ်ခု ဖြစ်တယ်"

"ဟုတ်လား... ဒီလိုဆိုရင် ဒါနဲ့ ကျဆင်းနတ်ဆိုးတွေက ဘယ်လို ဆက်စပ်နေတာလဲ"

"ဆက်သွယ်မှု ရှိတာပေါ့... ကျဆင်းနတ်ဆိုးတွေ ရရှိခဲ့တဲ့ စွမ်းအားဟာ နောက်ထပ် အမြေးပါး တစ်ခုထံကနေ လာခဲ့တာ ဖြစ်တယ်... ဒါကြောင့်မို့

+

သူတို့ဟာ ဒီကမ္ဘာက သာမန် လက်နက်တွေကို ကြောက်ရွံ့ခြင်း မရှိကြတာပဲ"

"ထပ်နေတဲ့ အမြွေးပါးဟာ ကမ္ဘာနှစ်ခုကို ယာယီ ဆက်သွယ်ပေးခဲ့ပြီး တခြား ကမ္ဘာ အပေါ်မှာတော့ ဘယ်လို အကျိုးသက်ရောက်မှု ရှိနေမလဲ ဆိုတာကိုတော့ ငါက မသိနေဘူး... ဒါပေမဲ့ ငါတို့ အတွက်ကတော့ ဒီစည်းမျဉ်းတွေက အလုပ်ဖြစ်နေသေးတယ်... မြင့်ရာကနေ နိမ့်ရာကို စီးဆင်းသွားတဲ့ စွမ်းအားတွေက မယုံနိုင်စရာ ဖြစ်စဥ်တွေကို ဆက်တိုက် ဖန်တီးပေးခဲ့တယ်"

လန်က သူမ၏ အသံကို မြှင့်ကာ ဆက်ပြောလိုက်သည်။ "အတိအကျ ပြောရရင်

+

ကျဆင်းနတ်ဆိုးတွေသာ မကပဲ နိုးထလာတဲ့
သူတိုင်းကလည်း ဒီစွမ်းအားနဲ့
ပတ်သတ်နေနိုင်တယ်"

"ခင်ဗျားက ဘာတွေ ပြောခဲ့တာလဲ"

"ကျုပ်ရဲ့ စွမ်းအားက ကျုပ်နဲ့ပဲ သက်ဆိုင်နေတယ်…
ဘာသောက် အမြေးပါး တစ်ခုနဲ့မှ ဆက်စပ်နေခြင်း
မရှိဘူး"

"သိုင်းပညာရှင် အဖွဲ့အစည်းက ငါတို့ဟာ
ကျဆင်းနတ်ဆိုးတွေနဲ့ အတူတူပဲလို့
ထင်နေတာလား"

+

ခန်းမ  တစ်ခုလုံးက ရုတ်ခြည်းပင်
ပွက်လောရိုက်သွားတော့သည်။

ဤအချိန်တွင် လန်သည် ရုတ်ရုတ်သဲသဲ
ဖြစ်သွားမှုကို ထိန်းသိမ်းရန် ဘာမှ မပြောခဲ့ပဲ
အားလုံးတို့က သူတို့ကိုယ် သူတို့ ငြိမ်သက်သွားသည့်
အချိန်အထိ စောင့်နေပြီးမှ ဆက်ပြောလိုက်သည်။
"ဒါပေမဲ့ ကွာခြားချက်တော့ ရှိတာပေါ့... ငါတို့က
ဒီစွမ်းအားကို ထိန်းချုပ်စွမ်း ရှိပြီး
ကျဆင်းနတ်ဆိုးတွေကတော့ မထိန်းချုပ်နိုင်ဘူး...
အထူးသဖြင့် သာမန် လက်နက်တွေကြောင့် ရရှိခဲ့တဲ့
ဒဏ်ရာတွေ အပေါ်မှာပဲ"

+

"အားလုံးတို့က နောက်ထပ် အချက်တစ်ချက်ကို စဉ်းစားမိသေးလား... သိုင်းပညာရှင်တွေဟာ သဘာဝ အင်အားကို လွတ်လပ်စွာ ထိန်းချုပ်နိုင်ပြီး သာမန် လက်နက်တွေကြောင့် ဒဏ်ရာ မရနိုင်ပေမဲ့ ဘာဖြစ်လို့ ကမ္ဘာ တစ်ခုလုံးကို ကြီးစိုး လွှမ်းမိုးနိုင်ခြင်း မရှိရတာလဲ"

"အင်း... ဒါက..." လူအုပ်ကြီးက စတင်၍ တီးတိုး ရေရွတ်ခဲ့ကြသည်။

"ဘာဖြစ်လို့လဲ ဆိုတော့ တိုက်စားခြင်းက ထာဝရ မတည်မြဲနိုင်လို့ပဲ" လန်က တိုက်ရိုက်တဲ့တိုးပင် ပြောလိုက်သည်။ "မျဉ်းခုံးတွေက ပြောင်းလဲသွားတာနဲ့ ထပ်နေတဲ့ အမြေးပါးဟာ

+

နောက်ထပ် တစ်ကြိမ် မပေါင်းဆုံခင်
ဖြည်းဖြည်းချင်း ကွဲကွာသွားလိမ့်မယ်...
ဒီစက်ဝန်းက တိုနိုင်သလို ရှည်လည်း ရှည်နိုင်တယ်"

"တိုတဲ့ စက်ဝန်းတစ်ခုဟာ တစ်ရက် ဖြစ်နိုင်ပြီး
ရှည်တဲ့ စက်ဝန်းကတော့ နှစ်သန်းပေါင်းများစွာ
ကြာသွားနိုင်တယ်... ငါတို့ဟာ တိုက်စားခြင်းကို
၂၀၀၀ ဘီစီမှာ ကြုံတွေ့ခဲ့ရပြီး အမြေးပါး ထပ်မှုဟာ
ရာစုနှစ် တစ်ခုတောင် မကြာခဲ့ဘူး... သူတို့
ကွဲကွာသွားတာနဲ့ သဘာဝ အင်အားဟာ
ဘာသဲလွန်စမှ မကျန်ပဲ လုံးဝ
ပျောက်ကွယ်သွားလိမ့်မယ်"

+

"ဒီလိုဆိုတော့ နိုးထလာတဲ့ သူတွေဟာ ကမ္ဘာ တစ်ခုလုံးကို ကြီးစိုး လွှမ်းမိုးနိုင်ခဲ့ရင်တောင် နှစ်နှစ်ထောင် ကြာသွားရင် ဒီအင်ပါယာက ပျောက်ကွယ်သွားလိမ့်မယ်"

"လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက ဖြစ်ပျက်ခဲ့တဲ့ အရာတွေကို ခင်ဗျားက ဘယ်လို သေချာသိနေတာလဲ" တစ်စုံတစ်ယောက်က သူမ၏ ရှင်းပြချက်ကို မေးခွန်းထုတ်လိုက်သော်လည်း သူ၏ သဘောထားက ရန်လိုနေခြင်း သိပ်မရှိတော့ပေ။

"ငါလည်း မသိဘူး" တပည့် အကြီးအကဲက ပွင့်လင်းစွာပင် ပြန်ဖြေလိုက်သည်။ "ဒါက ယူဆချက် တစ်ခု သက်သက်ပဲ... လွန်ခဲ့တဲ့

+

နှစ်ထောင်ကျော်က ဒီလိုမျိုး သိပ္ပံနည်းကျ လေ့လာမှတ်သားမှုတွေ မရှိကြဘူး... တကယ်လို့ မင်းက ဒါကို သက်သေပြချင်နေရင် နောက်ထပ် နှစ်နှစ်ထောင် ထပ်စောင့်ရလိမ့်မယ်"

"ဒါပေမဲ့ သမိုင်းဟာ အမြဲတမ်းပဲ အံ့အားသင့်ဖွယ်ကောင်းတဲ့ တိုက်ဆိုင်မှုတွေနဲ့ ပြည့်နေတယ် ဆိုတာကို မမေ့ပါနဲ့... ဒေသ အသီးသီးက အတ္ထုပ္ပတ္တိနဲ့ သမိုင်းစာအုပ်တွေကို နှိုင်းယှဉ်ကြည့်ရင် မော်ကွန်းဝင် သူ့ရဲကောင်းတွေဟာ အဲ့ဒီကာလမှာ မွေးဖွားခဲ့တယ် ဆိုတာကို မင်းတို့က တွေ့ရလိမ့်မယ်... ပြီးတာနဲ့ ဒဏ္ဍာရီ ယုံတမ်းစကားတွေ ပေါ်ပေါက်လာခဲ့တယ်"

+

"အဲ့ဒီ ယုံတမ်းစကားတွေဟာ ကမ္ဘာပျက်တဲ့နေ့နဲ့ ကယ်တင်တော်မူခြင်း အကြောင်းတို့နဲ့ ပတ်သတ်နေခဲ့တယ်... တိုက်စားခြင်းက ဒါတွေကို ဖြစ်ပေါ်စေခဲ့တယ်လို့ ငါတို့က ယူဆလို့ ရနိုင်သလား"

စင်မြင့်အောက်တွင် အနည်းငယ် ငြိမ်သက်သွား၍ ခဏကြာမှ တစ်စုံတစ်ယောက်က မေးလိုက်သည်။
"တကယ်လို့ ဒီမော်ကွန်းဝင် သူရဲကောင်းတွေက သဘာဝ အင်အားနဲ့ နိုးထလာတဲ့သူတွေ ဖြစ်ခဲ့ရင်တောင် ဒါက ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲ... ခင်ဗျား ပြောထားတဲ့ ပုံစံအရ တိုက်စားခြင်းဟာ သူ့ဘာသာသူ ရပ်တန့်သွားမှာ ဖြစ်ပြီး ခင်ဗျားတို့ အဖွဲ့အစည်းက တိုက်စားခြင်းတွေကို တိုက်ဖျက်နေရတဲ့ ရည်ရွယ်ချက်က ဘာကြောင့်လဲ"

+

"ငါတို့အပြင် ကျဆင်းနတ်ဆိုးတွေ ရှိသေးတယ် ဆိုတာကိုလည်း မမေ့ပါနဲ့" လန်က ငြိမ်သက်စွာ ပြန်ဖြေလိုက်သည်။ "ငါက အစကတည်းက ပြောထားခဲ့တယ်... မကောင်းဆိုးဝါး အင်အားဆိုတာ မရှိဘူး... ဒီအင်အားဟာ စည်းမျဉ်းတွေ အရသာ ပျံ့နှံ့နေတာ ဖြစ်တယ်... ဒါပေမဲ့ အကျိုးသက်ရောက်မှု ရရှိခဲ့တဲ့ သူတွေက မကောင်းတဲ့ ရည်ရွယ်ချက် မရှိဘူးလို့တော့ ဆိုလိုနေတာ မဟုတ်ဘူး"

"ငါတို့ဟာ အမြွေးပါး ထပ်ခြင်းရဲ့ အစမှာသာ ရှိသေးတဲ့ အတွက် ဒီလိုမျိုး လွတ်ပေါက်တွေက ဆက်လက် တိုးပွား ကျယ်ပြန့်လာဦးမှာ ဖြစ်ပြီး

+

ကျဆင်းနတ်ဆိုးတွေကလည်း အရေအတွက်
ပိုများလာလိမ့်မယ်... ပြီးတော့ တူညီတဲ့ အင်အားကို
အသုံးပြုနိုင်တဲ့ သိုင်းပညာရှင်တွေကသာ သူတို့ကို
အနိုင်ယူနိုင်စွမ်း ရှိတယ်"

"ဒါက အသန်မာဆုံးသူသာ အနိုင်ရနိုင်မယ့်
ပြိုင်ပွဲတစ်ခု ဖြစ်ပြီး တစ်ဘက်ကသာ
ရှင်သန်နိုင်လိမ့်မယ်... တကယ်လို့ ငါတို့က
ကျဆင်းနတ်ဆိုးတွေကို အနိုင်မယူနိုင်ရန်
နိုးထလာတဲ့သူတွေသာ မကပဲ လူသား မျိုးနွယ်စု
တစ်ခုလုံးက သူတို့ရဲ့ လုံးဝ ဖျက်ဆီးခြင်းကို
ခံရလိမ့်မယ်"

## စာစဥ် ၅၈ : အပိုင်း ၄

+

# အပိုင်း ၈၅၉ : စစ်မျက်နှာပြင် နှစ်ခု

"အရှင်မင်းမြတ်... အရှင်မင်းမြတ်" နိုက်တင်ဂေး၏ အသံသည် ရိုလန်အား တွေဝေ မိန်းမောနေရာမှ ပြန်လည် နိုးထလာစေခဲ့သည်။ "မြို့တော်ခန်းမ ဝန်ကြီးချုပ်က အရှင့်ရဲ့ ဖြေကြားမှုကို စောင့်မျှော်နေပါတယ်"

"အင်း... ငါက ဒီအကြောင်းကို သိပြီးသားပါ" ရိုလန်က သူ၏ မျက်တောင်များကို ခတ်ကာ အာရုံစိုက်ရန် ကြိုးစားလိုက်သည်။ သူသည် သူ၏ လက်အတွင်းမှ တင်ပြချက်ကို ဘားရော့အား ပေး၍

+

ပြောလိုက်သည်။ "မင်းပြောထားတဲ့ အတိုင်းပဲ ဆက်လုပ်လိုက်ပါ"

"မှန်လှပါ" ဘားရော့က ပြောလိုက်ကာ ရိုလန်အား ဦးညွှတ်ခဲ့အပြီးတွင် လေးနက်သော လေသံတစ်ခုဖြင့် ဆက်ပြောလိုက်သည်။ "ကျေးဇူးပြုပြီးမှ ကျန်းမာရေးကို ဂရုစိုက်ပါ... အရှင်မင်းမြတ်"

ဝန်ကြီးချုပ်က ရုံးခန်းအတွင်းမှ ထွက်သွားပြီးသော အခါ ရိုလန်က နိုက်တင်ဂေးအား မေးလိုက်သည်။ "ငါ့ရဲ့မျက်နှာက ဒီလောက်အထိ ကြည့်ရဆိုးနေတာလား"

+

"အင်း… အရှင့်ကို ကြည့်ရတာ အဆင်ပြေပါတယ်" နိုက်တင်ဂေးက အနည်းငယ် စဉ်းစားခဲ့အပြီးတွင် ပြောလိုက်သည်။ "ဒါပေမဲ့ အခုတလောမှာ အရှင်က စိတ်နဲ့လူနဲ့ မကပ် ဖြစ်နေခဲ့တယ်… ဒါဟာ အိမ်မက်ကမ္ဘာက တိုက်စားခြင်းနဲ့ သက်ဆိုင်နေသလား"

ရိုလန်က သူ၏ခေါင်းကို ခါလိုက်သည်။ "အိမ်မက်ကမ္ဘာက ပြောင်းလဲမှုတွေက ငါ့ကို တကယ်ပဲ အကျိုးသက်ရောက်မှု မရှိနိုင်ပါဘူး… ဒါပေမဲ့ ထူးခြားတဲ့ အချို့အရာတွေက ငါ့ကို စိတ်အနှောင့်အယှက် ပေးနေခဲ့တယ်… ဘာမှ စိုးရိမ်စရာတော့ မရှိပါဘူး"

+

"ဒီလိုဆိုရင်လည်း တော်သေးတာပေါ့"
နိုက်တင်ဂေးက နှုတ်ခမ်းများကို စူကာ
ပြောလိုက်သည်။

သူအိမ်မက်ကမ္ဘာ အတွင်းမှ ထွက်လာသည်မှာ
ယနေ့ဆိုလျှင် လေးရက်ရှိပြီ ဖြစ်သည်။
ဖယ်လ်ဒီသည် အဖွဲ့အစည်း၏ ဌာနချုပ်အား
အောင်မြင်စွာ ခြေရာခံနိုင်ခဲ့သော်လည်း လင်းက
အတွင်းသို့ ခိုးဝင်ရန် မအောင်မြင်ခဲ့ပေ။ သူမ၏
အဆိုအရ သူမသည် ထိုကဲ့သို့သော နေရာမျိုးကို
တစ်ခါမှ မတွေ့ဖူးပေ။

သူ့အား မြေအောက်တွင်
ဆောက်လုပ်ထားသော်လည်း သူမ အနေဖြင့်

+

ပုန်းအောင်းစရာ နေရာတစ်ခုမှ ရှာမတွေ့ခဲ့ပဲ တောက်ပနေသော အလင်းတန်းများက သူမ၏ ခေါင်းပေါ်တွင် ဖုံးလွှမ်းနေကာ သူမက မည်မျှအထိ စောင့်နေခဲ့စေကာမူ သူတို့က မေးမှိန် ပျောက်ကွယ်မသွားခဲ့ပေ။

ပြီးတာနှင့် လင်းသည် ရိုလန်အား သူမကို အပြစ်ပေးရန် တောင်းဆိုခဲ့သော်လည်း ရိုလန်က ငြင်းဆိုခဲ့ပေသည်။

နောက်ထပ် အစီအစဥ်များကိုမူ ချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ရိုလန်က ပို၍များသော တက်ကီလာ စုန်းမများအား သူ၏ အိမ်မက်ကမ္ဘာ အတွင်းသို့ ခေါ်ဆောင်နိုင်ခဲ့သည်။ သို့သော်လည်း

+

ဌာနချုပ်တွင် သူတွေ့ခဲ့ ကြားခဲ့ရသော အရာများက
သူ့အား ကြီးမားစွာ စိတ်အနှောင့်အယှက်
ပေးနိုင်ခဲ့သည်။

ဖြစ်စဥ် တစ်ခုလုံးသည် ရှင်းပြ၍ မရနိုင်သည့်
ထူးခြားသော အချက်များစွာဖြင့် ပြည့်နေပေသည်။

ပထမဆုံး တစ်ခုမှာ အမြှေးပါးဖြင့်
တည်ဆောက်ထားသော ကမ္ဘာပင် ဖြစ်သည်။

အိမ်မက်ကမ္ဘာသည် သူနှင့် ဇီးရိုးတို့၏
မှတ်ဉာဏ်များကို စုပေါင်း၍ လိုက်လျောညီထွေမှု
ရှိစေရန် သဘာဝ အင်အားဖြင့် ပြည့်နေသော
ခေတ်ပေါ် လူမှုအဖွဲ့အစည်း တစ်ခုအား

+

ကိုယ်စားပြုနေသည်ဟု သူက အမြဲတမ်း ယုံကြည်ထားခဲ့သည်။

အခြား စကားလုံးများဖြင့် ပြောရလျှင် ထိုနေရာတွင် မည်မျှအထိ ထူးခြားသော ဖြစ်စဥ်များ ရှိနေစေကာမူ စည်းမျဥ်းများ အားလုံးသည် ကိုယ့်ဘာသာကိုယ် လိုက်လျောညီထွေ ဖြစ်စေရန် ပြုပြင်ထားခြင်း ဖြစ်သည်။ စည်းမျဥ်း အများစုသည် သူ၏ အသိစိတ် အတွင်းမှ လာခဲ့ခြင်း ဖြစ်၍ သူက နားလည်ကာ လက်ခံနိုင်ခဲ့သည်။

သို့သော်လည်း တပည့် အကြီးအကဲ လန်၏ ပြောပြခဲ့သော စကားများသည် သူ၏ ဗဟုသုတ

+

နယ်ပယ်များ အတွင်းမှ လုံးဝကို
ကျော်လွန်သွားခဲ့သည်။

အမြေးပါးနှင့် ပတ်သတ်၍ ရိုလန်
နားလည်ထားသည့် အရာမှာ သူသည် စူပါစထရင်း
သီအိုရီမှ ဆင်းသက်လာခြင်း ဖြစ်သည်။
အနည်းဆုံးတော့ နာမည်ကြီး စာအုပ်
တစ်အုပ်နှစ်အုပ်ခန့် သူဖတ်ဖူးခဲ့သည့် ကွမ်တန်
မက္ကာနိုးနစ်နှင့် မတူပဲ ထိုသီအိုရီ နှစ်ခုစလုံးသည်
အတော်လေးကို သိမ်မွေ့ နက်နဲလွန်းသဖြင့် သူသည်
သူတို့အား အသေးစိတ် ဖတ်ရှု လေ့လာထားခြင်း
မရှိပေ။

+

သို့ဖြစ်၍ အိမ်မက်ကမ္ဘာ အတွင်းတွင် အဖုံးသာ ရှိ၍ အတွင်းတွင် စာများ မရှိသော စာအုပ်များကဲ့သို့ ဤသီအိုရီများသည် ဤကမ္ဘာ အတွင်းတွင် မမြင်နေနိုင်သင့်ပေ။

သို့သော်လည်း လန်၏ ရှင်းပြချက်နှင့် စခရင်ပေါ်တွင် ဖော်ပြထားသော ဖော်မြူလာများသည် အကျိုးအကြောင်း ဆီလျှော်နေသည့်ပုံ ပေါက်နေပြီး ထိုအကြိမ်သည် သူ့အနေဖြင့် အိမ်မက်ကမ္ဘာ အတွင်းတွင် သူနားမလည်သော အရာတစ်ခုကို ပထမဆုံး အကြိမ်အဖြစ် မြင်ခဲ့ရခြင်း ဖြစ်သည်။ ရူပဗေဒမှ ယုတ္တိမတန်၍ နားမလည်နိုင်သော မဟာ ပေါင်းစည်းခြင်း သီအိုရီကို နားထောင်ခဲ့ရသော

+

အထက်တန်း ကျောင်းသား တစ်ယောက်ကဲ့သို့ပင် ဖြစ်နေခဲ့သည်။

ထိုအရာက ယနေ့ အိမ်မက်ကမ္ဘာသည် သူပထမဆုံး ရောက်ရှိခဲ့သော အချိန်မှ ကမ္ဘာနှင့် လုံးဝကို ကွဲပြား ခြားနားနေသည်ဟု သူ့အား ပို၍ ယုံကြည်လာစေခဲ့သည်။

သူမမြင်နိုင်သော နေရာတွင် တစ်စုံတစ်ခုက အကြီးအကျယ် ရှင်သန် ကြီးထွားလာနေသကဲ့သို့ပင် ဖြစ်သည်။

နောက်ထပ် ထူးခြားသော အရာတစ်ခုမှာ တပည့် အကြီးအကဲ ကိုယ်တိုင်ပင် ဖြစ်သည်။

+

ဂါစီယာက သူ့အား သတိပေးခဲ့အပြီးတွင် သိုင်းပညာရှင်များ၏ အမြင်၊ အကြားနှင့် တုံ့ပြန်မှုများသည် သာမန်လူများထက် များစွာပို၍ သာလွန်ကြောင်း သူက ပြန်လည် စဉ်းစားမိခဲ့သည်။ အကယ်၍ လန်က သူ့အား စင်မြင့်ပေါ်တွင် စကားပြောခဲ့ပါက ကာကွယ်သူများ မပြောနှင့် ခန်းမအတွင်းရှိ ရှေ့ဆုံးတန်းမှ လူသစ်များကပင် တစ်စုံတစ်ခုကို ကြားနိုင်လောက်သည်။

လန်က သူ့အား တီးတိုး ပြောနေခြင်းနှင့်သာ မတူနေသော်လည်း အံ့အားသင့်ဖွယ် ကောင်းလှစွာ ထိုအချိန်က တစ်ယောက်ကမှ သူတို့အပေါ် အာရုံစိုက်လာခဲ့ခြင်း မရှိခဲ့ပေ။ သူက နောက်ပိုင်းမှ

+

ပြန်လည် စဥ်းစားခဲ့သော အချိန်တွင် တပည့်
အကြီးအကဲ၏ အထူး အရေးပေးခြင်း ခံရသော
လူသစ် တစ်ယောက်အား အများက အာရုံစိုက်ခြင်း
မရှိခဲ့သည်မှာ ပုံမှန်မဟုတ်ဟု တွေ့ခဲ့ရသည်။

လန်သူ့အား ပြောခဲ့သော အရာများကလည်း သူ့အား
ပဟေဠိ ဖြစ်နေစေခဲ့သည်။

"ငါနောက်ထပ် ပြောမယ့် စကားတွေက မင်းကို
ကူညီနိုင်တဲ့ အတွက် အသေအချာ
နားထောင်ထားပါ"

တိုက်စားခြင်း၏ မူလရင်းမြစ်နှင့် ပတ်သတ်သော
ဗဟုသုတများ၊ သိုင်းပညာရှင်များနှင့်

+

ကျဆင်းနတ်ဆိုးတို့ အကြားမှ ဆက်စပ်မှုတို့က သူ့အား မည်ကဲ့သို့ ကူညီနိုင်မည်နည်း။ သူက အဖွဲ့အစည်း အတွင်းသို့ စိတ်ပါလက်ပါ ဝင်ရောက်၍ ကမ္ဘာကြီး၏ ကယ်တင်ရှင် ဖြစ်လာခဲ့လျှင်ပင် ဤအကြောင်းများကို သိထားခြင်းသည် သူ့အတွက် အရေးမကြီးနိုင်သေးသည် မဟုတ်ပါလော။

ထူးခြားသော ဤလက္ခဏာများသည် ရိုလန်အား အိမ်မက်ကမ္ဘာ အတွင်းသို့ ဝင်ရောက်ရန် တွန်းဆုတ်စေခဲ့သည်။ နတ်ဘုရား စီရင်ခြင်း စုန်းမများ အားလုံးက သူတို့ကိုယ် သူတို့ ပျော်ပါးရန် အိမ်မက်ကမ္ဘာ အတွင်းသို့ တစ်ခေါက်စီ ဝင်သွားခဲ့အပြီးတွင် သူက အိမ်မက်ကမ္ဘာနှင့် ဆက်သွယ်မှုအား ယာယီ ဖြတ်တောက်ခဲ့ရန် ဆုံးဖြတ်ထားခဲ့သည်။

+

နတ်ဘုရားဆန္ဒ စစ်ပွဲက နီးကပ်လာချိန်တွင် သတိတကြီးဖြင့် ဆောင်ရွက်လျှင် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

"အရှင်မင်းမြတ်" နိုက်တင်ဂေး၏ အသံက ထပ်ဖန်တစ်ခါ ပေါ်လာခဲ့ကာ ဤအကြိမ်တွင် အနည်းငယ် စိုးရိမ်တကြီး ဖြစ်နေသည့်ပုံ ပေါက်နေခဲ့သည်။ "အရှင်က စိတ်နဲ့လူနဲ့ မကပ်သလို ဖြစ်နေပြန်ပြီ"

"အဟမ်း... ငါက ဘာမှ မဖြစ်ပါဘူး" ရိုလန်က သူ၏ခေါင်းကို ခါ၍ စိတ်ပျံ့လွင့်မှုများကို အနောက်တွင် ချန်ထားခဲ့သည်။ "အခုတလောမှာ

+

ငါစဉ်းစားစရာတွေ များနေလို့ နည်းနည်း
အိပ်ချင်နေရုံ သက်သက်ပါပဲ"

"ဒါပေမဲ့ အရှင်က တစ်စုံတစ်ခုကို
ဖုံးကွယ်ထားတယ်လို့ ကျွန်မက ဘာဖြစ်လို့
ခံစားနေရတာလဲ" နိုက်တင်ဂေးက စားပွဲပေါ်တွင်
ထိုင်၍ သူမ၏ ခြေထောက်များကို ချိတ်၍
ပြောလိုက်သည်။ "မဟုတ်မှလွဲရော အိမ်မက်ကမ္ဘာ
ထဲမှာ အရှင်နဲ့ ဟိုစုန်းမတွေ..."

"မဖြစ်နိုင်ဘူး" သူက ရုတ်တရက်ပင်
အံ့အားသင့်လွန်း၍ နှုတ်ဆိတ်သွားခဲ့သည်။ "ငါက
သူတို့ကို အရသာမျိုးစုံ ခံနိုင်ဖို့ အတွက်သာ
ခေါ်သွားခဲ့တာ"

+

"အင်း... ဒါကတော့ မှန်တယ်" နိုက်တင်ဂေးက မျက်တောင်ခတ်လိုက်ကာ ကောက်ကျစ်သော အပြုံးတစ်ခုဖြင့် ပြုံးလိုက်သည်။ "ကျွန်မ မဝင်နိုင်တဲ့ ကမ္ဘာအတွက် ကျွန်မက စိတ်ပူနေခဲ့တာ... ကျွန်မက အရှင့်ကို တစ်ချိန်လုံး အကာအကွယ် မပေးနိုင်ပဲ သူတို့က ရုတ်တရက် ပြဿနာ ရှာခဲ့ရင် ဒုက္ခ ရောက်သွားနိုင်တယ်"

"ဘာပဲပြောပြော သူတို့က ဘာအာရုံမှ မခံစားရပဲ နှစ်ရာပေါင်းများစွာ နေခဲ့ရအပြီး အခုအချိန်မှာ အာရုံတွေကို ပြန်ရလာတော့ အတိတ်က ခံစားချက်တွေကို ပြန်လည် နိုးဆွနိုင်ခဲ့မှာပဲ... ပြီးတော့ အမျိုးသမီး နှစ်ဆယ်ကျော်တောင်

+

ရှိနေတော့ တကယ်လို့ သူတို့အားလုံးက အရှင့်ထံ တစ်ပြိုင်နက်တည်း လာခဲ့ကြရင် အရှင်က ဘယ်လို စီမံ ခန့်ခွဲနိုင်မှာလဲ"

"မင်းက ပိုပြီးမှ ရယ်စရာ ကောင်းလာပြီ" ရိုလန်က သူမအား စူးစူးဝါးဝါး စိုက်ကြည့်လိုက်ပြီး ပြောလိုက်သည်။ "မင်းက ဒီအကြံတွေကို ဘယ်ကနေ ရလာတာလဲ... မင်းရဲ့ စွမ်းအားတွေကို စာပေ သင်ယူမှုမှာ နည်းနည်းလေး ပိုအသုံးချလို့ မရဘူးလား"

နိုက်တင်ဂေးက သူမ၏ ပါးစပ်ကို အုပ်ထားရင်း ပြောလိုက်သည်။ "ကျွန်မက စနေရုံ သက်သက်ပါ"

+

"တကယ်လို့ ငါ့မှာ မင်းရဲ့ စွမ်းရည်မျိုး ရှိနေရင် မင်းလိမ်နေတယ် ဆိုပြီးမှ အကျယ်ကြီး သတိပေးနေခဲ့မှာပဲ" ရိုလန်က နှာမှုတ်လိုက်ရင်း ပြောလိုက်သည်။ "အစကတည်းက မင်းဟာ ဒီအကြောင်းကို မေးချင်နေတာ... မဟုတ်လား"

"အဟမ်း... ကျွန်မ ဝန်ခံပါတယ်... ဒါပေမဲ့ ဒါက ကျွန်မ တစ်ယောက်တည်းရဲ့ အကြံ မဟုတ်ပါဘူး" နိုက်တင်ဂေးက လျှာကိုထုတ်ကာ ပြောလိုက်သည်။ "ကျွန်မကို ဒီမေးခွန်းမေးဖို့ တစ်စုံတစ်ယောက်က မြှောက်ပေးခဲ့သေးတယ်"

"တခြား တစ်ယောက်ကလည်း မေးချင်နေတယ်... ဟုတ်လား" ထိုသူက မည်သူဖြစ်သည်ကို ရိုလန်က

+

မေးချိန်ပင် မရှိခဲ့ပဲ ရုံးခန်းတံခါးမှ တံခါးခေါက်သံ ပေါ်လာလေသည်။

သို့ဖြစ်၍ သူ၏ မေးခွန်းကို ယာယီ မျိုသိပ်ထားပြီးမှ ပြောလိုက်သည်။ "ဝင်လာပါ"

တံခါး ပွင့်သွားပြီးနောက် အရပ်ရှည်ရှည်နှင့် လူတစ်ယောက်က လျင်မြန်စွာ ဝင်လာခဲ့ကာ သူ၏ ခြေထောက်များကို သေသပ်စွာ စေ့၍ သူ၏ လက်များကို မြှောက်ပြီး ရိုလန်အား အလေးပြုလိုက်သည်။ "အရှင်မင်းမြတ်… သံပုဆိန်က လာရောက် တင်ပြပါတယ်"

+

ကြည်လင်သောရေ ဆိပ်ကမ်းမှ
ဆောင်းမဲ့မြို့တော်သို့ ခရီး လေးငါးရက်ခန့် လာရပြီး
သဘော်ဖြင့်လာလျှင် ပို၍ ပင်ပန်းပေသည်။
သို့သော်လည်း တိုင်းတပါးသား အရာရှိ၏
မျက်နှာပေါ်တွင် ပင်ပန်း နွမ်းနယ်နေသည့်
အရိပ်အယောင် တစ်ခုမှ မတွေ့ပဲ သူ၏
မျက်လုံးများတွင် စစ်တိုက်ရန် စိတ်အား
ထက်သန်မှုများဖြင့် ပြည့်နေခဲ့သည်။

"ကောင်းပြီ" ရိုလန်က သူ့အား
ခေါင်းညိတ်ပြလိုက်သည်။ "မင်းက
ဆောင်းမဲ့မြို့တော်ရဲ့ တိုက်ခိုက်မှု အစီအစဥ်တွေ
အကြောင်းကို သိပြီးသားလို့ ငါထင်နေတယ်"

+

"ဘရိုင်ယန် ပြောခဲ့တာကို ကျွန်တော် ကြားခဲ့ပြီးပါပြီ" သံပုဆိန်က ပြောလိုက်သည်။ "ပထမ တပ်ဖွဲ့က အရှေ့ပိုင်းနဲ့ အနောက်ပိုင်း လမ်းနှစ်လမ်း ခွဲသွားကာ မီးခိုးရောင် ရဲတိုက်ကို အရင် သိမ်းပိုက်ပြီးမှ နယ်စပ်ကို ဖြတ်ပြီး အရူဏ်ဦး နိုင်ငံရဲ့ တောက်ပမြို့တော်ကို တိုက်ခိုက်ရမယ်"

"ဒါပေမဲ့ ကျွန်တော် နားမလည်နိုင်တာက အရှင်ဟာ ဘရိုင်ယန်ကို ကြည်လင်သောရေ ဆိပ်ကမ်းက ကျွန်တော့်တာဝန်ကို ယူခိုင်းပြီး အက်ခိုး မိန်းကလေးကို ကာကွယ်ခိုင်းခဲ့ရင် အရှေ့ပိုင်း စစ်မျက်နှာကို ဘယ်သူက ဦးဆောင်မှာလဲ"

+

ကြည့်ရသည်မှာ တာဝန်ကို မခွဲဝေရသေးခင်၌ပင် သံပုဆိန်သည် အနောက်ဘက်သို့ စစ်ချီရန် တာဝန်အား သူ့ပခုံးအပေါ်တွင် တင်ထားခဲ့ပြီး ဖြစ်သဖြင့် ရိုလန်က မအောင့်နိုင်ပဲ ပြုံးလိုက်မိသည်။

"ဘရိုင်ယန်က အတွေ့အကြုံ လိုအပ်နေသေးပြီး မြို့စောင့်တပ်ကို ဦးဆောင်ဖို့က ပြဿနာ မဟုတ်ပေမဲ့ တကယ်လို့ စစ်တပ် တစ်ခုလုံးကို ဦးဆောင်ရရင် မတော်တဆမှုတွေ ဖြစ်လာနိုင်တယ်... ဒါကြောင့်မို့ အရှေ့ပိုင်း စစ်မျက်နှာက မင်းရဲ့တာဝန် ဖြစ်လာပြီ"

+

သံပုဆိန်က အနည်းငယ် မှင်သက်သွားပြီးမှ ပြန်ပြောလိုက်သည်။ "ဒီလိုဆိုရင် အနောက်ပိုင်း စစ်မျက်နှာကို..."

"ငါကိုယ်တိုင် ဦးဆောင်သွားမယ်" ရှိလန်က ဖြည်းညင်းစွာ ပြောလိုက်လေသည်။

## စာစဥ် ၅၈ : အပိုင်း ၅

## အပိုင်း ၈၆၀ : သက်ဆိုင်ရာ ခရီးလမ်းများ

ထောက်ပံ့ ပို့ဆောင်မှု နောက်ဆုံး တင်ပြချက်က သူ့လက်အတွင်းသို့ ရောက်ရှိလာအပြီးတွင်

+

မြို့တော်ခန်းမ ဝန်ကြီးချုပ်သည့် သက်ပြင်းရှည်ကြီး တစ်ချက်ကို မှုတ်ထုတ်လိုက်ပြီးမှ သူ့လက်အောက်ငယ်သားထံသို့ လက်ဝှေ့ယမ်းပြလိုက်သည်။ "မင်းသွားနိုင်ပြီ"

"မှန်လှပါ... သခင်"

ထိုသူက ရိုသေစွာဖြင့် ဦးညွှတ်လိုက်ပြီး ပြန်ထွက်သွားသော အခါ ရုံးခန်းတံခါးကို ပြန်ပိတ်ပေးခဲ့သည်။

အခန်း အတွင်းတွင် ယခုအချိန်၌ ဘားရော့ တစ်ယောက်သာ ကျန်နေပေတော့သည်။

+

သူသည် အံဆွဲကို ဖွင့်၍ အတွင်းမှ
ဖောင်ဆယ်စောင်ကျော်တို့အား ထုတ်ယူလိုက်ပြီးမှ
စားပွဲပေါ်သို့ တင်လိုက်ကာ နောက်ဆုံးဖောင်အား
အပေါ်ဆုံး၌ သေသပ်စွာ ထပ်လိုက်လေသည်။

နောက်ဆုံး လုပ်ဆောင်နိုင်ခဲ့သည့် ရလဒ်များကြောင့်
အရှင်မင်းမြတ် စစ်ထွက်မည့် ခရီးအတွက်
လိုအပ်သော ထောက်ပံ့ရေး ပစ္စည်းများကို
ယခုအချိန်၌ အပြည့်အဝ ပြင်ဆင်ပြီးသွားခဲ့လေပြီ။

ဘားရော့သည် ကောင်မလေး တစ်ယောက်၏ နူးညံ့
ချောမွတ်သော အသားအရည်ကို
ပွတ်သပ်နေရသကဲ့သို့ စာရွက်အား ညင်သာစွာ
ပွတ်သပ်နေခဲ့သည်။ နံပါတ် အစီအတန်းများသည်

+

သာမန်လူများ အတွက် ရှုပ်ထွေးသော စကားဝှက် တစ်ခုနှင့် တူနေခဲ့သော်လည်း သူ၏ မျက်လုံးများ အတွင်းတွင် အလွန် ကောင်းမွန်သော သီချင်းသကော်တများနှင့် တူနေခဲ့သည်။

အလွန်ကြီးမားသော ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများကို ပြီးမြောက်ရန် ဆောင်းမဲ့မြို့တော် အနေဖြင့် တစ်ပတ်ခွဲသာ အချိန်ယူခဲ့ရလေသည်။ စားနပ်ရိက္ခာ ဖြစ်စေ ရွေပြားများ ဖြစ်စေ သူတို့သည် ယခင် စစ်ချီခဲ့စဉ်ကထက် များစွာပိုသာ နေခဲ့သည်။

တင်ပြချက်များနှင့် အချက်အလက် ဇယားများမှ တဆင့် သူသည် ကုန်းတွင်းမြစ်များမှ မြောက်ပိုင်းဒေသသို့ ဂျုံများကို

+

သယ်ဆောင်သွားနေသော လှေများကို
မြင်နိုင်ခဲ့သည်။ ပြီးတာနှင့် သူသည် ရွှေပြားများ
အချင်းချင်း ထိခတ်ခြင်းမှ ထွက်ပေါ်လာသည့်
သာယာ နာပျော်ဖွယ်ရာ တေးသံတစ်ခုကိုလည်း
ကြားနိုင်ခဲ့သည်။

သူသည် စိတ်သွားတိုင်း ကိုယ်ပါနေသော
ဤခံစားချက်ကို ထိန်းချုပ်ရန်
မတတ်စွမ်းနိုင်တော့ချေ။

အကယ်၍ သူသည် ဤသံစဥ်အား နာမည်ပေးရမည်
ဆိုလျှင် "စွမ်းအား" ဟူသော နာမည်သည်
အသင့်တော်ဆုံးသော နာမည် ဖြစ်ပေလိမ့်မည်။

+

ယခုအချိန်တွင် စွမ်းအားသည် သူ့လက်အတွင်းတွင် ရှိနေ၍ သူနှစ်သက်သလို ကစား၍ ရနေနိုင်သည်။

သုံးနှစ်တာ အတွင်း၌ပင် ဆောင်းမဲ့မြို့တော်၏ အစွမ်းသည် စစ်စွမ်းအား သက်သက်သာ မဟုတ်ပဲ အခြား ကဏ္ဍ အသီးသီးများ၌လည်း မယုံနိုင်စရာ အဆင့်တစ်ခုသို့ ရောက်သွားခဲ့သည်။ သူသည် ဘုရင့်မြို့တော်ဟောင်းတွင် ငွေတိုက်စိုး၏ လက်ထောက် ဖြစ်ခဲ့စဉ်က မီးခိုးရောင် ရဲတိုက်၏ ဘဏ္ဍာရေး အခြေအနေ အကြောင်းကို ကောင်းစွာ သိထားခဲ့သည်။ ထိုအကြောင်းကြောင့်ပင် ရိုလန် ဝင်ဘယ်ဒန်က မည်မျှအထိ အံ့ဖွယ် ကောင်းနေသည်ကို သူက သဘောပေါက်ခဲ့ခြင်း ဖြစ်သည်။

+

ယခုအချိန်၌ ဆောင်းမဲ့မြို့တော်၏
အရင်းအမြစ်များသည် မီးခိုးရောင် ရဲတိုက်ရှိ
အခြားမြို့များ အားလုံး စုပေါင်းထားသည်နှင့်ပင်
ယှဉ်နေနိုင်လောက်ပေပြီ။

ကံမကောင်းစွာနှင့် ဤပျော်ရွှင်မှုများကို မည်သူကမှ
သူနှင့်အတူ ယှဉ်တွဲဝေမျှ ခံစားနိုင်ခြင်း မရှိခဲ့ပေ။

ဘားရော့သည် သူ၏ တစ်ဖက်မျက်မှန်ကို
ချွတ်လိုက်ပြီးမှ သူ့အရှေ့ရှိ စားပွဲအလွတ်ပေါ်သို့
လှမ်းကြည့်လိုက်သည်။

+

ဤကိန်းဂဏန်းများကို နားလည်၍ သူ့မှတဆင့် ရရှိနိုင်သော ပျော်ရွှင်မှုများကို ခံစားနိုင်သောသူသည် တစ်ယောက်သာ ရှိနေနိုင်ပြီး ထိုသူမှာ မြောက်ပိုင်းဒေသမှ ပုလဲပင် ဖြစ်သည်။ တစ်ခါတစ်ရံတွင် သူမသည် သူကဲ့သို့သော လူစားမျိုး ဖြစ်သည်ဟု သူက ခံစားမိခဲ့သည်။

သို့သော်လည်း ဤနောင်တက လျင်မြန်စွာပင် ပျောက်ကွယ်သွားခဲ့သည်။ ကိုယ်တစ်ယောက်တည်း ပိုင်ဆိုင်နိုင်သော စွမ်းအားကို ရရှိခြင်းနှင့် စာလျှင် ကျန်သော အရာများက ဘာမှ အရေးမပါလှပေ။

သူသည် ထရပ်လိုက်ကာ ပြတင်းပေါက်ထံသို့ လျှောက်သွားလိုက်သည်။ ပြီးတာနှင့် သူ့ရင်ဘတ်

+

အိတ်ကပ်အတွင်းမှ ထူးခြားသော ပုံစံရှိသည့် ဒင်္ဂါးပြား တစ်ခုကို ထုတ်ယူလိုက်ကာ သူ့လက်ဝါးပေါ်တွင် တင်ထားလိုက်သည်။ ဒင်္ဂါး၏ မျက်နှာပြင် ပေါ်တွင် ခတ်နှိပ်ထားသည်မှာ တောင်တစ်တောင် ဖြစ်နေပြီး နွေဦးနှောင်းပိုင်း နေ၏ အလင်းရောင်နှင့် အတူ တောက်ပနေလေသည်။

ထိုအရာသည် စုန်းမ မဟာမိတ် အဖွဲ့အစည်း၏ အမှတ်တံဆိပ်ပင် ဖြစ်သည်။ သူသည် ထိုဒင်္ဂါးပြားအား အနောက်ပိုင်း ဒေသ၏ တောအုပ်အတွင်းတွင်လွှန်ခဲ့သော သုံးနှစ်ခန့်က တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

+

သူသည် ထိုအရာကို လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့ပြီး အစမူလက ဘုရားကျောင်းက အနောက်ပိုင်း ဒေသသို့ တိုက်ခိုက်လာသော အခါ သူ၏ လုံခြုံမှုအတွက် သခင်သည် စုန်းမများနှင့် ပူးပေါင်း ဆောင်ရွက်နေသည်ဟု သက်သေပြနိုင်ရန် ရည်ရွယ်ထားခဲ့သည်။ သို့သော်လည်း ယခုအချိန်တွင် ဤအမှတ်တံဆိပ်သည် သူ၏ ကံကောင်းစေသော အဆောင်လက်ဖွဲ့ တစ်ခု ဖြစ်လာခဲ့သည်။

စုန်းမများကို ကာကွယ်ပေးနေသော အရှင်မင်းမြတ်က မကောင်းဆိုးဝါး ဖြစ်နိုင်သလော။ လုံးဝ မဟုတ်ပေ။ မကောင်းဆိုးဝါးများသည် အရှင်မင်းမြတ်၏ အနိုင်ယူခြင်း ခံခဲ့ရသော သူများသာ ဖြစ်ကြသည်။

+

သူတို့သည် စွမ်းအား မရှိသော်လည်း မာန
ထောင်လွှား၍ မောက်မာစွာ ဆက်ဆံရဲခဲ့သည်။
ဤအရာသည် အကြီးမားဆုံးသော ရာဇဝတ်မှု
ဖြစ်၍ မြေရိုင်းဒေသမှ မိစ္ဆာများကပင် သူတို့လောက်
မဆိုးရွားနေပေ။

ကံကောင်းစွာနှင့် ဤအခြေအနေက
သိပ်ကြာကြာခံတော့မည် မဟုတ်ချေ။

အရဏ်ဦး နိုင်ငံသို့ တိုက်ခိုက်မည့် အရှင်မင်းမြတ်၏
အစီအစဥ်သည် အနည်းငယ်
နှောင့်နှေးသွားခဲ့သော်လည်း သူသည် ဆယ်စုနှစ်

+

နှစ်ခုတာ စောင့်မျှော်ခဲ့ပြီး ဖြစ်နေသဖြင့် နောက်ထပ် တစ်နှစ် ထပ်စောင့်ရလည်း ပြဿနာ မရှိပေ။

မီးခိုးရောင် ရဲတိုက်သည် ပို၍ စွမ်းဆောင်နိုင်သော သူတစ်ယောက်၏ လက်အောက်သို့ ကျရောက်နေသင့်ပေသည်။

အရှင်မင်းမြတ်က တိုင်းပြည် တစ်ခုလုံးအား တညီတညွတ်တည်း ဖြစ်အောင် ပြုလုပ်ပြီး ဘုရင်အဖြစ် တရားဝင် ဘိသိက်သွန်းပြီးသည်နှင့် သူကိုယ်တိုင်ကလည်း စွမ်းအား အထွတ်အထိပ် နေရာသို့ တက်ရောက်နိုင်တော့မည်ဟု ဘားရော့က သိနေခဲ့လေသည်။

+

သူသည် မုတ်ဆိတ်မွေးများကို ပွတ်သပ်နေရင်း မအောင့်နိုင်ပဲ ရယ်မိလေသည်။

*********

"ဒီကနေ့ စမ်းသပ်ချက်ကို ဒီမှာပဲ ရပ်မယ်… မင်းတို့ရဲ့ အထုပ်အပိုးတွေကို ပြင်ဆင်ထားပြီးပြီလား" အက်ဂါသာက စမ်းသပ်မှု ရလဒ်များကို စီစဥ်နေရင်း မေးလိုက်သည်။ "မနက်ဖြန်ကျရင် ထွက်ခွာရမှာ ဖြစ်တော့ ဘာကိုမှ မမေ့ကျန်ခဲ့ပါစေနဲ့"

"ကျွန်မမှာ အဝတ်အစားတွေ သိပ်မရှိတော့ ဘာပစ္စည်းမှ သယ်စရာ မလိုပါဘူး"

+

အစ္စဘယ်လာက သူမ၏ ခေါင်းကိုခါ၍ တည်ငြိမ်စွာ ပြန်ပြောလိုက်သည်။ ဆောင်းမဲ့မြို့တော်တွင် နေထိုင်ရခြင်းသည် သူမ မုန်းဆထားသည်ထက် များစွာပို၍ ရိုးရှင်းလှပေသည်။

နတ်ဘုရား တံ့ပြန်မှု ကျောက်တုံးအား မကြာခဏ ထုတ်ဖော်ပြသ၍ ရေခဲစုန်းမအား မှတ်တမ်း ပြုစုရာ၌ ကူညီပေးရသည်မှ လွဲ၍ သူမသည် နိုင်ငံခြား ရေးရာ အဆောက်အအုံမှ မထွက်ခွာခဲ့လျှင် သူမ၏ ကိုယ်ပိုင်အချိန်များကို စိတ်ကြိုက် အသုံးချနိုင်ခဲ့သည်။

စုန်းမများသည် သန့်စင် စုန်းမများကို အလွန်အမင်း ကွဲပြားစွာ ဆက်ဆံလိမ့်မည်ဟု

+

ထင်နေခဲ့သော်လည်း အက်ဂါသာ၏ သူမအပေါ်မှ
သဘောထားသည့် အခြား စုန်းမများနှင့်
အတူတူသာ ဖြစ်၍ ဘာမှ ခြားနားခြင်း မရှိဟု
သူမက တစ်ခါတစ်ရံတွင် ခံစားခဲ့ရလေသည်။

"ဩော်... ဒါနဲ့" သူမက နောက်ထပ်
မေးခွန်းတစ်ခုကို ထပ်မေးလိုက်သည်။
"အရင်တစ်ခေါက်က ဖြစ်ခဲ့တဲ့ အရာတွေ အတွက်...
ငါ့ကို ပြောပြခဲ့လို့ ကျေးဇူးတင်ပါတယ်"

"ဘုရားကျောင်းနဲ့ ပတ်သတ်တဲ့
သတင်းအကြောင်းကို ပြောနေတာလား"
အက်ဂါသာက ပခုံးတွန့်လိုက်သည်။ "တကယ်လို့
ငါဆိုရင်လည်း ပြန်သွားကြည့်ချင်နေမှာပဲ...

+

သွားရောက် နှုတ်ဆက်ဖို့ ဖြစ်ဖြစ် ဒါမှမဟုတ် ချိုးဖျက်ဖို့ပဲ ဖြစ်ဖြစ်ပေါ့… ဒါပေမဲ့ အခု ဒီအကြောင်းကို မပြောကြသေးစို့… နင်က အဝတ် တစ်ထည်တည်းကိုပဲ ဝတ်နေတာကို ငါက အခုမှ သတိပြုမိတဲ့ အတွက် ငါ့ရဲ့ ပေါ့လျော့မှုလို့ပဲ ယူဆနိုင်ပါတယ်"

သူမသည် မှတ်စုစာအုပ်ကို ချလိုက်ပြီး အစ္စဘယ်လာထံသို့ လျှောက်လာရင်း သူမ၏ အင်္ကျီလက်စကို ကိုင်လိုက်ကာ မျက်မှောင်ကြုတ်လိုက်သည်။ "အင်္ကျီက အရောင်လွင့်နေပြီး ဆောင်းတွင်း အဝတ်တစ်ခု ဖြစ်နေတယ်… ရာသီဥတုက ပူလာခဲ့ရင် နင်က ချွေးတွေ ရွှဲနေလိမ့်မယ်"

+

"ဒါက ဘာမှ မဖြစ်ပါဘူး" အစ္စဘယ်လာသည်
သူမက ပိုမိုပြင်းထန်သော လေ့ကျင့်မှုများကို
ခံယူခဲ့ရသည်ဟု ပြောလိုနေသော်လည်း ခေတ္တမျှ
စဉ်းစားလိုက် အပြီးတွင် သူမ၏ ပါးစပ်ကို
ပိတ်ထားရန်သာ ဆုံးဖြတ်ခဲ့သည်။

"ဒီခရီးဟာ တစ်လ၊ နှစ်လသာ ကြာမှာမဟုတ်ဘူး...
ပြီးတော့ လမ်းမှာ နင့်ရဲ့ အဝတ်တွေကို နေ့တိုင်း
လျှော်နိုင်မှာ မဟုတ်လို့ နင့်ရဲ့
အပေါင်းအဖော်တွေကတောင် အနံ့ကို ခံနိုင်မှာ
မဟုတ်ဘူး" အက်ဂါသာက ဆုံးဖြတ်ချက်
ပြတ်သားစွာဖြင့် ပြောလိုက်သည်။

+

"အခုက အချိန်မီသေးတဲ့ အတွက် မြို့တော်ဈေးကို သွားပြီးမှ နင့်အတွက် အဝတ်အချို့ကို သွားဝယ်ပေးရမယ်"

'အပေါင်းအဖော်များ' ဟူသော စကားကို ကြားခဲ့ရသော အခါ သူမသည် အနည်းငယ် အံ့အားသင့်သွား၍ ခေတ္တမျှ ချီတုံချတုံ ဖြစ်ခဲ့ပြီးမှ ပြောလိုက်သည်။ "ဒါပေမဲ့... ငါ့မှာ ပိုက်ဆံ မရှိဘူး"

သူမသည် သူမ၏ အပြစ်များကို ပြန်လည် ပေးဆပ်နေရခြင်း ဖြစ်၍ စုန်းမ သမဂ္ဂမှ အဖွဲ့ဝင်များကဲ့သို့ လစဥ် လစာရရှိခဲ့ခြင်း မရှိနေပေ။

+

"ဒါပေမဲ့ ငါ့မှာရှိတယ်" အက်ဂါသာက အမှုမထားသကဲ့သို့ ပြောလိုက်သည်။ "နင့်ကို ချေးလိုက်တယ်လို့ သတ်မှတ်နိုင်ပါတယ်"

"ဒါပေမဲ့ နောက်ငါးနှစ်ကြာမှ ပြန်ဆပ်နိုင်..."

"နှစ်ရာပေါင်းများစွာ စောင့်မျှော်လာခဲ့တဲ့ တက်ကီလာ စုန်းမတွေ အတွက် ငါးနှစ်ဆိုတာ ခဏလေးပါ... ဟုတ်တယ်မလား" ရေခဲစုန်းမက သူမအား ဖြတ်ပြောလိုက်သည်။ "နတ်ဘုရားဆန္ဒ စစ်ပွဲက ဒီလောက်အထိ လွယ်လွယ်ကူကူ အဆုံးသတ်သွားမှာ မဟုတ်ဘူး... နင်က ဒီပုံစံနဲ့ပဲ နေလိုနေတာ မဟုတ်ရင် ဒီအတိုင်း အမြဲနေလို့ မဖြစ်ဘူး" သူမက လက်များကို ဖြန့်၍

+

ပြောလိုက်သည်။ "ဒီလိုဆိုတော့
နင်ကဘာတွေဝေနေသေးတာလဲ"

အစ္စဘယ်လာက ဘာမှ မပြောခဲ့ပဲ ရုတ်တရက်ပင်
ကျနေ အလင်းတန်းများက ပို၍
လင်းလက်လာသကဲ့သို့ ခံစားခဲ့ရသည်။

ရွှေရောင် အလင်းတန်းများ အောက်တွင်
အက်ဂါသာ၏ ခန္ဓာကိုယ်သည် ဖြည်းဖြည်းချင်း
မှေးမှိန်သွားခဲ့ကာ သူမ၏ လက်များကိုသာ
တွေ့နိုင်ခဲ့သည်။

အစ္စဘယ်လာသည် သူမ၏ခေါင်းကို ငုံ့ကာ
အက်ဂါသာ၏ လက်ကို ဆွဲကိုင်လိုက်သည်။

+

ထိုအချိန်၌ နေမင်းသည် သူမနှင့်
ဆက်သွယ်နေသကဲ့သို့ ထင်နေရပေတော့သည်။

*********

"ကျွန်မက အရှင့်နဲ့ အတူ လိုက်လာခဲ့ရင်
သင့်တော်ပါ့မလား" အန်နာသည် ရိုလန်၏
ရင်ခွင်အတွင်းတွင် လဲလျောင်းနေရင်း သူမ၏
ရေအိုင်ပြာ မျက်လုံးများကို ခတ်နေ၍
မေးလိုက်သည်။

ရိုလန်သည် လတ်တလောတွင် နတ်ဘုရား
စီရင်ခြင်း စုန်းမများကို ညှော်ခံရင်း

+

အလုပ်ရှုပ်နေခဲ့သဖြင့် သူတို့နှစ်ယောက် အတူတူ နှစ်ယောက်တည်း စကားမပြောဖြစ်ခဲ့သည်မှာ အချိန် အတန်ကြာသွားခဲ့ပြီ ဖြစ်သည်။

ထိုအကြောင်းရင်းကြောင့်ပင် ညဉ့်နက်နေသော်လည်း သူတို့သည် မအိပ်နိုင်သေးပဲ သူတို့ လွတ်သွားသည့် အချိန်မှ စကားများကို အတိုးချ၍ တီးတိုး ပြောဆိုနေကြသေးသည်။

"ငါတို့က ဒီအတွက် ပြင်ဆင်နေတာ အချိန် အကြာကြီး ရှိပြီ ဖြစ်ပြီး ဒါ့အပြင် တစ်ခါတစ်ရံမှာ အနားယူတာ ဘာမှ မဖြစ်ပါဘူး" ရိုလန်က အန်နာ၏ ချောမွေ့နေသော ကျောပြင်အား ပွတ်သပ်နေရင်း ပြောလိုက်သည်။

+

"ပြီးတော့ ဒီခရီးဟာ စစ်တိုက်ရုံ အတွက်
သက်သက်သာ မဟုတ်ဘူး… ဝါဒတွေကို
ဖြန့်ချိဖို့ကလည်း အမတန်မှ အရေးကြီးတယ်…
ဥပမာအားဖြင့် အားလုံးနဲ့ မိတ်ဖွဲ့ပြီး ညှော့ခံပွဲတွေကို
တက်ရောက်တဲ့ အချိန်မှာ ငါက အမျိုးသမီး
အဖော်တစ်ယောက် မရှိရင် မဖြစ်ဘူး"

အန်နာက သဘောတူသည့် အနေဖြင့်
ခေါင်းညိတ်လိုက်ပြီး သူမ၏ ခေါင်းကို ရှက်ရွံ့စွာဖြင့်
ကွယ်ဝှက်လိုက်သည်။ သို့သော်လည်း
တောက်ပနေသည့် လရောင်ကြောင့် ရိုလန်သည်
သူမ၏ ပန်းရောင်သန်းနေသော ပါးပြင်ကို
မြင်နိုင်ခဲ့သေးသည်။

+

အန်နာသည် ဤမှတ်ချက်၏ ဆိုလိုရင်းကို နားလည်နိုင်လောက်အောင် ဉာဏ်ပညာနှင့် ပြည့်ဝနေပေသည်။

ညှော့ခံပွဲများတွင် ဘုရင်၏ အမျိုးသမီး အဖော်အဖြစ် တက်ရောက်ခြင်းသည် အားလုံးတို့အား ကြေညာခဲ့ခြင်းပင် ဖြစ်သည်။

"နင်က စုန်းမတစ်ယောက် ဖြစ်နေစေကာမူ တစ်နေ့မှာ မီးခိုးရောင် ရဲတိုက်က တိုင်းသူပြည်သား အားလုံးတို့က နင်ဘယ်သူလဲ ဆိုတာကို သိစေရမယ်လို့ ငါတစ်ချိန်က ပြောခဲ့ဖူးတယ်" သူက စိတ်အား ထက်သန်စွာဖြင့် ပြောလိုက်သည်။

+

အန်နာသည် "ဒါက တကယ်ပဲ အဆင်ပြေပါ့မလား" သို့မဟုတ် "အားလုံးတို့က ကန့်ကွက်ခဲ့ရင် ဘယ်လိုလုပ်မလဲ" အစရှိသော မေးခွန်းများကို မမေးခဲ့ပဲ ထို့အစား အလားတူ စိတ်အား ထက်သန်နေသော လေသံတစ်ခုဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်မက စုန်းမတစ်ယောက် ဖြစ်နေပေမဲ့ အနာဂတ်မှာ ဘာတွေပဲ ဖြစ်ခဲ့ပါစေ အရှင်နဲ့ အတူ ရှိနေလိုပါတယ်"

+

ရိုလန်၏ နှုတ်ခမ်းထောင့်များက တွန့်သွားခဲ့သည်။ ဤအဖြေသည် အမှန်တကယ်ပင် သူမ၏ နဂိုပုံစံပင် ဖြစ်ပေသည်။

"ဒီလိုဆိုတော့ ငါတို့ နှစ်ယောက်စလုံး သဘောတူညီချက် ရပြီနော်"

.........

နောက်တစ်ရက်တွင် ဆောင်းမဲ့မြို့တော်၏ ဆိပ်ကမ်းသည် ပထမ စစ်တပ်နှင့် စစ်ပွဲ အထောက်အပံ့ ပစ္စည်းများကို တင်ဆောင်ထားသော ကွန်ကရစ် သင်္ဘောများဖြင့် ပြည့်နှက်နေလေသည်။ သူတို့သည် ညီညာစွာ

+

စီတန်းနေပြီးမှ မြစ်နီမြစ် တစ်လျှောက်
ဖြည်းဖြည်းချင်း ထွက်ခွာသွားခဲ့သည်။

ထိုရေတပ်၏ ရှေ့ဆုံးတွင် မီးခိုးရောင် ရဲတိုက်၏
သင်္ကေတ ဖြစ်သော မျှော်စင်မြင့်နှင့်လုံ့ အလံကို
လွှင့်ထူထားသော 'ရိုလန်'သင်္ဘော ရှိနေခဲ့သည်။
ထိုအလံသည် အလံတိုင်၏ ထိပ်ဖျားတွင် တလူလူ
လွှင့်နေရင်း အားလုံးတို့၏ အာရုံကို
ဖမ်းစားထားနိုင်ခဲ့သည်။

သူတို့၏ သခင် ပြန်လာသော အခါ သူသည်
တိုင်းပြည်၏ တစ်ဦးတည်းသော ဘုရင်
ဖြစ်လာလိမ့်မည်ကို ဆောင်းမဲ့မြို့တော်မှ
လူအားလုံးက သိနေကြပေသည်။

+

တစ်စုံတစ်ယောက်သည် "အရှင်မင်းမြတ်... သက်တော်ရာကျော် ရှည်ပါစေ" ဟူ၍ အော်ဟစ်လိုက်သော အခါ ဆိပ်ကမ်း တစ်ခုလုံးက ဩဘာပေးသံဖြင့် သိမ့်သိမ့်တုန်သွားခဲ့လေသည်။

ထိုအသံသည် ကောင်းကင်ပေါ်မှ မိုးခြိမ်းသံ သို့မဟုတ် ထွက်ခွာသည့် ဦးချိုသံကဲ့သို့ ဖြစ်နေခဲ့သည်။

စစ်ပွဲသည် လူအများ၏ တက်ကြွလှသော အသံများ အကြားတွင် စတင်ခဲ့လေတော့သည်။

စာစဥ် ၅၈ : အပိုင်း ၆

+

# အပိုင်း ၈၆၁ : မြစ်နီမြို့ အကြံအစည်

ခရီးထွက်ပြီး ဆယ်ရက်ကြာသော အခါ သူတို့သည် မြစ်နီမြို့ အနားသို့ ရောက်လာခဲ့သည်။

ရိုလန်သည် ရေတိမ် အမြောက်သင်္ဘော၏ အရှေ့တွင် ရပ်နေရင်း သူ့အရှေ့မှ အရောင်တောက်နေသည့် မြစ်ပြင်ကို ကြည့်နေရင်း သူရဲကောင်းစိတ် ဝင်နေခဲ့သည်။

အချို့ သင်္ဘောများက လွန်ခဲ့သော သုံးရက်ခန့်က အရှေ့ပိုင်းသို့ ရွက်လွှင့်သွားခဲ့သော်လည်း သူ၏ အနောက်တွင် ဧရာမ ရေတပ်တစ်ခု

+

ရှိနေခဲ့သေးသည်။ ကျန်ရှိနေခဲ့သော ရေနွေးငွေ့
သဘော် ဆယ်စင်းတို့သည် မြစ်အတွင်း၌
မြင်ရခဲ့သော မြင်ကွင်းတစ်ခု ဖြစ်နေပေသည်။

သံတောအုပ် တစ်ခုကဲ့သို့ မားမားမတ်မတ်
ရပ်တည်နေသော မီးခိုးငွေ့ ခေါင်းတိုင်များသည်
ဆွတ်ဆွတ်ဖြူနေသော ဆီးနှင်းဖြူရောင်
သုတ်ထား၍ သူတို့ထံမှ ထွက်ပေါ်လာသော မီးခိုးငွေ့
အမည်းရောင်တို့သည် မြစ်ပေါ်တွင် မဟူရာ
တိမ်တိုက် တစ်စုအား မှုတ်ထုတ်နေခဲ့သည်။

မီးခိုးရောင် ရဲတိုက်၏ အလယ်ပိုင်း ဒေသသို့
ရောက်လာခဲ့သော အခါ လှေသဘော် များက
သိသိသာသာ နည်းပါးသွားပြီး တိုင်းပြည်၏

+

ကုန်သွယ်မှု ဗဟိုချက်သည် အနောက်ဘက်သို့
ရွှေ့သွားပြီ ဖြစ်ကြောင်းကို ဖော်ပြနေခြင်း ဖြစ်သည်။
သို့ရာတွင် အလယ်ပိုင်း ဒေသမှ အဓိက မြို့တော်
များစွာတို့၏ လွှမ်းမိုးမှုက ကျန်နေသေးသည်။

အနောက်ပိုင်း ဒေသတွင် တွေ့ရသော တစ်ပင်တိုင်
ရွက်လှေများနှင့် စာလျှင် ဤနေရာမှ ရွက်လှေ
အများစုသည် ထူးခြားဆန်းပြား၍ လှပလှပေသည်။

သူတို့ လမ်းတစ်လျှောက် ကြုံတွေ့ခဲ့သော
ကုန်သည်လှေများသည် အဝေးမှသာ
ရွက်လွှင့်သွားခဲ့ကြသည်။ သတ္တိကောင်းသော အချို့
သင်္ဘောသားများက လှေ၏ဘေးတွင် ရပ်နေရင်း
သံမဏိ စစ်သင်္ဘောအား ညွှန်ပြ၍ အဆက်မပြတ်

+

အာမေဋိတ် ပြုနေကြလေသည်။ မျှော်စင်မြင့်နှင့်လုံ
အလံအား သိနေကြသော မာလိန်မှူးနှင့်
ကုန်သည်များကမူ သင်္ဘောထံသို့ ဦးညွတ်၍ပင်
အရိုအသေပြုခဲ့ကြသေးသည်။

သုံးနှစ်တာ ကာလအတွင်းတွင် ဤကဲ့သို့
အခြေအနေရောက်အောင် တည်ဆောက်နိုင်ခဲ့သည့်
အတွက် ရိုလန်က အလွန်အမင်း ကျေနပ်
အားရနေလေသည်။ သို့သော်လည်း မြို့တော်ခန်းမမှ
မွေးထုတ်ခဲ့သော အရာရှိငယ်များ အကြောင်းကို
စဉ်းစားမိသော အခါ ပို၍ပင်
မနောခွေ့နေခဲ့သေးသည်။

+

သူတို့သည် နှစ်ပေါင်း တစ်ရာကျော် ရှိသော မျိုးဆက်များ မရှိကြသလို ချမ်းသာ ကြွယ်ဝ၍ အစွမ်းထက်သော မိသားစု နောက်ခံများ မရှိနေကြပေ။ သူတို့သည် ရေတို ပညာရေးကိုသာ သင်ယူခဲ့ရပြီး ရေးတတ် ဖတ်တတ်အောင် သင်ကြားခဲ့ရသည်။

အကယ်၍ အတိတ်ကဆိုလျှင် သူတို့သည် မှူးမတ်များအတွက် တောက်တိုမည်ရ အလုပ်များကိုသာ လုပ်ပေးရမည် ဖြစ်သော်လည်း ဆောင်းမဲ့မြို့တော်တွင်မူ သူတို့သည် ဌာနများ အားလုံး၏ ကျောရိုးများ ဖြစ်လာကြပေသည်။

+

ယခင်မျိုးဆက်များ မရှိကြသည့် အတွက် အရာရှိ
မျိုးဆက်အသစ်များသည် ရိုလန်အား အပြည့်အဝ
ထောက်ခံခဲ့ကြလေသည်။ သူမှလွဲ၍ အဆင့်အတန်း
မရှိသော သာမန် အရပ်သားများကို မည်သူကမှ
ရာထူးပေးလိမ့်မည် မဟုတ်ချေ။

သူတို့သည် ယခင်က စီမံခန့်ခွဲရေး ရာထူးများကို
တစ်ခါမှ မရဖူးသည့် အတွက် သတိထား၍
စည်းမျဉ်း စည်းကမ်းများအတိုင်း အတိအကျ
လိုက်နာ ဆောင်ရွက်ခဲ့ကြသည်။ ပြဿနာ
တစ်စုံတစ်ရာနှင့် ရင်ဆိုင်ခဲ့ရသော အခါ သူတို့သည်
မှူးမတ်များကဲ့သို့ ဘဝင်မြင့် စိတ်ကြီးဝင်နေခြင်း
မရှိပဲ အထက်အရာရှိများကို အကူအညီတောင်းခံ၍
ဖြေရှင်းကြပေလိမ့်မည်။

+

သူတို့သည် သာမန် အရပ်သားများထံမှ ရွေးချယ်ထားခြင်း ဖြစ်သဖြင့် ကိုယ့်တာဝန်ကို ထမ်းရွက်ခြင်းနှင့် ကျင့်သားရနေခဲ့ပြီ ဖြစ်သည်။ စိုက်ပျိုးရေး ဌာနမှ အရာရှိများသည် လယ်သမားများအား မည်ကဲ့သို့ ဂျုံစိုက်ပျိုးရမည်နှင့် ဆောက်လုပ်ရေး ဌာနမှ အရာရှိများသည် လုပ်သားသစ်များကို အင်္ဂတေ၏ လက္ခဏာရပ်များကို သင်ကြား ပြသပေးလိမ့်မည် ဖြစ်သည်။

ဤမြင်ကွင်းသည် မြို့တော်အတွင်း၌ မြင်နေကျ မြင်ကွင်းတစ်ခု ဖြစ်လာခဲ့သည်။ အစွမ်းထက်သော ဗဟို အစိုးရ တစ်ရပ်သည် လျင်မြန် ထိရောက်စွာ

+

အုပ်ချုပ်နိုင်ရန် အတွက် အောက်ခြေ ဝန်ထမ်းများကို ကောင်းမွန်စွာ ထိန်းချုပ်နိုင်ရန် လိုအပ်နေသည်။ ဤအရာများသည် အရပ်သား အုပ်ချုပ်ရေးအတွက် လိုအပ်နေသော အရာများပင် ဖြစ်ပေသည်။

သို့သော်လည်း အုပ်ချုပ်ရေး ရာထူးများကို ရလာခဲ့သော အရပ်သားတိုင်းက အပြစ် ကင်းစင်နေသည်တော့ မဟုတ်ချေ။

ရုတ်တရက် ချမ်းသာ ကြွယ်ဝလာသည့် ယခင်က ဘာမှမရှိသော သူဆင်းရဲတစ်ယောက်ကဲ့သို့ သူတို့သည် အမြင် ကျဉ်းမြောင်းစွာဖြင့် လောဘထောင်ချောက် အတွင်းသို့ အလွယ်တကူ

+

ကျရောက်သွားနိုင်သည်။ ဆောင်းမဲ့မြို့တော်မှ ပညာရေး အဆင့်က သိပ်မမြင့်သဖြင့် သူတို့သည် ကိုယ်ကျင့်စံနှုန်းများနှင့် ကျင့်ဝတ်တရားများ မရှိနေနိုင်ပေ။

ကံကောင်းစွာဖြင့် နိုက်တင်ဂေးနှင့် လုံခြုံရေး ဗျူရိုတို့၏ စမ်းသပ် စစ်ဆေးမှုကြောင့် ဤပြဿနာကို ထိရောက်စွာ ဖြေရှင်းနိုင်ခဲ့သည်။ အကြိမ်ပေါင်းများစွာ စမ်းသပ် စစ်ဆေးမှုနှင့် ပြင်းထန်သော ပြစ်ဒဏ်များ အပြီးတွင် မြို့တော်ခန်းမတွင် ကျန်ရစ်နေသော သူများက အရှင်မင်းမြတ်၏ သည်းခံနိုင်မှု အကန့်အသတ်တို့ကို နောက်ဆုံးတွင် နားလည်လာခဲ့လေသည်။

+

အရာရှိငယ် အရေအတွက်များစွာ မွေးထုတ်ပေးနိုင်ခြင်းသည် ရိုလန်က သူ၏ စွမ်းအားများကို ချဲ့ထွင်ရာတွင် အာမခံချက် တစ်ခု ဖြစ်လာခဲ့သည်။ တိုင်းပြည်အား ပြန်လည် သိမ်းပိုက်ရန် သူ၏ အကြံသည် ရနိုင်သော အရာရှိ အရေအတွက်ပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။

ယခုအချိန်၌ သူသည် နောက်ဆုံးတွင် တိုင်းပြည်အား တညီတညွတ်တည်း လုပ်နိုင်ရန် လုံလောက်သော အခြေခံ အုတ်မြစ်များကို တည်ဆောက်နိုင်ခဲ့လေပြီ။

"အကြံပေးဌာနကို အစည်းအဝေး ခန်းမထံ ခေါ်လိုက်ပါ" ရိုလန်က နိုက်တင်ဂေးထံသို့

+

လှည့်လိုက်သည်။ "ငါတို့က မြစ်နီမြို့ကို ဘယ်လို သိမ်းပိုက်ရမလဲ... သူတို့က အစီအစဉ် တစ်ခု တင်ပြဖို့ အချိန်ကျလာပြီ"

.........

ဤအကြိမ်သည် ဆောင်းမဲ့မြို့တော် ရေတပ် အနေဖြင့် မြစ်နီမြို့အား ပထမဆုံး ရောက်လာခဲ့ခြင်း မဟုတ်ပေ။ ပြီးခဲ့သော ခြောက်လခန့်က သွားနှုတ်ခြင်း စစ်ဆင်ရေးတွင် ပထမ စစ်တပ်က အလယ်ပိုင်း ဒေသမှ ဤမြို့တော်သို့ ရောက်လာခဲ့ပြီး ဖြစ်သည်။

+

အကြံပေး ဌာနမှ အထင်အမြင်က
အကျိုးအကြောင်း ဆီလျှော်နေပေသည်။
"အရှင်မင်းမြတ်... အလယ်ပိုင်း ဒေသမှာ
မြစ်နီမြို့ဟာ ဘုရင့်မြို့တော်ဟောင်း ပြီးရင် ဒုတိယ
မြို့တော်တစ်ခု ဖြစ်ပါတယ်... သူက ကျယ်ပြန့်တဲ့
နယ်မြေတွေ ရှိရုံမကပဲ မှူးမတ်တွေ များစွာလည်း
ရှိနေတယ်... မိုးမခမြို့မှာ ကျွန်တော်တို့
လုပ်ခဲ့သလိုမျိုး သူတို့ရဲ့ စွမ်းအားတွေကို ဒီအတိုင်း
အညှံ့ခံဖို့ ဖိအားပေးလို့ရမှာ မဟုတ်ဘူး"

နံနက် အလင်းတန်း၏ ဖခင်ဖြစ်သူ
ဆာအယ်တပ်ခ်က နောက်ထပ် အကျယ်ချဲ့၍
တင်ပြလိုက်သည်။ "မြစ်နီမြို့ရဲ့ သခင်ဖြစ်သူ
အားလ်ဒယ်လ်တာဟာ ရည်မှန်းချက် ကြီးမားတဲ့သူ
တစ်ယောက် မဟုတ်ပါဘူး... သူက

+

ကုန်းတွင်းမြစ်တွေရဲ့ ဆုံမှတ်ကို
ထိန်းချုပ်ထားနိုင်တဲ့ အတွက် တောင်းဆိုမှုတွေကို
အလွယ်တကူ ပြုလုပ်နိုင်ပါတယ်"

"ဒယ်လ်တာ မိသားစုဟာ ဒီဒေသကို
မျိုးဆက်ပေါင်းများစွာ ချုပ်ကိုင်လာခဲ့တဲ့ အတွက်
သူတို့ရဲ့ စံအိမ်ကို စွန့်လွှတ်ခဲ့ရရင်တောင်
သက်တောင့်သက်သာ ဘဝတစ်ခုကို
ပိုင်ဆိုင်နိုင်သေးတယ်… ပုန်ကန်ခြင်းနဲ့ စာရင်
အားလ်ဟာ ဉာဏ်ရှိတဲ့ ဆုံးဖြတ်ချက် တစ်ခုကို
ဘယ်လို လုပ်ရမလဲ ဆိုတာကို သိနေမှာပါ"

"ဒါပေမဲ့ ဒါဟာ အခြား မှူးမတ်တွေက ဒီအတိုင်း
လိုက်နာလိမ့်မယ်လို့ ဆိုလိုနေတာ မဟုတ်ပါဘူး…

+

အချို့လူတွေက ပြောရဆိုရ အမတန်မှ ခက်နိုင်ပါတယ်... အထူးသဖြင့် မြစ်သုံးခွ မိသားစုနဲ့ ကျောက်တုံး တောင်ကုန်း မိသားစုတို့ပါပဲ... သူတို့ဟာ အားလ်ဒယ်လ်တာနဲ့ ဆက်ဆံရေး မကောင်းဘူးလို့ သတင်းထွက်နေပါတယ်"

သူက မြေပုံသို့ ညွှန်ပြ၍ ပြောလိုက်သည်။ "အရှင့်ရဲ့ တောင်းဆိုမှုကို တရားဝင် ကြေညာခဲ့အပြီးမှာ အနောက်ဘက် ဒေသမှာ ဖြစ်ခဲ့သလိုမျိုး ဆန့်ကျင်မှုတွေက ပေါ်လာကြမှာပါပဲ... ဒါကြောင့်မို့ ကျွန်တော်တို့ဟာ သူတို့ရဲ့ စွမ်းအားတွေကို သိမ်းယူနိုင်ဖို့ ပထမ စစ်တပ်ကို ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်"

+

"ဒါပေမဲ့ ဒါကလည်း သိပ်မဆိုးလှပါဘူး… သူပုန်တွေကို ချေမှုန်းခဲ့တာဟာ နောက်ပိုင်းကျရင် စီမံခန့်ခွဲဖို့ ပြဿနာတွေကို ဖြေရှင်းပြီးသား ဖြစ်သွားနိုင်ပါတယ်… ပြီးတော့ အရှင့်ရဲ့ ကြီးမားတဲ့ စွမ်းအားဟာ နောက်ပိုင်း ပုန်ကန်လာနိုင်မှုတွေကို တစ်ခါတည်း သတိပေးထားခဲ့သလို ဖြစ်သွားမှာပါ"

"ဒါကြောင့်မို့ ကျွန်တော်က အရှင်ဟာ အားလ်ဒယ်လ်တာကို တစ်ယောက်တည်း ဆင့်ခေါ်ပြီး သူ့ကို စည်းရုံးပြီးမှ အမိန့်တော်ကို ထုတ်ပြန်ဖို့ အကြံပြုပါတယ်… ကျန်တဲ့ မှူးမတ်တွေဟာ အရှင့်ရဲ့ ရည်ရွယ်ချက်တွေကို သိပြီးသား ဖြစ်နေနိုင်ပေမဲ့ တစ်စုံတစ်ယောက်က အမိန့်ကို မနာခံတာနဲ့ တပ်ဖွဲ့တွေကို စေလွှတ်ပြီးမှ နှိမ်နင်းလို့ ရပါတယ်"

+

ရိုလန်က ခေါင်းညိတ်လိုက်ကာ မြေပုံအား ငြိမ်သက်စွာ ကြည့်နေလေသည်။

သူ၏ ပြိုင်ဘက်များကို စည်းရုံးရန် စစ်တပ်အား အသုံးပြုရမည်ကို သူက ဂရုစိုက်နေခြင်း မရှိပေ။ ပထမ စစ်တပ်က ဤအရာနှင့် ကျင့်သားရနေပေပြီ။ သို့သော်လည်း ဆာအယ်တပ်ခ်၏ "အနောက်ပိုင်း ဒေသမှာ ဖြစ်ပျက်ခဲ့သလိုမျိုး" ဟူသော စကားက သူ့အား ပူပန် ကြောင့်ကြမှု အချို့ကို ဖြစ်ပေါ်စေခဲ့သည်။

သူက မိသားစုကြီး ငါးခုအား နှိမ်နင်းရန် အသုံးပြုခဲ့ရသည့် အချိန်သည်

+

လောင်းဆောင်းခံတပ်နှင့် ဘုရင့်မြို့တော်တို့အား သိမ်းပိုက်ရန် ယူခဲ့ရသည့် အချိန်ထက် များစွာပိုများပေသည်။ ထိုအချိန်မှ အကြောင်းပြချက်မှာ ကံကြွေးချ စနစ် နယ်မြေသည် မြို့တော်တစ်ခု၏ နယ်မြေထက် များစွာပို၍ ကျယ်ပြန့်နေသောကြောင့် ဖြစ်သည်။

သူသည် ကွေ့ပတ် ရှောင်သွားရန် အတွက်ပင် ရက်အနည်းငယ် ပိုယူခဲ့ရသည်။ မြစ်နီမြို့သည် အနောက်ပိုင်း ဒေသမှ မြို့များနှင့် စာလျှင် များစွာပို၍ ကြီးမားပေသည်။ အကယ်၍ သူက လုံးဝ အပြတ် ရှင်းလင်းလိုနေလျှင် နှစ်ပတ်မှ သုံးပတ်အထိ အချိန်ယူရပေလိမ့်မည်။ ထို့အပြင် နောက်ပိုင်းတွင် ပြန်လည် တည်ထောင်ရမည့် အရေးကိစ္စများ ရှိနေသေးသည်။

+

"ဒီထက် ပိုပြီးမှ မြန်တဲ့ နည်းလမ်းတစ်ခု ရှိဦးမလား"

"ဒီထက်ပိုမြန်တယ်လို့ ဆိုလိုနေတာက..."

"ငါက ဒီကိစ္စမှာ အချိန် အများကြီး မသုံးချင်နေဘူး... နောက်ပိုင်းမှာ ဒီလိုမျိုး မြို့တွေ အများကြီး ကြုံရဦးမယ်... တကယ်လို့ ငါတို့က မြို့အားလုံးမှာ ဒီနည်းလမ်းကိုပဲ အသုံးပြုနေရရင် လေအေးတောင်တန်းကို ရောက်တဲ့အချိန်မှာ နွေရာသီ တစ်ဝက်ကျိုးပြီး ဖြစ်နေလိမ့်မယ်"

"ဒါက..." အားလ်နှင့် ကျန်သောသူများက ခေတ္တမျှ ငြိမ်သက်သွားကြလေသည်။

+

"နည်းလမ်းတစ်ခုတော့ ရှိပေမဲ့ အရှင်မင်းမြတ်ရဲ့ ဂုဏ်သိက္ခာကိုတော့ ညှိုးနွမ်းသွားနိုင်ပါတယ်" အက်ဒစ်က ရုတ်တရက် တီးတိုး ရေရွတ်လိုက်သည်။ "ဒါက သူတို့အားလုံးကို အတူတကွ စုဝေးလိုက်ပြီးမှ တစ်ခါတည်း ကြေညာလိုက်တာပါ"

"အိုး" ရိုလန်က သူမအား ကြည့်လိုက်သည်။ "ဆက်ပြောပါဦး"

"ကျွန်မက ဒီလိုမျိုး ပြဿနာ တစ်ခုနဲ့ ကြုံခဲ့ဖူးပြီး အဲ့ဒီ ပြဿနာက ဒီထက်တောင် ပိုဆိုးသေးပါတယ်" မြောက်ပိုင်းဒေသမှ ပုလဲက ခေါင်းညိတ်လိုက်ပြီးမှ ဟားဝတ်စ် မိသားစုနှင့် လစ်တာ မိသားစုတို့အား

+

နှိမ်နင်းခဲ့သည့် အကြောင်းကို အသေးစိတ်
ပြောပြလိုက်သည်။

"တကယ်လို့ ကျွန်မက မှူးမတ်တွေရဲ့
ထုံးတမ်းစဥ်လာ အတိုင်း မလုပ်ဆောင်ခင် ကြိုတင်
ကြေညာခဲ့မယ် ဆိုရင် မြောက်ပိုင်းဒေသဟာ
အခုအချိန်မှာ သူတို့ရဲ့ လက်တွေအတွင်းမှာ ရှိနေဆဲ
ဖြစ်နေလိမ့်မယ်"

သူမ၏ အကြံအစည်ကို နားထောင်ပြီးသော အခါ
အကြံပေး ဌာနမှ အရာရှိများက မအောင့်နိုင်ပဲ
ပင့်သက်ရှိုက်မိလိုက်ကြလေသည်။

"အရှင်မင်းမြတ်… ဒါက…

+

"သက်သေမရှိ… တရားစစ်ဆေးမှု မရှိပဲနဲ့
စီရင်ချက်ချဖို့ မလွယ်ပါဘူး"

"တကယ်လို့ ဒီသတင်းက ပျံ့သွားခဲ့ရင် ကျန်တဲ့
မှူးမတ်တွေကလည်း သံသယ ဝင်လာနိုင်ပါတယ်"

"အရှင်မင်းမြတ်က လွဲလို့ မီးခိုးရောင် ရဲတိုက်မှာ
တခြား မှူးမတ်တွေ မရှိတော့ဘူး ဆိုတာကို
ရှင်တို့က မေ့နေကြပြီလား" အက်ဒစ်က တုံးတိတိ
ပြောလိုက်သည်။ "အရင်က မှူးမတ်တွေဟာ
အရပ်သားတွေနဲ့ ဆက်ဆံတဲ့ အချိန်မှာ
စီရင်ချက်တွေ မလိုဘူး"

+

သူမက ရိုလန်ဘက်သို့ လှည့်၍ ပြောလိုက်သည်။ "ဒါပေမဲ့ ဒီအကြံအစည်ဟာ အရှင်က သူ့ကို လုပ်ဆောင်လိုသလား ဆိုတဲ့အပေါ်မှာ မူတည်နေတယ်... ဘာပဲပြောပြော ဂုဏ်သိက္ခာ ဆိုတာက..."

"အနိုင်ရသူကသာ သမိုင်းကို ရေးသားဖို့ အရည်အချင်းနဲ့ ပြည့်စုံတယ်" ရိုလန်က သူမအား ဖြတ်ပြောလိုက်သည်။ "ဥပမာအားဖြင့် တကယ်လို့ မင်းကသာ ဘာမှ မပြောခဲ့ရင် မင်းဒီလိုမျိုး လုပ်ခဲ့တယ် ဆိုတာကို ဘယ်သူမှ မသိနိုင်ဘူး"

"မင်းကငါ့ကို ယုံကြည်ခဲ့တဲ့ အတွက် ငါကမင်းကို ကျေးဇူးတင်ရလိမ့်မယ်... ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို

+

ဘယ်သူမှ သိမှာ မဟုတ်ပါဘူး… မြစ်နီမြို့ကို သိမ်းပိုက်ဖို့ စစ်ဆင်ရေးမှာ မင်းအကြံအတိုင်းသာ လုပ်ကြစို့"

ပြီးတာနှင့် သူသည် အက်ဒစ်၏ မျက်လုံးများက အရောင်တောက်လာသည်ကို တွေ့လိုက်ရသည်။ ဤအချိန်၌ မြောက်ပိုင်းဒေသမှ ပုလဲ၏ အသံရှုနှုန်းက မြန်လာသကဲ့သို့ ထင်နေရလေသည်။

သို့သော်လည်း သူမသည် သူမ၏ မသက်မသာ ဖြစ်မှုများကို လျင်မြန်စွာ ထိန်းချုပ်လိုက်၍ သူ့အား ဦးညွတ်လိုက်လေသည်။

"အရှင်မင်းမြတ်ရဲ့ အမိန့် အတိုင်းပါ"

+

# စာစဥ် ၅၈ : အပိုင်း ၇

## အပိုင်း ၈၆၂ : အတားအဆီးများ

ကျောက်တုံး တောင်ကုန်းမှ သူ၏ စံအိမ်အတွင်း၌ အားလပ် ဂျော့နေရီသည် နောက်ဆုံးတွင် အနောက်ပိုင်း ဒေသမှ စာကို ရရှိခဲ့သည်။ သူသည် စာကို ဖွင့်ဖောက်လိုက်၍ အတွင်းမှ အကြောင်းအရာများကို ဖတ်လိုက်သော အခါ သူ၏ မျက်နှာက မည်းမှောင်သွားခဲ့လေသည်။

"အထဲမှာ ဘာတွေ ရေးထားသလဲ" ဂနာမငြိမ် ဖြစ်နေသော ဘာရွန်တစ်ယောက်က

+

မေးလိုက်သည်။ သူ၏ ရင်ဘတ်တွင် မြစ်နတ်ဘုရား၏ အမှတ်တံဆိပ်ကို တပ်ဆင်ထားသဖြင့် သူက လေဗီသန် မိသားစုမှ ဖြစ်သည်ဟု သိနေပေသည်။ သူတို့၏ နယ်မြေသည် မြစ်ဆုံတွင် တည်ရှိနေပြီး ဤဒေသ အတွင်း၌ အတော်လေး ကျော်ကြားသော မိသားစု တစ်ခုဟု သတ်မှတ်၍ ရနိုင်သည်။

စာကြည့်ခန်း အတွင်း၌ သူကဲ့သို့သော မှူးမတ်ပေါင်း နှစ်ဆယ်ကျော် ရှိနေသည်။

မြစ်နီမြို့မှ ကံကြွေးချ မှူးမတ် တစ်ဝက်နီးပါးတို့က ဤနေရာ၌ စုစည်းနေကြခြင်း ဖြစ်သည်။

+

ချက်ချင်း ဖြေကြားရမည့် အစား ဂျော့သည် သူ့အား အေးစက်စက် တစ်ချက်ကြည့်၍ စာကို မြစ်သုံးခွအားလ် ဂူရီ ယူရိန်းအား ကမ်းပေးလိုက်သည်။ ဂူရီက စာကို ဖတ်ကြည့်ပြီးသော အခါ ဂျော့က ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"ရိုလန် ဝင်ဘာယ်ဒန်ဟာ မိုးမခမြို့ သခင်ရဲ့ စွမ်းအားတွေ အားလုံးကို သိမ်းယူလိုက်ပြီး သူ့နယ်မြေကိုလည်း သိမ်းပိုက်ခဲ့ပြီးပြီ"

"ဘုရင်အသစ်က… ဒါကို တကယ်တမ်း လုပ်ခဲ့တာလား"

+

"သေစမ်း... သူက ဘာများ လုပ်ချင်နေတာလဲ... ငါတို့ ရထားခဲ့တဲ့ သတင်းတွေ အတိုင်း ငါတို့ရဲ့ ဘွဲ့ထူး ဂုဏ်ထူးတွေကို ဖျက်သိမ်းချင်နေတာလား"

"သူက ဒီလိုလုပ်လို့ ဘယ်ရမလဲ... ဒီဘွဲ့ထူးက ငါ့အဖိုး လက်ထက်ကတည်းက လက်ဆင့်ကမ်းလာခဲ့တာ"

တစ်စုံတစ်ယောက်က ရုတ်တရက် ပြောလိုက်သည်။ "မိုးမခမြို့ဟာ ခံတပ်နဲ့ သိပ်နီးလွန်းပြီး အမတန်မှ သေးငယ်တယ်... သူက မြစ်နီမြို့ကိုတော့ ဒီလိုလုပ်မှာ မဟုတ်လောက်ပါဘူး... ဟုတ်တယ်မလား"

+

"သူ့မှာ လုံလောက်တဲ့ စွမ်းရည်တွေ မရှိလို့ ဘုရင့်မြို့တော် တစ်ခုလုံးကို အရင်က မသိမ်းပိုက်ခဲ့ဘူး... ကြည့်ရတာ ကျုပ်တို့က စောင့်ကြည့်နေသင့်တယ်နဲ့ တူတယ်"

ဤစကားကို ကြားခဲ့ရအပြီးတွင် ဂျော့သည် မအောင့်နိုင်ပဲ အမျက်တကြီးဖြင့် နှာခေါင်းရှုံ့လိုက်သည်။ "အနောက်ပိုင်း ဒေသအတွက် မြစ်နီမြို့ဟာ ထာဝရည မြို့ထက် ပိုဝေးသလား... မင်းရဲ့ နယ်မြေတွေကလည်း မြောက်ပိုင်းဒေသ တစ်ခုလုံးထက် ပိုကြီးသလား... မင်းက မျက်စိ ကန်းနေတာလား... ဦးနှောက်ပဲ မကောင်းတာလား"

+

"ရိုလန် ဝင်ဘယ်ဒန်ဟာ မျိုးမတ်တွေ အားလုံးထံက စွမ်းအားတွေကို သိမ်းယူချင်နေတယ် ဆိုတဲ့ သတင်းက အခုမှ ရခဲ့တာ မဟုတ်ဘူး... မြောက်ပိုင်းဒေသမှာ ဘာဖြစ်ခဲ့သလဲ ဆိုတာကို မင်းသိနေတာပဲ... ကုန်သည်တွေက ဒီအကြောင်းကို မကြာခဏ သတိပေးခဲ့ပြီး အခုအချိန်မှာ မိုးမခမြို့က အကောင်းဆုံး ဥပမာ ဖြစ်နေပြီ... နောက်တစ်ခေါက် မင်းတို့အလှည့် ရောက်လာတော့မှာကို မင်းတို့က စောင့်ကြည့်နေချင်သေးတာလား"

"ကျေးဇူးပြုပြီးမှ စကားကို ကြည့်ပြောပါ... အရှင်"

+

သူ၏ ရုန့်ရင်း ကြမ်းတမ်းသော မှတ်ချက်များက ကျန်သော မှုးမတ်များအား မျက်မှောင်ကြုတ်စေခဲ့လေသည်။

"ငါ့ကို ရှင်းပြခွင့်ပြုပါ" ဂူရီက ကျောက်တုံးအားလ်ထံသို့ လက်ဝှေ့ယမ်းပြ၍ ပြောလိုက်သည်။ "ငါတို့ရဲ့ ဘုရင်အသစ်ဟာ သေချာပေါက် သာမန်လူ မဟုတ်ဘူး ဆိုတာကို အားလုံးကလည်း သိနေကြလိမ့်မယ်လို့ ငါယုံကြည်နေတယ်... သူက နယ်စပ်မြို့ကို ရောက်ခဲ့အပြီးမှာ သူလုပ်ခဲ့သမျှ အရာတွေ အားလုံးက ငါတို့ရဲ့ မှန်းဆနိုင်မှုကို ကျော်လွန်သွားခဲ့တယ်"

+

"ဒီလိုဆိုတော့ သူ့ရဲ့ လုပ်ဆောင်ချက်တွေကို စံနှုန်း အဟောင်းတွေ… အတိတ် အတွေ့အကြုံတွေ အပေါ် မူတည်ပြီး ဆုံးဖြတ်ရင် အဓိပ္ပာယ် မရှိနိုင်ဘူး… ငါက အနောက်ပိုင်း ဒေသကို ငါ့လူတွေ လွှတ်ထားတယ်… ရိုလန် ဝင်ဘယ်ဒန်ဟာ သူ့ရဲ့ အတွေးအကြံ အစစ်အမှန်တွေကို ဖုံးကွယ်ထားခြင်း မရှိဘူး"

"သူက မှူးမတ်တွေရဲ့ ကံကြွေးချ စွမ်းအားကို ရုပ်သိမ်းလိုနေပြီး သူတို့ရဲ့ ဘွဲ့ထူးတွေကိုသာ ထိန်းသိမ်းခွင့် ပေးလိုနေတယ်… ဒါက သူ့ရဲ့ စီမံချက် တစ်ခု ဖြစ်လာခဲ့ပြီး မြို့ရင်ပြင်မှာ ဆောင်ပုဒ်တစ်ခု အနေနဲ့ ပွင့်ပွင့်လင်းလင်း ပြသထားခဲ့တယ်"

+

သူ၏ တည်ငြိမ်သော လေသံသည် အခြား မှူးမတ်များ၏ စိတ်အား အနည်းငယ် သက်သာရာ ရစေခဲ့သည်။ သူက ဆက်၍ ပြောကြားလိုက်သည်။ "မြစ်နီမြို့ဟာ သူ့ရဲ့နယ်မြေ မဟုတ်ဘူးလို့ ခင်ဗျားတို့က ပြောနိုင်ပေမဲ့ မြောက်ပိုင်းဒေသ မပြောနဲ့ လောင်းဆောင်းခံတပ်ကတောင် အတိတ်က သူ့ရဲ့နယ်မြေ မဟုတ်ခဲ့ဘူး"

"ရိုလန် ဝင်ဘယ်ဒန်ဟာ အနေးနဲ့ အမြန် မီးခိုးရောင် ရဲတိုက် ဘုရင် ဖြစ်လာမှာ ဖြစ်ပြီး အဲ့ဒီနေ့ ရောက်လာရင် တိုင်းပြည် တစ်ခုလုံးဟာ သူ့နယ်မြေ ဖြစ်တယ်လို့ ဆိုခဲ့ရင် ငါတို့က လက်ခံရုံက လွဲလို့ ဘာတတ်နိုင်မှာလဲ... ပြီးတော့ အဲ့တာက

+

သေချာပေါက် ဖြစ်ပျက်လာတော့မယ့် ဖြစ်ရပ်တစ်ခု ဖြစ်တယ်"

ဂူရီက ခေတ္တမျှ တုံ့ဆိုင်းသွားပြီးမှ ပြောလိုက်သည်။ "တကယ်လို့ ငါတို့က ငါတို့ရဲ့ နယ်မြေနဲ့ လက်အောက်ငယ်သားတွေကို ဆုံးရှုံးသွားခဲ့ရင် ငါတို့ပိုင်တာ ဘာကျန်နိုင်သေးလဲ"

"ဒါပေမဲ့ ကျုပ်တို့က ဘာတတ်နိုင်လို့လဲ" နောက်ထပ် ဘာရွန်တစ်ယောက် ဖြစ်သော ဟုဒ်က စိတ်မရှည်စွာ ဖြတ်ပြောလိုက်သည်။ "ဘုရင် တင်မိုသီက ရှုံးနိမ့်သွားသလို ဘုရားကျောင်းကလည်း အရေးနိမ့်သွားတယ်… သူ့ကိုယ် ဘယ်သူက ရပ်တန့်နိုင်သေးလဲ…

+

အနောက်ပိုင်း ဒေသက စစ်တပ် အရင်တစ်ခေါက် မြစ်နီမြို့ကို ရောက်လာတဲ့ အချိန်မှာ သူတို့ ဘယ်လို တိုက်ခိုက်ခဲ့သလဲ ဆိုတာကို ကျုပ်တို့အားလုံး တွေ့ခဲ့ရတယ်"

"ခြောက်ဆယ်မီတာ အတွင်းမှာ နှင်းမှုန်နဲ့ လက်နက်တွေကို ခုခံလို့ မရနိုင်ဘူး… ချပ်ဝတ်တန်ဆာ အပြည့်အစုံ ဝတ်ဆင်ထားတဲ့ နိုက်သူရဲကောင်းတွေတောင် အနားမကပ်နိုင်တော့ ဒီလိုစွမ်းအားကို ကျုပ်တို့က ဘယ်လို ခုခံနိုင်မှာလဲ"

ဤစကားကို ကြားခဲ့ရအပြီးတွင် လူအုပ်ကြီးက ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့သည်။

+

"ဖြေရှင်းနည်း တစ်ခုတော့ ရှိပါတယ်" ဂျော့က အေးစက်သော လေသံတစ်ခုဖြင့် ပြောလိုက်သည်။ "နှင်းမှုန် လက်နက်တွေက အစွမ်းထက်ပေမဲ့ သူ့မှာ အားနည်းချက် အချို့ ရှိသေးတယ်... သူ့ကို ကွင်းပြင်ကျယ်မှာသာ အသုံးပြုနိုင်ပြီး နေရာ ပိုကျယ်လေလေ သူက အစွမ်းပိုထက်လေလေပဲ... ဒါပေမဲ့ ကျဉ်းမြောင်းတဲ့ ပတ်ဝန်းကျင်မှာတော့ သူ့ရဲ့စွမ်းအားဟာ အကန့်အသတ် ရှိနေတယ်"

"ကျဉ်းမြောင်းတဲ့ ပတ်ဝန်းကျင်... ဟုတ်လား"

"ဥပမာအားဖြင့် သခင်ရဲတိုက်ပဲ" သူက ရှိနေသော မှူးမတ်များအား စိုက်ကြည့်နေရင်း စကားများကို တစ်လုံးခြင်း ပြောလိုက်သည်။ "ရိုလန်

+

ဝင်ဘယ်ဒန်ဟာ မြစ်နီမြို့ကို ရောက်လာခဲ့ရင်
ရဲတိုက်အတွင်းမှာ သေချာပေါက် နေထိုင်မှာပဲ...
အဲ့ဒီမှာ အစောင့်အနည်းငယ်သာ နေနိုင်ပြီး
တကယ်လို့ ငါတို့က အဲ့ဒီမှာ လူများများ
နေရာချထားနိုင်ရင် အသာစီး ရနိုင်တယ်"

"သခင် ဒယ်လ်တာက ခင်ဗျားနဲ့
ပူးပေါင်းဆောင်ရွက်မှာမို့လား" လေဗီသန်က
အံ့အားတကြီးဖြင့် မေးလေသည်။

"မင်းကလည်း သူ့ရဲ့ စရိုက်ကို သိနေသားပဲ...
သူ့အနေနဲ့ ဒီလိုအရာ တစ်ခုကို ပြုလုပ်ဖို့က
မဖြစ်နိုင်ဘူး... သူ့ရဲ့လည်ပင်းမှာ
ဓားထောက်ထားရင်တောင် သူက ခုခံရဲမှာ

+

မဟုတ်ဘူး" ဂျော့က သူ၏ခေါင်းကို
စိတ်ပျက်လက်ပျက် ခါနေရင်း ပြောလိုက်သည်။

"ဒါပေမဲ့ သူကငါ့ကို အများကြီး
ကျေးဇူးပြုခဲ့သေးတယ်… ရဲတိုက်အတွင်းမှာ
အပြင်မြို့ကို ထွက်နိုင်တဲ့ လျှို့ဝှက်လမ်းကြောင်း
များစွာရှိပြီး ငါတို့က ငါတို့လူတွေကို ရဲတိုက်အတွင်း
ကြိုပို့ထားနိုင်တာနဲ့ သူတို့ကို တွေ့နိုင်မှာ
မဟုတ်ဘူး"

"ခင်ဗျားက… ဘယ်လိုလုပ် သိနေတာလဲ"

"အားလ်ဒယ်လ်တာကြောင့်ပေါ့… သူက
မြို့အတွင်းမှာ ဟိုတူးဒီတူးရတာ အမတန်မှ

+

ဝါသနာပါနေလို့ ငါက ပန်းရန်ဆရာတွေကို
လာဘ်ထိုးပြီး ဒီသတင်းကို စုံစမ်းထားတာ…
ညာဏ်များတဲ့သူ တစ်ယောက်ဟာ
ထွက်ပေါက်တစ်ခုထက် ပိုပြီး ရှိတတ်တယ် ဆိုတဲ့
စကားအရပဲ… ဒါပေမဲ့ သူက သတိကြီးနေတာလား
ကြောက်တတ်တာလား ဆိုတာကိုတော့ ငါက
ခွဲခြားမရနေဘူး"

ဂျော့က နှာမှုတ်နေရင်း ပြောလိုက်သည်။ "ငါဟာ
အစ ပထမက ဒီနည်းလမ်းနဲ့ သူ့ကိုသတ်ဖို့
ရည်ရွယ်ထားတာ… ဒါပေမဲ့ မင်းသား ရိုလန်
အပေါ်မှာလည်း အသုံးဝင်လာလိမ့်မယ်လို့ ငါက
ထင်မထားခဲ့ဘူး"

+

"ဒါပေမဲ့ ဒါက နိုင်ငံတော်ကို သစ္စာဖောက်မှုပဲ…" ဟုဒ်က တီးတိုး ပြောလိုက်သည်။ "ပြီးတော့ ရိုလန် ဝင်ဘယ်ဒန်က အသတ်ခံခဲ့ရရင် သူ့ရဲ့ စစ်တပ်က ငါတို့ကို အမှုန့်ခြေပစ်လိမ့်မယ်"

"ငါတို့က သူ့ကို သတ်မယ်လို့ ဘယ်သူ ပြောသလဲ" ဂျော့က မကျေမနပ်ဖြင့် စားပွဲအား ခေါက်နေရင်း ပြောလိုက်သည်။ "ငါတို့က ရိုလန်ကို ဖမ်းချုပ်ထားနိုင်တာနဲ့ အခြေအနေက ငါတို့ ထိန်းချုပ်မှုအောက်ကို ရောက်သွားလိမ့်မယ်… ဘုရင်အသစ်က အသက်ရှင်နေသေးလို့ သူ့စစ်တပ်ကလည်း အရမ်းကာရော လုပ်ရဲမှာ မဟုတ်ဘူး"

+

"ငါတို့က သူ့ရဲ့ စစ်တပ်ကို နောက်ဆုတ်သွားအောင်တောင် ဖိအားပေးကောင်း ပေးနိုင်လိမ့်မယ်... ဒီသတင်းကို ကြားပြီးသွားရင် ကျန်တဲ့ မှူးမတ်တွေကလည်း ငါတို့ဘက်ကို ပါလာနိုင်တယ်... သူ့လက်အတွင်းမှာ တကယ်တမ်း ရှိနေတာက အနောက်ပိုင်းဒေသ တစ်ခုတည်းသာ ဖြစ်တာကို မမေ့ကြပါနဲ့"

"အဲ့ဒီ အချိန်ကျရင် မြောက်ပိုင်းဒေသက မြို့စားဟာ သူ့ကို ထောက်ခံဦးမလား ဆိုတာကိုတောင် ပြောဖို့ခက်နေတယ်"

"ဒါပေမဲ့ ဘာပဲပြောပြော သူက..."

+

"သူက ဘုရင်အစစ် တစ်ပါး မဖြစ်သေးဘူး... ဘာရွန်ဟုဒ်" ဂူရီ ယူရိန်းက သူ့အား ဖြတ်ပြောလိုက်သည်။ "သူက ဘိသိက်သွန်း မခံရသေးသလို သူ့ကိုယ်သူ ဘုရင်လို့ မကြေညာရသေးဘူး... ငါတို့ဟာ သူကောင်းမျိုးတွေနဲ့ ထုံးတမ်းစဉ်လာ အပေါ်မှာ ယုံကြည်တဲ့ နောက်ထပ် ဝင်ဘယ်ဒန် တစ်ယောက်ကို ရွေးချယ်နိုင်သေးတယ်... ဘုရင့်မြို့တော်မှာ အားထုတ် ရှာဖွေလိုက်တာနဲ့ ဒီလိုမျိုး လူတစ်ယောက်ကို ငါတို့က တွေ့ရှိနိုင်တယ်"

"အဲ့ဒီ အချိန်ကျရင် ငါတို့က သူ့ကို မရှာရသေးခင်မှာပဲ တစ်စုံတစ်ယောက်က ရှေ့ထွက်လာနိုင်တယ်" ဂျော့က သူ၏အသံကို နှိမ့်၍

+

ပြောလိုက်သည်။ "ဒီကနေ ငါတို့က အကျိုးအမြတ် ဘယ်လောက် ရနိုင်သလဲ ဆိုတာကို မင်းတို့အားလုံး သိထားသင့်တယ်... အရာအားလုံးကို အဆုံးရှုံးခံမလား... ဒါမှမဟုတ် မင်းတို့ရဲ့ မိသားစုကို ဂုဏ်ကျက်သရေတွေ ဆောင်ကြဉ်းလာပေးမလား... မင်းတို့က ဘာတွေ တွေဝေနေကြသေးတာလဲ"

သူ၏ စကားများသည် မှူးမတ်များ အကြားတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားစေခဲ့သည်။ သူတို့က ဘာရွေးချယ်သင့်သည်ကို သူတို့က သိနေကြပြီး ဖြစ်လေသည်။

ဂျော့နေရီက ဤရလဒ်ကို မအံ့ဩခဲ့ပေ။ သူဆင့်ခေါ်ထားသော မှူးမတ်များသည် ယခင်က

+

တင်မိုသီအား လိုလားသူများ ဖြစ်ကြသည်။
တင်မိုသီက သေဆုံးသွားသည့်တိုင် သူတို့သည်
သူတို့၏ အကျိုးအမြတ်နှင့် ဆန့်ကျင်ဘက်
ဖြစ်နိုင်သော မင်းသား ရိုလန်အား
ရွေးချယ်ကြလိမ့်မည် မဟုတ်ချေ။

ထို့အပြင် သူရဲဘောကြောင်သူ တစ်အုပ်စုအား သတ္တိ
ရှိလာစေရန် ရနိုင်သော အကျိုးအမြတ်များဖြင့်
မြူဆွယ် ဖြားယောင်းလိုက်ရန်သာ လိုအပ်ပေသည်။

သို့သော်လည်း သူတို့၏ စွမ်းရည်များက
အကန့်အသတ် ရှိနေပြီး ဦးဆောင်မည့်သူ
တစ်ယောက် မရှိပါက ဘာမှ ဖြစ်လာမည်
မဟုတ်ချေ။ မြစ်နီမြို့ သခင်ရာထူးကို ဆက်ခံ၍

+

အလယ်ပိုင်း ဒေသကို ဦးဆောင်ရန် အရည်အချင်း ရှိသူမှာ သူတစ်ယောက်တည်းသာ ရှိနေပေသည်။

ခဏအကြာတွင် လေဗီသန်နှင့် သူ၏အဖွဲ့တို့က ဆုံးဖြတ်ချက် ချပြီးသွားဟန်ဖြင့် မေးလိုက်သည်။ "ကျုပ်တို့က နောက်တစ်ဆင့် ဘာလုပ်ကြမလဲ"

"မင်းတို့ရဲ့ ယုံကြည် စိတ်ချရတဲ့ နိုက်သူရဲကောင်း အချို့ကို ငါ့လက်အောက်ပို့လိုက်ပါ... ပြီးတာနဲ့ စောင့်ပြီးတော့သာ ကြည့်နေလိုက်ပါ" ဂျော့က ယုံကြည်ချက် အပြည့်ဖြင့် ပြောလိုက်လေသည်။

## စာစဥ် ၅၈ : အပိုင်း ၈

+

# အပိုင်း ၈၆၃ : ရှေ့ပြေးနိဒါန်း

နှစ်ရက်ကြာပြီးနောက် ရိုလန် ဝင်ဘာယ်ဒန်၏ ရေတပ်သည် မြစ်နီမြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်လာလေသည်။

သတင်းကို ကြိုတင်၍ ရရှိထားသော အားလ်ဒယ်လ်တာသည် ဤကိစ္စကို အမတန်မှ အလေးအနက်ထား၍ ဆောင်ရွက်ခဲ့သည်။ သူ၏ အမိန့်အောက်တွင် ဆိပ်ကမ်းအား အသေအချာ သန့်ရှင်းထားရုံသာမက ဆွဲဆောင်မှုရှိ၍ လှပသော ပိုးထည်များ၊ အလံတံခွန်များဖြင့် တန်ဆာဆင်ထားလေသည်။

+

ရိုလန် ရောက်လာသော နေ့တွင်
အားလ်ဒယ်လ်တာသည် မှူးမတ်များကို ဦးဆောင်၍
မြို့တံခါး အပြင်သို့ ထွက်ကာ ရိုလန်အား ကြိုဆို
နှုတ်ဆက်ခဲ့သည်။ အစောပိုင်းက ပထမ စစ်တပ်
ရောက်လာခဲ့သည့် အချိန်နှင့်စာလျှင် ယခုအချိန်၌
သူက များစွာပို၍ စိတ်အားထက်သန်
တက်ကြွနေခဲ့သည်။

အလယ်ပိုင်း ဒေသမှ မဟာမှူးမတ်များ အနေဖြင့်
ဂျော့နေရီနှင့် ဂူရီ ယူရိန်းတို့ကလည်း လာရောက်
ကြိုဆိုသည့် အုပ်စုအတွင်းတွင် ပါနေခဲ့လေသည်။

ဘုရင်အသစ်၏ လာရောက်ပုံမှာ အတော်လေး
ကြီးကျယ် ခမ်းနားလှသည်ဟု သူက

+

ဝန်ခံရပေလိမ့်မည်။ ဂျော့အနေဖြင့် မင်းသားရိုလန်၏ နာမည်ပေးထားသော သံမဏိ သင်္ဘောအား မြင်ခဲ့ရသည်မှာ ပထမဆုံး အကြိမ် မဟုတ်ပေ။ သို့ရာတွင် နှစ်ဝက်ကြာပြီးမှ ပြန်တွေ့ခဲ့သော်လည်း ထိုသင်္ဘောသည် သူ့အား ယခင်ကကဲ့သို့ အံ့သြ တုန်လှုပ်နိုင်အောင် စွမ်းဆောင်နိုင်ဆဲပင် ဖြစ်သည်။

ထိုသင်္ဘော၏ နောက်တွင် ကွန်ကရစ် သင်္ဘောများက သေသပ်စွာ တန်းစီထားကြပြီး ယခင်တစ်ခေါက်ထက် များစွာပို၍ အရေအတွက် များနေခဲ့သည်။ သူတို့၏ ဆီးနှင်းဖြူရောင် မီးခိုးတိုင်များနှင့် ထူထဲသော မီးခိုးငွေ့များသည် ကောင်းကင်သို့တိုင် ရောက်သွားကြသည်။

+

တူညီဝတ်စုံများ ဝတ်ဆင်ထားကြသော စစ်သားများက ဆိပ်ကမ်းတစ်လျှောက် ဆင်းသက်လာသည်ကို မြင်ခဲ့ရသော အခါ သူက မအောင့်နိုင်ပဲ လေးစားအားကျသွားမိသည်။ အကယ်၍ သူ့တွင် ကျောက်တုံး မိသားစုအား အလုပ်အကျွေးပြုသည့် ဤကဲ့သို့သော စစ်တပ်တစ်ခု ရှိနေပါက မြစ်နီမြို့ မပြောနှင့် ဘုရင့်မြို့တော် အတွင်းမှ တော်ဝင်နန်းတော်သို့ ချီတက်၍ ထီးနန်းကိုပင် တိုက်ခိုက်နိုင်သေးသည်။

"ဒီအရှုးကတော့… သူ့ကိုယ်သူ ဘယ်လိုလုပ်ပြီး ဒီလိုပုံစံ တည်ဆောက်နိုင်ခဲ့သလဲ မသိပါဘူး" ဂျော့က တံတွေးထွေး၍ ပြောလိုက်သည်။ "လွန်ခဲ့တဲ့

+

ငါးနှစ် ခြောက်နှစ်လောက်က ငါဘုရင့်မြို့တော်မှာ ရှိနေခဲ့စဉ်က သူဟာ မောင်နှမတွေ အထဲမှာ ညာဏ်အတုံးဆုံး ဖြစ်ပြီး သူ့အစ်ကိုတွေနဲ့ ဘယ်လိုမှ ယှဉ်လို့ မရဘူး... အဲ့ဒီအချိန်က ဥခွံထဲက ထွက်ခါစဖြစ်တဲ့ သူ့ညီမကတောင် သူ့ထက် အများကြီး ပိုတော်သေးတယ်"

"ဒါက မင်းသားရိုလန်ဟာ ခန့်မှန်းရ အခက်ဆုံးသူ တစ်ယောက်ဖြစ်တယ်လို့ ဆိုလိုနေတာ မဟုတ်လား" မြစ်သုံးခွအားလ်က ပခုံးတွန့်နေရင်း ပြောလိုက်သည်။ "သူက နယ်စပ်မြို့ကို ဒီလို အခြေအနေရောက်အောင် တည်ဆောက်နိုင်ပြီး သူ့မွေးချင်းတွေ အားလုံးထက် သာလွန်သွားတော့ အရူးတစ်ယောက် မဟုတ်တာ သေချာနေတယ်... ပြုံးပြပြီး ဖော်ရွေမှုကို ပြသဖို့ မမေ့နဲ့ဦးနော်"

+

"ဒါပေါ့… ငါသိပါတယ်" ဂျော့က အမှုမထားဟန်ဖြင့် ပြောလိုက်သည်။ "ဘာပဲပြောပြော သူက တော်ဝင်မိသားစုက အဖွဲ့ဝင် တစ်ယောက် ဖြစ်နေသေးပြီး တကယ်လို့ အရူးတစ်ယောက် ဖြစ်နေခဲ့ရင်တောင် ငါက အကောင်းဆုံး နှုတ်ဆက်ခဲ့မှာပါ… စိတ်မပူပါနဲ့"

"ဒီလိုဆိုရင် အကောင်းဆုံးပေါ့"

ဤအချိန်တွင် ဆိပ်ကမ်းဘက်မှ ဥဩချိုမှုတ်သံ တစ်ခု ကျယ်လောင်စွာ ထွက်လာပြီး လူအုပ်ကြီးက ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့သည်။ အနောက်ပိုင်းဒေသ၏ သခင် သို့မဟုတ် မီးခိုးရောင် ရဲတိုက်၏

+

ဘုရင်အသစ် ဖြစ်သူ ရိုလန် ဝင်ဘယ်ဒန်က ပေါ်လာခဲ့ပြီဟု သူက သိလိုက်လေသည်။

"မင်းတို့ရဲ့ ပြင်ဆင်မှုက ဘယ်အခြေအနေ ရောက်သွားပြီလဲ" ဂျော့က အသက်ရှူအောင့်ထားရင်း မေးလိုက်သည်။

"ငါက ရဲတိုက်အတွင်းကို လူ၅၁ယောက် ပို့ထားပြီးပြီ" ဂူရီ ယူရိန်းက သူ့နေရာတွင်သာ ရပ်နေရင်း အရှင်မင်းမြတ် ရောက်လာသည်ကို စိတ်အားထက်သန်စွာ ကြည့်လိုနေဟန် ဆောင်ထားရင်း ပြောလိုက်သည်။
"နှစ်ရက်အတွင်းမှာ ကျန်တဲ့သူတွေကို ပို့ဆောင်နိုင်တယ်"

+

"ငါကလည်း အတူတူပဲ" ဂျော့က ဖွဖွလေး ပြုံး၍ ပြောလိုက်သည်။ "ဒီလိုဆိုတော့ ငါတို့မှာ အချိန်တွေ အများကြီး ရှိသေးပြီး အခွင့်အရေး ကြီးကြီး တစ်ခုကို စောင့်လို့ရတယ်"

ရိုလန်က မြစ်နီမြို့ အတွင်းသို့ ရောက်ခဲ့အပြီးတွင် ဘာလုပ်လိမ့်မည်ကို သူက ဂူရီနှင့် အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ပြီး ဖြစ်သည်။ ရိုလန်သည် သူတို့၏ ကံကြွေးချ စွမ်းအားများကို ရုပ်သိမ်းမည်ဟု မကြေညာခင် အားလ်ဒယ်လ်တာနှင့် ပထမဦးစွာ သဘောတူညီမှု တစ်ခု ရယူပေလိမ့်မည်။

+

ဘာပဲပြောပြော မြစ်နီမြို့သည် မြို့တော်ကြီး
တစ်ခုဖြစ်၍ သူ့ပတ်ပတ်လည်မှ နယ်မြေများတွင်
မှူးမတ်များစွာ ရှိနေကြသည်။ ထို့ကြောင့်
သူ့အနေဖြင့် မိုးမခမြို့တွင်ကဲ့သို့ လျင်မြန်စွာ
လှုပ်ရှားရန် မဖြစ်နိုင်ပေ။

ဒယ်လ်တာသည် ဆုံးဖြတ်ချက် မပြတ်သားသူ
ဖြစ်သဖြင့် စိတ်ပိုင်းဖြတ်နိုင်ရန် ရက်ပေါင်းများစွာ
ယူရနိုင်သည်။ နောက်ပိုင်းတွင် ထိုသတင်း
ပျံ့နှံ့ရန်နှင့် ကျန်သော မှူးမတ်များ တုံ့ပြန်မှုကို
စောင့်ကြည့်ရန် ရက်အနည်းငယ် ထပ်ယူရမည်
ဖြစ်သည်။

+

ထိုအချိန် အတောအတွင်းတွင် ဂျော့သည် လျှို့ဝှက်
လမ်းကြောင်းများအား သူ၏ လူများအား
ကျန်သောသူများ သတိမထားမိပဲနှင့်
လုံလုံလောက်လောက် ချထားနိုင်ပေသည်။

ပြီးတာနှင့် ညသန်းခေါင်ယံ ခေါင်းလောင်း
တီးခဲ့သော အခါ သူတို့၏ လူများသည်
ရဲတိုက်အတွင်းသို့ အတူတကွ ပြေးဝင်သွားကြမည်
ဖြစ်ပြီး နှင်းမှုန့် လက်နက်များကလည်း
အသုံးဝင်နိုင်တော့မည် မဟုတ်ပေ။ သူတို့တွင်
လူအင်အား ပိုများပြီး ပထဝီဝင် အားသာချက်
ရှိနေသဖြင့် ရိုလန် ဝင်ဘယ်ဒန် အနေဖြင့်
လွတ်မြောက်ရန် မဖြစ်နိုင်တော့ချေ။

+

"သူလာနေပြီ" ဂူရီက ဂျော့အား
သတိပေးလိုက်လေသည်။

ဂျော့သည် ချက်ချင်းပင် အပြုံးတစ်ခုကို
ဖန်တီးလိုက်ပြီး အရှေ့သို့ တက်လှမ်းလိုက်သည်။
ကြိုဆို နှုတ်ဆက်သည့် အုပ်စုအတွင်းတွင် ပထမ
အတန်းသည် အားလ်ဒယ်လ်တာ၏ မိသားစု
အဖွဲ့ဝင်များ ဖြစ်ပြီး ဒုတိယ အတန်းသည်
သူကဲ့သို့သော မဟာမှူးမတ်များ ဖြစ်ပေသည်။

အားလ်ဒယ်လ်တာသည် ဘုရင်အသစ်၏ ဘေးတွင်
ရပ်နေပြီး ဖော်လံဖား အပြုံးတစ်ခုဖြင့်
မှူးမတ်များအား မိတ်ဆက်ပေးနေခဲ့သည်။
ဂျော့သည် သူ၏ ပြုံးဖြီးနေသော မျက်နှာဝိုင်းကြီးနှင့်

+

တုန်ခါနေသော မေးနှစ်ထပ်တို့အား တွေ့ခဲ့ရသော အခါ သူ၏ ဗိုက်အတွင်းမှ မအောင့်နိုင်ပဲ အော်ဂလီဆန်လာခဲ့လေသည်။

ဒုတိယ မင်းသား တင်မိုသီက မြစ်နီမြို့သို့ သူ၏ စစ်တပ်ဖြင့် ချီတက်လာခဲ့စဥ်က အားလ်ဒယ်လ်တာသည် ယနေ့ကဲ့သို့ပင် မနှစ်မြို့ဖွယ် ဖြစ်နေခဲ့သည်ကို သူက ကောင်းစွာ မှတ်မိနေသေးသည်။

"အရှင်မင်းမြတ်... ဒါက ကျောက်တုံး တောင်ကုန်းသခင် အားလ် ဂျော့နေရီ ဖြစ်ပါတယ်" ဒယ်လ်တာက သူ့ထံသို့ နောက်ဆုံးတွင် ရောက်လာခဲ့သည်။

+

"အရှင်နဲ့ တွေ့ရတာ အမတန်မှ ဂုဏ်ယူမိပါတယ်" ဂျော့က သူ၏ညာလက်အား ရင်ဘတ်အပေါ်တွင် ဖိထားကာ အချိုသာဆုံး လေသံဖြင့် ပြောလိုက်သည်။ "ကျောက်တုံး တောင်ကုန်းမှာ အမွှေးကြိုင်ဆုံး လက်ဖက်ခြောက်နဲ့ သစ်သီးဝိုင်တို့ ထွက်ရှိပါတယ်… အရှင်က လာလည်နိုင်ရင် ကျွန်တော်မျိုးက ဝမ်းသာမိမှာပါ"

"တကယ်လား" ရိုလန်ထံမှ တုံ့ပြန်မှုသည် ဂျော့အား အံ့အားသင့်သွားစေခဲ့သည်။ "မင်းရဲ့နယ်မြေက ဘယ်မှာ ရှိသလဲ"

+

အုပ်ချုပ်သူ တစ်ယောက် အနေနဲ့ သူကလည်း
ဂုဏ်ယူ ဝမ်းမြောက်ပြီး အချိန်ရရင်
လာလည်ပါမယ်လို့ ပြန်ပြောရမှာ မဟုတ်လား။
ဂျော့က စိတ်အတွင်းမှ ဤသို့ တွေးနေခဲ့သော်လည်း
နှုတ်မှ လျင်မြန်စွာ ပြန်ဖြေလိုက်သည်။

"မြစ်နီမြို့ရဲ့ အရှေ့ပိုင်းလေးတင်ပါပဲ…
အရှေ့ဘက်ကို နှစ်ကီလိုမီတာ လာခဲ့ပြီး ပထမ
တောင်ကုန်းရဲ့ အနောက်ကို ရောက်ရင် နေရီ
မိသားစုရဲ့ နယ်မြေကို မြင်နိုင်ပါပြီ…
အရှင်မင်းမြတ်"

"ကြည့်ရတာ အတော်လေး ကောင်းမွန်တဲ့
နေရာတစ်ခုပဲ… မင်းက တန်ဖိုးထားနိုင်လိမ့်မယ်လို့

+

ငါက မျှော်လင့်နေပါတယ်" ဘုရင်အသစ်က သူ့ပခုံးအား ပုတ်လိုက်ရင်း ပြုံးကာ ပြောလေသည်။

တန်ဖိုးထားရမယ်၊ ဟုတ်လား။ သူက ဘာကို ဆိုလိုနေတာလဲ။

ရိုလန် သတိမထားမိအောင် ဂျော့က မျက်မှောင်ကြုတ်လိုက်ပြီး သူ၏ သံသယများကို မျက်နှာပေါ်တွင် မပေါ်အောင် သတိပြုနေရင်း ပြန်ပြောလိုက်သည်။ "မှန်လှပါ... အရှင်မင်းမြတ်"

နှုတ်ဆက်ပွဲ အခမ်းအနားတွင် မထင်မှတ်သည်များ ဘာမှ ဖြစ်မလာခဲ့ပဲ ရိုလန်က အားလုံးကို တွေ့ဆုံပြီးသွားသော အခါ အားလ်ဒယ်လ်တာက

+

ရေကန်ဘေးမှ အိမ်တော်တွင် ညှော့်ခံပွဲကြီး တစ်ခု ကျင်းပမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။ ပြီးတာနှင့် သူသည် နိုက်သူရဲကောင်းများအား လမ်းရှင်းရန် အမိန့်ပေးပြီး ဘုရင်အား မြို့တွင်းသို့ ဦးဆောင် ခေါ်သွားတော့သည်။

အားလုံးတို့သည် စီစဉ်ထားသည့် အတိုင်း ဖြစ်လာပြီး သူ၏ မျှော်မှန်းချက်များထက်ပင် အနည်းငယ် ကျော်လွန်သွားခဲ့သည်။ ဘုရင်အသစ်၏ စစ်တပ်သည် မြစ်နီမြို့ အတွင်းသို့ အလောတကြီး ဝင်လာခြင်း မရှိပဲ မြို့စွန်မှ ဆိပ်ကမ်း နေရာ၌သာ တပ်စွဲထားကြသည်။

+

ရိုလန်၏ အနောက်တွင် အစောင့် တစ်ရာပင်
လိုက်မလာပဲ ရဲတိုက်အတွင်းတွင် နေထိုင်သော
အခါ သူ့အိပ်ခန်း ပြင်ပ၌ အစောင့်နှစ်ဆယ်ခန့်သာ
နေရာယူနိုင်ပေသည်။

သူသည် ရလဒ်ကို ယုံကြည်နေပေသည်။

သို့သော်လည်း ဘာအကြောင်းကြောင့်မှန်း မသိ
သူသည် အနည်းငယ် ဂနာမငြိမ်သကဲ့သို့
ဖြစ်နေခဲ့သည်။ ရိုလန်၏ အပြုံးသည် အနည်းငယ်
ထူးခြားနေသကဲ့သို့ ဖြစ်နေခဲ့ပြီး သူ၏ ရင်အတွင်းမှ
စိမ့်ကနဲ ခံစားနေရသည်။

+

ဂျော့က သူ၏ခေါင်းကို ခါ၍ ပျံ့လွင့်နေသော အာရုံများကို စုစည်းလိုက်ကာ တွေးလိုက်သည်။ ငါထင်တာ မှားနေလို့ပါ။ တကယ်လို့ သူက တစ်ခုခုကို ကြံစည်နေရင်တောင် ရဲတိုက်အတွင်းကို ဝင်သွားပြီးရင် ဘာမှ တတ်နိုင်တော့မှာ မဟုတ်ဘူး။ သူက ငါ့လက်အတွင်းကို ရောက်လာတဲ့ အချိန်မှသာ အစောပိုင်းက ဖြစ်ခဲ့တာကို ပြန်မေးလိုက်မယ်။

ထိုအချိန်တွင် သူသည် ရိုလန်အား စိတ်ကျေနပ်အောင် ဖားနေရတော့မည် မဟုတ်ပဲ ဘုရင်ကလည်း ထိုကဲ့သို့သော အပြုံးတစ်ခု ပြုံးပြရန် စိတ်ပါနေတော့မည် မဟုတ်ချေ။

ညအချိန် ရောက်လာခဲ့ပြီ ဖြစ်သည်။

+

မြို့တွင်းမှ လူတိုင်းသည် ဝင်ဘယ်ဒန် မိသားစုမှ နောက်ဆုံးမင်းသားက မြစ်နီမြို့သို့ ရောက်နေမှန်းကို သိနေကြသည်။ သူသည် မီးခိုးရောင် ရဲတိုက်၏ ဘုရင် ဖြစ်လာနိုင်သဖြင့် မြို့တစ်မြို့လုံးက ပျော်ပွဲရွှင်ပွဲများ ကျင်းပနေကြသည်။

ကျယ်ပြန့်လှသော အတွင်းမြို့သည် နေ့ကဲ့သို့ တောက်ပနေပြီး ရေကန်ဘေးမှ အိမ်တော်ကလည်း အလားတူပင် ဖြစ်သည်။ ထိုနေရာသည် အထူး ဧည့်သည်တော်များအား ဧည့်ခံရန် ဆောက်လုပ်ထားခြင်း ဖြစ်ပြီး ညစာခန်းမအား

+

မြစ်နီမြစ်နှင့် ဆက်နေသော ရေအိုင်၏ အပေါ်တွင် တည်ဆောက်ထားသည်။

သူ့အား နှစ်ရာချီ၍ သက်တမ်းရှိသော ထင်းရှူးပင်မျိုးဖြင့် ထောက်ပံ့ထား၍ ထောင်တိုင်များနှင့် ပင့်ထားသော စကြံနံလမ်းအား မြစ်ကမ်းစပ်တိုင်အောင် ဖောက်လုပ်ထားသည်။ ခန်းမအတွင်း၌ စီးဆင်းနေသော ချောင်းတစ်ခုပင် ရှိနေသေးသည်။

ဘုရင်အသစ်အား ကျေနပ်အောင် ပြုစုရန် အားလ်ဒယ်လ်တာသည် လုံ့လများစွာ စိုက်ထုတ်ကာ ပတ်ဝန်းကျင်မှ ရာသီပေါ် အစာများ အားလုံးကို စားပွဲပေါ်တွင် ခင်းကျင်းထားပြီး

+

အချို့ကို ဂျော့က ပထမဆုံး အကြိမ်အဖြစ် တွေ့ခဲ့ရခြင်း ဖြစ်သည်။

သို့သော်လည်း သူက အစားအသောက်များ အပေါ်၌ အာရုံစိုက်နိုင်ခြင်း မရှိပေ။

ရိုလန် ဝင်ဘယ်ဒန်၏ လှုပ်ရှားမှုများ အပြင် သူသည် မြစ်နီမြို့ သခင်အား ထောက်ခံသော အခြား မျိုးမတ်များ အပေါ်၌လည်း စောင့်ကြည့်နေရန် လိုနေသေးသည်။

ဘုရင်အသစ်သည် ညစာခန်းမ အတွင်းတွင် ပေါ်လာသော အခါ ဂျော့က မအောင့်နိုင်ပဲ မျက်မှောင်ကြုတ်မိလေသည်။

+

ရှိလန် အနားမှ အစောင့်များ အားလုံးသည်
အမျိုးသမီးများသာ ဖြစ်နေခဲ့သည်။

## စာစဉ် ၅၈ : အပိုင်း ၉

## အပိုင်း ၈၆၄ : ကြေညာချက် တစ်ခု

ကျော့က တိတ်တဆိတ် ရေတွက်လိုက်ရာ စုစုပေါင်း
အမျိုးသမီး ဆယ်ယောက် ရှိနေမှန်း
တွေ့လိုက်သည်။ ထိုအရေအတွက်သည်
တော်ဝင်မိသားစု ခွင့်ပြုထားသည့်
အရေအတွက်ထက်တော့ ပိုမနေခဲ့ပေ။ သူတို့အနက်
ခြောက်ယောက်တို့သည် အစောင့်များ ဖြစ်ကြကာ

+

အဆင်ပြေစွာ လှုပ်ရှားနိုင်ရန် ဝတ်ရုံတိုနှင့် သားရေ
ဘောင်းဘီတို့အား ဝတ်ဆင်ထားကြသည်။
ခန်းမအတွင်းသို့ ရောက်သည်နှင့် သူတို့သည်
လူခွဲလိုက်ကြကာ ထောင့်တစ်ထောင့်စီတွင်
နေရာယူလိုက်ကြသည်။

သခင်တစ်ယောက် အနေဖြင့် အမျိုးသမီး
အစောင့်များကို ထားခြင်းသည် အဆန်းတော့
မဟုတ်ချေ။ အမှန်အတိုင်း ပြောရလျှင်
ဂျော့ကိုယ်တိုင်ကလည်း သူ၏ စံအိမ်အတွင်းတွင်
နှစ်ယောက် ထားထားသည်။ သူသည် သူတို့အား
အမှန်တကယ် တိုက်ခိုက်ရန် မျှော်လင့်ထားခြင်း
မရှိပဲ အပျော်သဘောသာ ထားခဲ့ခြင်း ဖြစ်သည်။
အထူးသဖြင့် တောရိုင်းအတွင်းတွင် အမဲလိုက်သည့်
အချိန်၌ ဖြစ်သည်။

+

သူတို့၏ ဆွဲဆောင်မှု ကောင်းသော သားရေ ချပ်ဝတ်တန်ဆာများကို ချွတ်ပြီး သူတို့အပေါ်မှ နေကာ သူတို့၏ ခြေထောက်များအား သန့်ရှင်းပေးရခြင်းသည် သူ၏စိတ်ကို အမြဲတမ်း နှိုးဆွပေးနိုင်ခဲ့သည်။

သို့သော်လည်း တရားဝင် အခမ်းအနား တစ်ခုသို့ သူတို့အား ခေါ်ဆောင်လာခြင်းက အတော်လေး ထူးခြားပေသည်။

ရုပ်ကိုယ်ခန္ဓာ စွမ်းအားအရ အမျိုးသမီးများသည် အမျိုးသားများထက် အားနည်းပြီး သူတို့အကြားမှ ကွာဟချက်သည် နည်းနည်းနောနော မဟုတ်ချေ။

+

သို့ဖြစ်၍ အထူးချွန်ဆုံး နိုက်သူရဲကောင်းများနှင့် အစောင့်များတို့သည် ယောကျ်ားများသာ ဖြစ်ကြသည်။ မျက်စိ အစာကျွေးရုံသာ ဖြစ်သော ဤအမျိုးသမီး အစောင့်များကို အပျော်သဘောမှလွဲ၍ မည်သူကမှ ခေါ်ဆောင်လာမည် မဟုတ်ချေ။

ထို့အပြင် ထိုအမျိုးသမီးများ၏ အသွင်အပြင်သည်… အတော်လေးကို ဆိုးရွားလှပေသည်။

ဂျော့သည် ဗိဇာကြောင်သူ တစ်ယောက် မဟုတ်သော်လည်း ဤအမျိုးသမီးများအား မြစ်နီမြို့ အတွင်းမှ အဆင့်နိမ့် ဆောင်ကြာမြိုင်များကပင် လက်ခံလိမ့်မည် မဟုတ်ဟု ယုံကြည်နေခဲ့သည်။

+

ဆွဲဆောင်မှု မရှိသော မျက်နှာများနှင့် ကြမ်းတမ်းသော အသားအရေများမှ နေ၍ သူတို့သည် အသက် သုံးလေးဆယ်ခန့် ရှိနေပြီဟု ဂျော့က ခန့်မှန်းနိုင်ခဲ့သည်။ သူတို့၏ နဖူးမှ မေးအထိ အသားအရေ တွန့်နေပြီး အမည်းစက်များ ပြည့်နေပေသည်။ လေ့ကျင့်ခန်း ပုံမှန် လုပ်မှုကြောင့် သူတို့တွင် သွယ်လျသော ခန္ဓာကိုယ်များ ရှိနေသော်လည်း သူတို့၏ မျက်နှာများကြောင့် မည်သူကမှ လိုချင်ကြမည် မဟုတ်ချေ။

ရိုလန် ဝင်ဘယ်ဒန်တွင် ထူးခြားသော အာသီသများ ရှိနေပေသလော။

+

သို့သော်လည်း ဘုရင်အသစ်၏ လက်ကို ကိုင်ထားသော အမျိုးသမီးအပေါ်သို့ သူ၏ မျက်လုံးများ ကျရောက်သွားသော အခါ သူ၏ ယခင် ယူဆချက်များက ချက်ချင်းပင် ပြောင်းလဲသွားလေသည်။

ထိုအမျိုးသမီးသည် ဘယ်ဘက်မှ ကြည့်ကြည့် ပြီးပြည့်စုံနေသော ခမ်းနားထည်ဝါသည့် အမျိုးသမီးငယ် တစ်ယောက် ဖြစ်နေသည်။ သူမ၏ ရေအိုင်ပြာ မျက်လုံးများသည် သလင်းကျောက်မျက်များနှင့် တူနေပြီး သူမအား ကြည့်ခဲ့သော သူအားလုံးကို ဆွဲဆောင်နိုင်ခဲ့သည်။ ထိုမျက်လုံးများသည် ဂျော့မြင်ဖူးခဲ့သမျှ အတွင်းတွင် အလှပဆုံး မျက်လုံးများ ဖြစ်နေသည်မှာ သံသယဖြစ်ဖွယ် မရှိချေ။

+

သူမ ခန်းမအတွင်းသို့ ဝင်လာသည်နှင့် လူအုပ်ကြီးသည် ခေတ္တမျှ ငြိမ်သက်သွားသည်။ မြောက်ပိုင်းဒေသမှ ပုလဲဖြစ်သူ အက်ဒစ်ကန့်၏ အသွင်အပြင်ကပင် ဤကဲ့သို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားအောင် မဖန်တီးနိုင်ခဲ့ပေ။ အကယ်၍ ထိုကောင်မလေးသည် ဘုရင်ဘေးတွင် ရပ်နေခြင်း မရှိပါက ခန်းမအတွင်းမှ မှုးမတ် အများစုက ဝိုင်းဝိုင်းလည်နေမည်မှာ မုချပင်။

နောက်ဆုံး အမျိုးသမီး နှစ်ယောက်တို့သည် မျက်နှာဖုံးများ ဝတ်ထားကာ သူတို့၏ မျက်နှာများကို အခြားသူများအား မြင်စေချင်ပုံ မရချေ။

+

ထိုအရာသည် ညှော်ခံပွဲတွင် မြင်နေကျ
မဟုတ်သော်လည်း လက်ခံနိုင်သေးသည်။
အကယ်၍ အမြင်မခံလိုလျှင် ညှော်ခံပွဲသို့
မတက်ရောက်ရန် ရွေးချယ်နိုင်ပြီး ဤကဲ့သို့
ဝတ်စားထားပါက အာရုံများကို ပို၍
ဆွဲဆောင်နိုင်မည် ဖြစ်သည်။

"တစ်ခွက်သောက်မလား" ဂူရီက ထိုအချိန်၌
ဝိုင်နှစ်ခွက် ကိုင်ထားရင်း ရောက်လာလေသည်။

"ကျေးဇူးပဲ" သူက ခွက်တစ်ခွက်ကို ယူလိုက်ပြီးမှ
ခန်းမထောင့် တစ်နေရာသို့ သွားလိုက်ပြီး

+

မေးလိုက်သည်။ "မင်းက တစ်ခုခုကို သတိထားမိသလား"

"ရိုလန်ဘောဒ်းက အမျိုးသမီးက... နည်းနည်းလေး ထူးခြားနေတယ်" မြစ်သုံးခွအားလ်က တီးတိုး ပြောလိုက်သည်။ "သူမက အရမ်းကို ချောမောလှပနေတယ်လို့ မင်းမထင်ဘူးလား"

"မင်းကလည်း သတိထားမိတာလား" ဂျော့က သူ့အိတ်ကပ် အတွင်းမှ နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးကို ထိလိုက်ပြီးမှ တီးတိုး ပြောလိုက်သည်။ "သူမက စုန်းမတစ်ယောက် ဖြစ်လိမ့်မယ်လို့ ငါထင်နေတယ်"

+

"ငါကလည်း ဒီအတိုင်းပဲ ထင်တယ်... တကယ်လို့ သူမက မှူးမတ် မိသားစု တစ်ခုက ဖြစ်ခဲ့ရင် သူမအကြောင်းကို ငါတို့ တစ်ခါမှ မကြားဖူးတာ မဖြစ်နိုင်ဘူး"

ရိုလန်က စုန်းမ များစွာတို့အား စုဆောင်းနေသည်မှာ လျှို့ဝှက်ချက် တစ်ခု မဟုတ်ချေ။ ဤကဲ့သို့သော သတင်းများသည် ဘုရင့်မြို့တော်မှ မြစ်နီမြို့သို့ ပျံ့နှံ့လာခဲ့သည်။ အစ ပထမတွင် သတင်းသည် ကြွက်များ အကြား၌သာ ပျံ့နှံ့နေခဲ့သော်လည်း ဘုရင့်မြို့တော်က ကျရှုံးသွား၍ ဘုရားကျောင်းက ရှုံးနိမ့်သွားသော အခါ ပို၍များသောသူများက သူ့အကြောင်းကို ပြောလာကြသည်။

+

ဘုရင်အသစ်သည် သူ၏ သဘောထားအား
အများပြည်သူတို့အား မကြေညာထားခဲ့သော်လည်း
လူအများသည် ဘုရင်အသစ်အား
အမျက်ထွက်အောင် ပြုမိမည် စိုး၍ စုန်းမများအား
သတ်ဖြတ်ခြင်းကို မပြုကြတော့ပေ။ သို့သော်လည်း
မှုူးမတ်အချို့ကသာ စုန်းမများအား
စုဆောင်းခြင်းကို လေးနက်စွာ
သဘောထားခဲ့ကြသည်။

သူတို့၏ အမြင်အရ စုန်းမ တစ်ယောက်သည်
အမျိုးသမီး အစောင့်တစ်ယောက်နှင့် တူနေသည်။
သူတို့အား အရသာခံရန်သာ ထိန်းသိမ်းထား၍
အထူး လိုအပ်ချက်အတွက် အသုံးပြုခြင်း ဖြစ်သည်။
ဘာပဲပြောပြော စုန်းမများသည် သူတို့၏
အလှတရားများကြောင့် နာမည်ကျော်နေသည်။

+

ဘုရားကျောင်းနှင့် တင်မိုသီတို့သည် စုန်းမများကို
အမဲလိုက်နေသည့် အချိန်၌ပင် အချို့လူများက
သူတို့၏ အသက်ကို စွန့်စားပြီးမှ စုန်းမများကို
သိုဝှက်ထားခဲ့ကြသေးသည်။

သို့သော်လည်း ရိုလန်သည် စုန်းမ တစ်ယောက်အား
အဘယ်ကြောင့် ညှော့ခံပွဲသို့ ခေါ်ဆောင်လာသည်ကို
သူတို့က နားမလည်နိုင်ခဲ့ပေ။

အောင်ပွဲများ ဆက်တိုက်ရမှုကြောင့်
ဘုရင်အသစ်သည် အောက်ခြေလွတ်သွားကာ
ကိုယ်ပိုင်ဘဝအား ထင်ရာ လုပ်နေခဲ့သလော။

+

သို့မဟုတ် သူသည် ထိုအမျိုးသမီးအား
အလေးအနက် ထားနေခဲ့သလော။

ဂျော့သည် သူ၏ ဒုတိယ ထင်မြင်ချက်ကို ချက်ချင်း
ပယ်ချလိုက်သည်။

စုန်းမများက ကလေးမရနိုင်ပေ။ ထိုအချက်
တစ်ချက်တည်းကပင် သူမက သူ၏ဇနီး
မဖြစ်နိုင်တော့ပေ။ သူသည် သူမအား ညှော့ခံပွဲသို့
အပျော်သဘောဖြင့် ခေါ်လာခြင်းသာ
ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ဤအရာက ကောင်းမွန်ပေသည်။
ရိုလန်က သူ၏ လက်အတွင်းသို့

+

ကျရောက်လာသော အခါ ဤအရာသည် သူ၏ ပြစ်မှုများ အတွက် အကောင်းဆုံး သက်သေ ဖြစ်လာပေလိမ့်မည်။

သူသည် ရိုလန်အား မှူးမတ်များ၏ ရိုးရာဓလေ့အား လျစ်လျူရှုသည်ဟု အပြစ်တင်၍ ရပြီး မှူးမတ်များနှင့် အတူ ညှိ့ခံပွဲသို့ လိုက်ပါလာသော အမျိုးသမီးများအား စော်ကားသည်ဟုပင် ပြော၍ရသည်။ ဤအချက်သည် တော်ဝင် မိသားစုဝင် တစ်ယောက်အပေါ်၌ များစွာ အကျိုးသက်ရောက်မှုရှိမည် မဟုတ်သော်လည်း ထိုစုန်းမအား စွပ်စွဲ၍တော့ ရပေသည်။ သူမအား မည်ကဲ့သို့ အပြစ်ပေးမည်ကို သူက ဆုံးဖြတ်ရပေလိမ့်မည်။

+

မြစ်သုံးခွအားလ်သည်လည်း တူညီသော အတွေးများ ရှိဟန်ပေါ်နေသည်။ သူက သွားများပေါ်အောင် ပြုံး၍ ပြောလိုက်သည်။ "မင်းက သူမကို တစ်ယောက်တည်း သိမ်းပိုက်လို့ မရဘူး"

"ဟားဟား... ငါကမင်းကို ဘယ်မေ့ပါ့မလဲ... မိတ်ဆွေဟောင်းကြီး" ဂျော့က သူ၏ ဖန်ခွက်ကို မြှောက်ကာ ပြောလိုက်သည်။ "ငါကမင်းကို ပထမဆုံး တစ်ခေါက် ဦးစားပေးပါမယ်"

သူတို့သည် အချင်းချင်း ကြည့်လိုက်ကြရင်း မရယ်မောပဲ မနေနိုင်တော့ချေ။

+

ညှော့ခံပွဲက ကောင်းမွန်စွာ ရှေ့ဆက်နိုင်ခဲ့သည်။ ဘုရင်အသစ်အား ကျန်းမာစေကြောင်း အရက်တစ်ခွက်ဖြင့် ဆုတောင်းခဲ့အပြီးတွင် ဘွဲ့ထူးဂုဏ်ထူး တူသော မှူးမတ်များက အတူတကွ စုဝေးခဲ့ကြသည်။

ယောက်ျားများက လတ်တလော အမဲလိုက်မှုများ၊ သီးနှံ ရိပ်သိမ်းမှုများနှင့် အမှုကိစ္စများ အကြောင်းကို ပြောနေကြပြီး မိန်းမများကမူ နူးညံ့သော ပိုးထည်များနှင့် အဖိုးတန် လက်ဝတ်လက်စားများ အကြောင်းကို ပြောနေကြလေသည်။

+

ဂျော့နေရီကိုလည်း မှုးမတ်များစွာတို့က ဝန်းရံထားသည်။ အနည်းဆုံးတော့ သူ၏ ထောက်ခံသူများသည် မြစ်နီမြို့ သခင်အား ထောက်ခံသူများထက် မနည်းနေသည့်ပုံ ပေါက်နေပေသည်။ ဘုရင်သည် ကံကြွေးချ စနစ်အား ဖျက်သိမ်းရန် ပြင်ဆင်နေသည် ဟူသော ကောလာဟလများကို ကြားခဲ့၍ ခြံစည်းရိုး ခွထိုင်နေကြသူ အချို့ကပင် သူ့ထံသို့ ချဉ်းကပ်လာကြသည်။

ဂျော့သည် ယခုအချိန်၌ ယုံကြည်ချက်များ ပိုရှိလာခဲ့ပြီး ယခင်က ဖော်ပြ၍ မရသော မသက်မသာ ခံစားချက်များကလည်း ဖြည်းဖြည်းချင်း မှေးမှိန် ပျောက်ကွယ်သွားလေသည်။

+

မှန်ပေသည်။ သူ့တွင် အချိန် လုံလောက်စွာ ရှိနေသည်။

ဘာပဲပြောပြော ရိုလန် ဝင်ဘယ်ဒန်သည် အပြင်လူ တစ်ယောက်သာ ဖြစ်ပြီး အကယ်၍ ပြောင်းလဲမှု အသစ်တစ်ခုအား ပြုလုပ်လိုနေလျှင် များစွာပို၍ အားထုတ်ရပေလိမ့်မည်။ အခြား တစ်ဘက်တွင်မူ ကျောက်တုံး မိသားစုသည် ဤနေရာတွင် နေခဲ့သည်မှာ နှစ်ရာပေါင်းများစွာ ရှိနေပြီ ဖြစ်ပြီး အိမ်ကွင်း အားသာချက် ရှိနေပေသည်။

ရိုလန်က မောက်မာထောင်လွှား၍ ထင်ရာစိုင်းမည့်ပုံ ပေါက်နေခဲ့သော အခါ ဤအားသာချက်က ပို၍ပင်

+

ထင်ရှားလာခဲ့သည်။ ယခုအချိန်၌ ဂျော့သည်
သူ၏ကိုယ်ပိုင် အစောင့်များ၊ မြစ်သုံးခွအားလ်၊
လေဗီတန်နှင့် ကျန်သောသူများ၏
အစောင့်များနှင့်ပင် ဘုရင်အသစ်အား တိုက်ရိုက်
ဖမ်းချုပ်၍ ရနိုင်သည်ဟုပင်
ယုံကြည်နေခဲ့လေသည်။

သို့သော်လည်း ခေတ္တမျှ စဥ်းစားခဲ့အပြီးတွင် ဂျော့က
ဤအကြံအစည်ကို စွန့်လွှတ်လိုက်သည်။
ဘာပဲပြောပြော ရေကန်ဘေးမှ အိမ်တော်သည်
နေရာကျယ် တစ်ခု ဖြစ်၍ သူတို့အနေဖြင့်
ထိန်းချုပ်ရန် မလွယ်ကူနေပေ။

+

ထို့အပြင် တပ်ဖွဲ့များကို ရွှေ့ပြောင်းရန်လည်း
မလွယ်ကူသဖြင့် ရိုလန်က ရဲတိုက်အတွင်းသို့
ရောက်မှသာ သူ၏ အကြံအစည်အား
အကောင်အထည် ဖော်လျှင် ပို၍
သင့်တော်ပေသည်။

နောက်ထပ် နှစ်ရက်ခန့်သာ ထပ်စောင့်လိုက်လျှင်
ဘုရင်ငယ်သည် လှောင်အိမ်အတွင်းမှ
ငှက်တစ်ကောင်ပမာ ဖြစ်သွားပေလိမ့်မည်။

"ကျေးဇူးပြုပြီး ငြိမ်ကြပါ" ဤအချိန်၌ပင်
အားလ်ဒယ်လ်တာက သူ၏ လက်ခုပ်များကို
တီးလိုက်ပြီး အားလုံးတို့၏ အာရုံအား
ခန်းမအလယ်သို့ ဆွဲဆောင်လိုက်ကာ

+

ပြောလိုက်သည်။ "အရှင်မင်းမြတ်က ခင်ဗျားတို့ကို တစ်စုံတစ်ခု ပြောစရာ ရှိနေတယ်"

ဂျော့သည် ဆီရွှဲနေသော ဝက်နံရိုး တစ်ချောင်းအား သူ၏ ပါးစပ်အတွင်းသို့ ထည့်ကာ တွေးလိုက်သည်။ သူက အပိတ်မိန့်ခွန်းကို ပြောကြားတော့မှာလား။ နောက်ဆုံးမှာ ညှော့ခံပွဲက ပြီးဆုံးသွားပြီပေါ့။

"ပထမဆုံး အနေနဲ့ ကျုပ်ဟာ ဒီလိုမျိုး ခမ်းနား ကြီးကျယ်တဲ့ ညှော့ခံပွဲ တစ်ခုကို ပြင်ဆင်ပေးတဲ့ အားလ်ဒယ်လ်တာကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်… ဒီနေရာကို လူများစွာတို့ကို ဖိတ်ကြားထားတဲ့ အတွက်လည်း ကျုပ်က ကျေနပ် အားရနေခဲ့တယ်"

+

ရှိလန်က ခန်းမ ပတ်ပတ်လည်ကို
ဝေ့ကြည့်လိုက်ရင်း ပြောလိုက်သည်။
"ကျုပ်မှတ်ထားတာ မမှားရင် မြစ်နီမြို့
ပတ်ပတ်လည်က မျိုးမတ် အားလုံးနီးပါး
ရောက်လာခဲ့ကြတာပဲ"

သူ၏ အပြုံးကို မြင်ခဲ့ရသော အခါ ဂျော့သည်
မအောင့်နိုင်ပဲ ကျောချမ်းသွားမိလေသည်။
လာပြန်ပြီ၊ ဒီအပြုံးပဲ။ အပြုံးတု တစ်ခု။ သူ့ရဲ့
အပြုံးဟာ သူ့ရဲ့ နှုတ်ခမ်းဖျားမှာ တွဲခိုနေခဲ့တယ်။
သူက ဘာတွေများ တွေးနေတာလဲ။

+

"နေမကောင်းတဲ့ နှစ်ယောက်ကလွဲလို့ ကျန်တဲ့ ဖိတ်ကြားထားတဲ့ လူအားလုံးက လာခဲ့ကြပါတယ်... အရှင်မင်းမြတ်" ဒယ်လ်တာက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ငါက ဒီအခွင့်အရေးကို အသုံးချပြီးမှ မင်းတို့ကို တိုက်ရိုက် ပြောလိုက်တော့မယ်" ရိုလန်က သူ၏ လက်များကို ကျောနောက်တွင် ပစ်ထားပြီးမှ ဖြည်းညင်းစွာ ပြောလိုက်သည်။

"ဒီကနေ့ကစပြီး မြစ်နီမြို့နဲ့ သူ့ပတ်ဝန်းကျင်က နယ်မြေတွေက မီးခိုးရောင် ရဲတိုက်ရဲ့ ဘုရင်ဖြစ်တဲ့ ငါ့အပိုင် ဖြစ်သွားပြီ... သူတို့ကို အနာဂတ်မှာ အမွေဆက်ခံလို့ ရတော့မှာ မဟုတ်ဘူး... တခြား

+

စကားလုံးတွေနဲ့ ပြောရရင်..." သူက ခေတ္တ ရပ်နားလိုက်ပြီးမှ ပြောလိုက်သည်။ "အခု အချိန်က စပြီး မင်းတို့အားလုံးဟာ အအပ်နှင်းခံ မှူးမတ်တွေ မဟုတ်ကြတော့ဘူး"

## စာစဥ် ၅၈ : အပိုင်း ၁၀

## အပိုင်း ၈၆၅ : စိတ်ဖတ်ခြင်း

"ဘာ..."

+

ဂျော့က မျက်တောင်များကို ခတ်လိုက်ပြီး ထိုအချိန်ခဏ၌ သူ၏ ကိုယ်ပိုင်နားများကို မယုံနိုင်ခဲ့ပေ။

သူ့ဘေးမှ မြစ်သုံးခွအားလ်ကို ကြည့်လိုက်ရာ သူကလည်း အံ့သြ နှုတ်ဆိတ်နေသည်ကို မြင်လိုက်ရသည်။ ထိုအချိန်၌ မှုးမတ်များ အားလုံး၏ အမူအရာသည် ဂူရီ၏ အမူအရာနှင့် ဆင်တူနေခဲ့သည်။ အခန်းသည် ထိတ်လန့် တုန်လှုပ်မှုများဖြင့် တိတ်ဆိတ်နေခဲ့ပြီး အပ်ကျသံကိုပင် ကြားနိုင်လောက်သည်။

ဤ... ဤအရာသည် အစီအစဉ်၏ အစိတ်အပိုင်း တစ်ခု မဟုတ်နေပေ။

+

ထိုအရာက ရှိလန် ဝင်ဘယ်ဒန်သည်
အားလ်ဒယ်လ်တာအား သွေးဆောင်
စည်းရုံးပြီးသွားပြီဟု ဆိုလိုနေသလော။

ပြီးတာနှင့် သူသည် မြစ်နီမြို့ သခင်ထံသို့
ကြည့်လိုက်ရာ သူ၏ ယူဆချက်များက ချက်ချင်း
လွင့်ပြယ်သွားသည်။ အားလ်ကလည်း
အခြားသူများထက် ပို၍ တည်ငြိမ်နေပုံ ပေါက်မနေပဲ
ပြုံးကျယ်နေသော မျက်လုံးအစုံဖြင့်
ဘုရင်အသစ်အား မယုံနိုင်စွာဖြင့် ကြည့်နေခဲ့သည်။

သူကိုယ်တိုင်က ဧည့်သည်များကို ဧည့်ခံပွဲသို့
ဖိတ်ကြားခဲ့သူ ဖြစ်သဖြင့် ဘုရင်အသစ်၏

+

အင်္ဂါလက်ဝ အတွင်းတွင် ဤကဲ့သို့သော ဝက်ဖဲတစ်ခု ရှိနေမည်ဟု ထင်မှတ်ထားခြင်း မရှိသည်မှာ သိသာနေသည်။

ဒယ်လ်တာအတွက် ရေကန်ဘေးမှ အိမ်တော်ထံသို့ ညွှန်ခံပွဲ တက်ရောက်ရခြင်းသည် သာမန် လုပ်ရိုးလုပ်စဥ် အတိုင်းပင် ဖြစ်သည်။

အခြားသူများ အနေဖြင့်လည်း အလားတူ ဖြစ်လေသည်။

ဤအရာသည် ရိုလန်၏ တစ်ကိုယ်ကောင်းဆန်သော လှည့်ကွက်တစ်ခုသာ ဖြစ်သည်။

+

သူက ရှုးသွပ်နေသလော။

"ကံကြွေးချ စနစ်ဟာ တစ်ယောက်ချင်းစီရဲ့ ကုန်စည် စီးဆင်းမှုကို အကြီးအကျယ် အနှောင့်အယှက် ဖြစ်စေပြီး ဒါကြောင့်မို့ ငါတို့ တိုင်းပြည်ရဲ့ ထုတ်လုပ်နိုင်စွမ်းကို ကန့်သတ်ထားစေတယ် ဆိုတာကို အားလုံးက သတိပြုပြီး ဖြစ်နေလိမ့်မယ်လို့ ငါက ယုံကြည်နေတယ်"

"မီးခိုးရောင် ရဲတိုက်သာ မကပဲ လူသား မျိုးနွယ်စု တစ်ခုလုံးဟာ မကြာမီ မဟာ အကျပ်အတည်း တစ်ခုနဲ့ ကြုံတွေ့ရတော့မှာ ဖြစ်လို့ ငါက ဘာမှ

+

မတတ်နိုင်ပဲ ဒီခက်ခဲတဲ့ ဆုံးဖြတ်ချက်ကို
ချခဲ့ရတယ်… ဒါက မီးခိုးရောင် ရဲတိုက်ဟာ
တစ်ခုတည်း အနေနဲ့ အလုပ်လုပ်နိုင်ဖို့ မင်းတို့
လက်ထဲက နယ်မြေနဲ့ စွမ်းအားတွေကို သိမ်းယူဖို့ပဲ"

ကုန်စည် စီးဆင်းမှုကို အနှောင့်အယှက်
ဖြစ်စေတယ်၊ ထုတ်လုပ်မှု အကန့်အသတ် ရှိတယ်၊
မဟာ အကျပ်အတည်း၊ ဟုတ်လား။ ဒီလူက
ဘာတွေ လျှောက်ပြောနေတာလဲ။ ဒါတွေကို
ဘယ်သူက နားလည်နိုင်မှာလဲ။ ဂျော့က တံတွေးကို
ခက်ခဲစွာ မျိုချနေရင်း တွေးလိုက်သည်။

သို့သော်လည်း ဘုရင်အသစ်သည် မှူးမတ်များ၏
ထင်မြင်ချက်အား ဂရုမစိုက်သည့်ပုံ ပေါက်နေကာ

+

တစ်ဦးမှ မရှိနေသည့် အလား ရှေ့ဆက်ပြောနေခဲ့သည်။ "အခုအချိန်မှာ ဒီဆုံးဖြတ်ချက်က မှန်ကန်ပြီး လိုအပ်နေတယ်လို့ ငါယုံကြည်နေတယ်... ဥပမာအားဖြင့် မီးခိုးရောင် ရဲတိုက်ရဲ့ အနောက်ပိုင်းနဲ့ မြောက်ပိုင်း ဒေသတို့ကို ကြည့်ပါ"

"ကံကြွေးချ မှူးမတ်တွေ မရှိတော့ခြင်းဟာ ဒီဒေသ နှစ်ခုမှာ ကစဉ့်ကလျား မဖြစ်သွားစေခဲ့ပဲ အစီအစဉ် တကျတောင် ဖြစ်သွားစေခဲ့သေးတယ်... တညီတညွတ်တည်း ဖြစ်သွားတဲ့ ဆောင်းမဲ့မြို့တော်ရဲ့ အမိန့်တွေ၊ အစီအစဉ်တွေက မြို့တော်ကို စက်မှုခေတ်ကို ပို့ပေးခဲ့ပြီး အိမ်တွင်း အလုပ်ရုံတွေက တဆင့် စက်ရုံကြီးတွေ အဖြစ် တိုးတက်စေခဲ့တယ်"

+

"တစ်ချိန်တည်းမှာ ချမ်းသာ ကြွယ်ဝမှုတွေကလည်း တိုးတက်လာခဲ့ပြီး ဒီဖြစ်စဉ် အတွင်းမှာ ပါဝင်ခဲ့တဲ့ သူတွေက အကျိုးအမြတ်တွေ ကြီးမားစွာ ရရှိခဲ့တယ်… ဒါက ငြင်းဆန်လို့ မရတဲ့ အချက်တွေ ဖြစ်နေပြီး မင်းတို့အားလုံးက မြင်နိုင်မယ်လို့ ငါထင်ပါတယ်"

"ဒါပေမဲ့ ငါက မှုးမတ် အမျိုးအနွယ် တစ်ခုလုံးကို ဖျက်သိမ်းလိုက်မှာ မဟုတ်ဘူး… မင်းတို့ရဲ့ စံအိမ်နဲ့ ဘွဲ့ထူး ဂုဏ်ထူးတွေကို ဆုံးရှုံးရခြင်းဟာ အရာအားလုံး ဆုံးရှုံးသွားခြင်း မဟုတ်ဘူး… ဒီစနစ် အသစ်မှာ မင်းတို့က အခွင့်အရေးနဲ့

+

အကျိုးအမြတ်တွေကို ပိုမို ကောင်းမွန်စွာ ရရှိလာနိုင်မယ်"

"မင်းတို့ရဲ့ လက်ဝါး အရွယ်အစား ရှိတဲ့ ကိတ်မုန့်တစ်ခုကို မြင်ယောင်ကြည့်ပါ… မင်းတို့က ဒီမုန့်ကို အကုန် မျိုချလိုက်ရင် အဆာပြေရုံလောက်သာ တတ်နိုင်ပေမဲ့ တကယ်လို့ စားပွဲအရွယ်လောက် ကြီးမားတဲ့ ကိတ်မုန့်ကို ရနိုင်ခဲ့ရင် မင်းတို့က တစ်စိတ်လေးပဲ ရရင်တောင် လိုတာထက် ပိုနေပါပြီ"

"ဒီအသွင်ပြောင်းလဲမှုဟာ မင်းတို့နဲ့ မင်းတို့ရဲ့ လက်အောက်ငယ်သားတွေ အတွက်ပါ အကျိုးရှိနိုင်တဲ့ အတွက် တိုင်းပြည်တစ်ခုလုံး အသွင်

+

ပြောင်းလဲမှု ပြုလုပ်ဖို့ လိုအပ်နေတယ် ဆိုတာကို နားလည်ဖို့ သိပ်မခက်ခဲပါဘူး… မင်းတို့အားလုံးက ဒီအသွင်ပြောင်းလဲမှု အကြောင်းကို ကြားပြီးလောက်ပါပြီ… မဟုတ်လား"

အမှန်ပဲ၊ မှူးမတ် အများစုက ခင်ဗျား ဘာကြံနေသလဲ ဆိုတာကို သိနေကြပြီးပြီ။ ဒါပေမဲ့ ခင်ဗျားက ဒီလောက်အထိ စိတ်မရှည် ဖြစ်နေမယ်လို့တော့ မမျှော်လင့်ထားကြဘူး။ ဂျော့က လျင်မြန်စွာဖြင့် တွေးလိုက်သည်။

အစ ပထမတွင် ထိတ်လန့် တုန်လှုပ်သွားခဲ့အပြီး၌ သူသည် ဖြည်းဖြည်းချင်း ပြန်လည် တည်ငြိမ်လာခဲ့သည်။ ဤဖြစ်ရပ်သည် ဆိုးရွားသော

+

အရာတစ်ခု မဟုတ်ပဲ အမှန်တွင် သူ့အတွက် ပိုမို ကောင်းမွန်နေသည် ဟူ၍ပင် သူက အံ့အားသင့်စွာ တွေ့လိုက်ရလေသည်။

ယခုအချိန်၌ မှုုးမတ်များစွာ စုစည်းနေကြသဖြင့် သူတို့အကြားတွင် သဘောတူညီမှု တစ်ခု ရရှိရန်မှာ မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။ ထို့အစား သူတို့နှင့် ဘုရင်အသစ် အကြားမှ ရှိနေပြီးသော သဘောထား ကွဲလွဲမှုများက ပို၍ပင် နက်ရှိုင်းလာနိုင်သည်။

ဘုရင်အသစ်၏ စကားသည် လူအများ၏ အရှေ့တွင် သူ့ကိုယ်သူ လူကောင်းပုံ ဖမ်းနိုင်စေခဲ့သဖြင့် ဂျော့က စိတ်ထဲမှ ကျိတ်၍ ဝမ်းသာနေခဲ့သည်။

+

ဘာပဲပြောပြော မြစ်နီမြို့ သခင်အား အရင်
စည်းရုံးပြီးမှ လုပ်ရမည့် အစား ဘုရင်အသစ်သည်
အလွန်တရာမှ စိတ်လောကြီးနေခဲ့သည်။ သို့ဖြစ်၍
ယခင်က အားလ်ဒယ်လ်တာအား
ထောက်ခံလိုနေကြသော သူများက သူ့ဘက်သို့
လျင်မြန်စွာ ရောက်လာနိုင်သည်။

သူထင်ထားသည့် အတိုင်းပင် မှူးမတ်များက
သတိပြန်ဝင်လာကြသော အခါ သူတို့အနက်မှ
တစ်ယောက်က ပြောလိုက်သည်။
"အရှင်မင်းမြတ်… ကျွန်တော်က အနောက်ပိုင်းနဲ့
မြောက်ပိုင်းဒေသက အခြေအနေတွေ အကြောင်းကို
သိပ်ပြီးမှ ရင်းနှီး ကျွမ်းဝင်နေခြင်း မရှိပါဘူး…
အဲ့ဒီအတွက် ကျွန်တော့်ကို ဆုံးဖြတ်ချက် ချနိုင်ဖို့
ကျေးဇူးပြုပြီးမှ ရက်အနည်းငယ် အချိန်ပေးပါလား"

+

"ဟုတ်တယ်... ဒီကိစ္စက အမတန်မှ အရေးကြီးပြီး ကျွန်တော့်အိမ်ရဲ့ ကံကြမ္မာကို အဆုံးအဖြတ် ပေးနိုင်တယ်... ကျွန်တော်က ဒီဆုံးဖြတ်ချက်ကို တစ်ယောက်တည်း မချနိုင်ဘူး"

"အရှင်မင်းမြတ်... ကျွန်တော်တို့ တစ်ယောက်ချင်းစီက ပိုမို ချမ်းသာ ကြွယ်ဝလာမယ်လို့ အာမခံနိုင်ပါသလား"

"တကယ်လို့ အသွင် ပြောင်းလဲမှုက ကျရှုံးသွားရင် ဘယ်လိုလုပ်မှာလဲ... တကယ်လို့ ကျွန်တော်တို့ရဲ့ နယ်မြေက ဆုံးရှုံးသွားရင် မူလ ကိတ်မုန့်

+

သေးသေးလေးကတောင် မရှိတော့ဘူးလို့
ဆိုလိုနေတာ မဟုတ်ဘူးလား"

"အရှင်မင်းမြတ်ရဲ့ စီမံကိန်းတွေက ထူးချွန်
ပြောင်မြောက်လှပါတယ်... ဒါပေမဲ့
ကျွန်တော်မျိုးက ကုန်သည် တစ်ယောက်
မဟုတ်ပါဘူး... အရှင်မင်းမြတ်"

ဟုတ်တယ်ကွ၊ စပြီ။ ဂျော့က ဝမ်းသာလုံး
ဆို့သွားခဲ့သည်။ သူတို့က ဘုရင်အသစ်အား
မေးခွန်းများ ထုတ်ခဲ့လေလေ သူကိုယ်တိုင်က
ဉာဏ်ရှိသည့်ပုံ ပိုပေါက်လေလေ ဖြစ်နေခဲ့သည်။
အကယ်၍ ရိုလန်သည် မှူးမတ်များအား
အသွင်ပြောင်းလဲမှု အစီအစဉ်ကို ကောင်းမွန်စွာ

+

ချမပြနိုင်ခဲ့ပါက ကသိကအောက် အခြေအနေ
တစ်ရပ်အတွင်းသို့ ကျရောက်သွားပေလိမ့်မည်။

သို့သော်လည်း ရိုလန်၏ မျက်နှာ အမူအရာက လုံးဝ
မပြောင်းခဲ့ပေ။ လူအုပ်ကြီးအား ခေတ္တမျှ
စကားပေးပြောခဲ့အပြီးတွင် ဘုရင်က
လက်တစ်ဖက်အား မြှောက်၍ အားလုံးတို့ကို
ငြိမ်သက်စေခဲ့သည်။ "မင်းတို့က တစ်စုံတစ်ခုကို
အထင် လွဲမှားနေတယ်နဲ့ တူတယ်… ငါက
မင်းတို့ကို အကြံဉာဏ် ပေးနေတာ မဟုတ်ပဲ
အမိန့်ပေးနေတာ ဖြစ်တယ်… ဒီကိစ္စမှာ မင်းတို့ရဲ့
အမြင်ကို ငါတောင်းနေတယ်လို့ ထင်နေတာလား"

+

သူ၏ အသံမှာ မိတ်ဆွေ မဆန်တော့ပဲ
အေးစက်လာလေသည်။ "ငါက မင်းတို့ရဲ့
ခွင့်ပြုချက်ကိုတောင် မလိုဘူး... ဘယ်သူက
တိုးတက်ခြင်း မြင်းရထားပေါ် တက်ပြီး ငါနဲ့အတူ
ပူးပေါင်းမယ်... ဘယ်သူတွေက ခေါင်းမာတဲ့
ကျောက်ဆောင်တွေလို လမ်းပိတ်ပြီး လှည်းဘီးနဲ့
အကြိတ်ခံကာ အမှုန့် ဖြစ်သွားချင်နေသလဲ
ဆိုတာကို ငါက ကောင်းစွာသိနေတယ်"

"အရှင်က... ဘယ်လိုလုပ် သိနေတာလဲ"
အားလ်ဒယ်လ်တာက အံ့အားတကြီးဖြင့်
မေးလိုက်လေသည်။

+

ရိုလန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။ "ဘာဖြစ်လို့လဲ ဆိုတော့ ငါက စိတ်တွေကို ဖတ်တတ်လို့ပဲ"

"ဘယ်.. ဘယ်လိုပြောလိုက်တယ်"

"မင်းတို့ နားလည်နိုင်တဲ့ အတိုင်းအတာထက် ပိုတဲ့ အရာတွေနဲ့ ရင်ဆိုင်ခဲ့ရရင် သံသယဝင်တာက ပုံမှန်ပါပဲ" ရိုလန်သည် အနောက်သို့ လှည့်ကာ အက်ဒစ်အား အချက်ပြ၍ ပြောလိုက်သည်။ "ဒီလိုဆိုတော့ ငါကမင်းကို သရုပ်ပြသရမယ်"

မြောက်ပိုင်းဒေသမှ ပုလဲက ခေါင်းညိတ်လိုက်ကာ မှူးမတ်များထံသို့ ပြုံးပြ၍ ပြောလိုက်သည်။

+

"အရှင်မင်းမြတ်ရဲ့ စွမ်းရည်ကို အလွယ်တကူ
သက်သေပြလို့ ရပါတယ်… ရှင်တို့က ကျွန်မ
ပြောခဲ့တဲ့ စကားလုံးတိုင်းကို လိုက်ပြောလိုက်တာနဲ့
ချက်ချင်း သဘောပေါက်သွားမှာပါ…
အရှင်မင်းမြတ်ရဲ့ စိတ်ဖတ်တဲ့
စွမ်းရည်အောက်ကနေ ဘယ်လိမ်ညာမှုကမှ
မလွတ်မြောက်နိုင်ဘူး"

"မီးခိုးရောင် ရဲတိုက်ကို ဝင်ဘယ်ဒန်တွေ
အုပ်စိုးလာတာက ဒီစွမ်းရည် အပေါ်မှာ
အခြေခံနေတယ်… ကျွန်မ ပြောခဲ့တဲ့ အရာတွေကို
လိုက်မပြောခဲ့တဲ့ သူတွေက အမှုန့်ခြေခံရမယ့်
ကျောက်တုံးတစ်တုံးလို့ သတ်မှတ်ခြင်း ခံရမယ်
ဆိုတာကို အသေအချာ ကြိုပြောထားပါရစေ"

+

"အဓိပ္ပာယ် မရှိဘူး… လုံးဝ အဓိပ္ပာယ် မရှိဘူး…
စိတ်ဖတ်တယ် ဆိုတဲ့ အရာက လုံးဝ မရှိနိုင်ဘူး…
တကယ်လို့ စုန်းမ တစ်ယောက်က ပြောခဲ့တယ်
ဆိုရင်တောင် ယုံနိုင်ဖွယ် ရှိနိုင်သေးတယ်"
ဂျော့နေရီက သူ့ရင်အတွင်းမှ အော်ပြောနေခဲ့သည်။
နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးအား
ချိတ်ဆွဲထားသဖြင့် သူသည် မကောင်းဆိုးဝါး
အင်အားစု၏ ပြုစားခြင်း ခံရမည်ကို
ကြောက်ရွံ့နေခြင်း မရှိပေ။

သူသည် အခြား မှုူးမတ်များကို
ဤဟာသပြဇာတ်အား ရပ်တန့်အောင် ပြုလုပ်ရန်
အကူအညီ တောင်းမည်ဟု ကြံရွယ်ခဲ့သောလည်း

+

လူအုပ်အတွင်းမှ မှုးမတ် များစွာတို့သည်
အက်ဒစ်၏ အကြံပြုချက် အတိုင်း လိုက်လုပ်ရန်
ဟန်ပြင်နေကြသည်ကို တွေ့လိုက်ရသည်။

အကယ်၍ စမ်းကြည့်လျှင်လည်း ဘာမှ ရှုံးနိမ့်စရာ
မရှိဟု သူတို့ အများစုက ယုံကြည်ထားကြသဖြင့်
အက်ဒစ် ဆက်ပြောမည့် အရာကို
စောင့်ဆိုင်းနေခဲ့ကြသည်။ သူတို့သည် ဘုရင်က
သူ့ကိုယ်သူ အရှုးဖြစ်အောင် လုပ်မိမည်ကို
စောင့်မျှော်နေကြသလား သို့မဟုတ် ဘုရင်အား
ပြောင်ကျကျ ဆန့်ကျင်ရန် ကြောက်ရွံ့နေကြသလား
ဆိုသည်ကိုမူ ဂျော့က မခွဲခြားနိုင်ခဲ့ပေ။

+

အက်ဒစ်က ပြုံး၍ ပြောလိုက်သည်။ "အားလုံးတို့ပဲ ကျေးဇူးပြုပြီးမှ သေချာ နားထောင်ထားကြပါ… ပထမ စာကြောင်းက… ကျွန်တော်ဟာ အရှင်မင်းမြတ်ရဲ့ အုပ်ချုပ်မှု ဝါဒလမ်းစဥ် အသစ်ကို လုံးဝ သဘောတူပြီး ဆောင်းမဲ့မြို့တော်က စေလွှတ်မယ့် အရာရှိတွေနဲ့ စိတ်ပါလက်ပါ ပူးပေါင်း ဆောင်ရွက်ပါမယ်"

မှူးမတ်များက အမှုမထားပဲ သူမ၏ အနောက်မှ လိုက်ပြောခဲ့ကြသည်။ အချို့မှာ သူတို့ လုပ်ဆောင်ခဲ့ရသည်မှာ ရယ်စရာ ကောင်းနေသည်ဟု ခံစားနေရ၍ ရယ်သံများကိုပင် ထိန်းမထားနိုင်ခဲ့ချေ။

+

"မင်းတို့ တစ်ယောက်မှ အမှန်ကို ပြောနေကြခြင်း မရှိဘူး" ရိုလန်က ဆုံးဖြတ်ချက် ချလိုက်သည်။ "ဒါက အနည်းငယ် နှောင်တရစရာ ကောင်းနေပေမဲ့ အမှန်ဆိုရင် နားလည်နိုင်ပါတယ်... တကယ်လို့ ငါဆိုရင်လည်း မီးခိုးရောင် ရဲတိုက်ရဲ့ နယ်စပ်ဒေသမှာ တစ်ချိန်လုံး နေနေခဲ့တဲ့ ဘုရင်အပေါ်မှာ အလွယ်တကူ ယုံကြည်နိုင်မှာ မဟုတ်ဘူး... ကျေးဇူးပြုပြီးမှ ဆက်ပြောပါ"

နေပါဦး... တစ်စုံတစ်ခုက မှားနေပြီ။ ဂျော့က မျက်မှောင်ကြုတ်လိုက်သည်။ ဤရိုလဒ်အား မည်သည့် ဘုရင်မျိုးက တည်ငြိမ်စွာ လက်ခံနိုင်မည်နည်း။ သူကိုယ်တိုင်က ကျောက်တုံး တောင်ကုန်းသခင် ဖြစ်နေခဲ့သဖြင့် သူ၏ လက်အောက်ငယ်သား အားလုံးတို့က သူ့အပေါ်တွင်

+

ရိုးသားစွာ နာခံခဲ့ကြသည် မဟုတ်ဟု သူက
သိနေခဲ့သော်လည်း သူ့အရှေ့တွင်
ပြောင်ပြောသည်ကို ကြားလိုမည် မဟုတ်ချေ။

သူက ကသိကအောက် ဖြစ်ပြီး စိတ်အနှောင့်အယှက်
ဖြစ်သွားရမှာ မဟုတ်ဘူးလား။ ရိုလန်
ဝင်ဘယ်ဒန်က ဘာဖြစ်လို့ ဒီလောက်အထိ
တည်ငြိမ်နေရတာလဲ။

"ဒုတိယ စာကြောင်းက... အရှင်မင်းမြတ်
ဘာလုပ်ချင်နေသလဲ ဆိုတာကို ကျွန်တော်က
နားမလည်ပေမဲ့ ကံကြွေးချ စွမ်းအားဟာ ကျွန်တော်
ဆက်လက် ရှင်သန်ဖို့ မရှိမဖြစ် လိုအပ်နေတဲ့
အရာတစ်ခု မဟုတ်ပါဘူး... ပိုမို အကျိုးအမြတ်

+

ရရှိမယ့် အခွင့်အရေးတွေ ရနိုင်တာနဲ့
ကျွန်တော်မျိုးဟာ ပူးပေါင်း ဆောင်ရွက်ဖို့
လိုလားနေပါတယ်"

အက်ဒစ်က သူမ၏ နှုတ်ခမ်းများကို ပွတ်သပ်၍
စိတ်ဓာတ် တက်ကြွစွာဖြင့် ပြောလိုက်လေသည်။
"ကျေးဇူးပြုပြီးမှ ကျွန်မ ပြောတဲ့အတိုင်း
တစ်လုံးချင်း လိုက်ပြောလိုက်ပါ... ပီပီသသ ပြောဖို့
မမေ့ကြပါနဲ့"

## စာစဥ် ၅၈ : အပိုင်း ၁၁

## အပိုင်း ၈၆၆ : ဖန်ခွက်တစ်လုံးအား ပေါက်ခွဲခြင်း

+

အက်ဒစ်၏ ဒုတိယ မေးခွန်းအပြီးတွင်
အခြေအနေများက လုံးဝ ပြောင်းလဲသွားခဲ့သည်။

မှုးမတ် လေးယောက်တို့သည် ဘုရင်အသစ်
အစောင့်များ၏ လူအုပ်အတွင်းမှ
ခေါ်ထုတ်သွားခြင်းကို ခံခဲ့ရသည်။

လူအုပ်ကြီးကလည်း စတင်၍ လှုပ်လှုပ်ရှားရှား
ဖြစ်လာလေသည်။

"အရှင်မင်းမြတ်... ဒါက ဘာလဲ"

+

"ဟင်းဟင်း… မင်းတို့ ခန့်မှန်းတာ မှန်ပါတယ်… သူတို့ လေးယောက်တို့ဟာ အမှန်ကို ပြောနေကြတာ" ရိုလန်က သူ၏ လက်များကို ဖြန့်၍ ပြောလိုက်သည်။ "သူတို့ရဲ့ သတ္တိနဲ့ ကြိုးစားလိုစိတ်တို့ကြောင့် သူတို့ဟာ ငါ့ရဲ့ မြင်းရထားပေါ် တက်ဖို့ လုံလောက်တဲ့ အရည်အချင်းတွေ ပြည့်မီသွားပြီ"

ပြီးတာနှင့် သူက အရွေးချယ်ခံခဲ့ရသော မျိုးမတ်များဘက်သို့ လှည့်လိုက်သည်။ "အကောင်းဆုံး ကြိုးစားကြပါ… မင်းတို့ရဲ့ လက်တွေအတွင်းကို ကျရောက်လာတဲ့ အခွင့်အရေးကို အဆုံးရှုံး မခံပါနဲ့"

+

"မှန်.. မှန်လှပါ... အရှင်မင်းမြတ်" မှူးမတ်လေးယောက်တို့သည် မြှောက်ပင့်ပြောဆိုခြင်းခံခဲ့ရသကဲ့သို့ ပျာပျာသလဲ ပြန်ပြောလိုက်လေသည်။

အဓိပ္ပာယ် မရှိတာ။ ဂျော့က မအောင့်နိုင်ပဲ ရင်အတွင်းမှ မာန်ဖီ ပြောဆိုလိုက်သည်။ သတ္တိ၊ အရည်အချင်း၊ ဟုတ်လား။ မင်းက လာနောက်နေတာလား။ ဒီလူတွေက ဘာမှမဟုတ်ပဲ ဒေဝါလီခံရလုနီးပါး ဖြစ်နေတဲ့ ဘာရွန်တွေ သက်သက်သာပဲ။ သူတို့မှာ ဘွဲ့ထူးတွေကလွဲလို့ ဘာမှမရှိပဲ အထွက်နှုန်း နည်းပါးတဲ့ ဖုန်းဆိုးမြေ၊ ညံ့ဖျင်းတဲ့ စီမံခန့်ခွဲမှုနဲ့ နည်းပါးတဲ့ လူဦးရေသာ ရှိတော့တယ်။

+

သူတို့ လယ်မြေရဲ့ အထွက်နှုန်းဟာ စားဖို့ကိုတောင် မနည်း လုံးပန်းနေရလို့ စွန့်လွှတ်လိုက်ရရင်လည်း ဘာပြဿနာမှ မရှိဘူး။ သူတို့ လက်အောက်က မြေတွေဟာ ဘာမှမဟုတ်ပဲ အထိမ်းအမှတ် တစ်ခုသာ ဖြစ်နေတယ်။ ဒီမြေတွေကို ဆုံးရှုံးသွားရင် သူတို့က ဒီဧည့်ခံပွဲကိုတောင် အဖိတ်ခံရတော့မှာ မဟုတ်ဘူး။ ဒီလိုမျိုး လူတွေက ဘုရင်အသစ်ရဲ့ အထူး အာရုံစိုက်မှုကို ရခဲ့တာလား။

ဒါမှမဟုတ် သူတို့က ဒီလိုမျိုး ယုတ္တိမတန်တဲ့ ပြဇာတ်တစ်ခုကို ကပြဖို့ ရိုလန် ဝင်ဘယ်ဒန်နဲ့ ပူးပေါင်း ကြံစည်ခဲ့တာ ဖြစ်နိုင်တယ်။

+

နေပါဦး။ သူသည် သိပ်မကြာသေးခင်က ဘုရင့်မြို့တော်မှ လာခဲ့သော ယုံနိုင်ဖွယ် မရှိသည့် ဇာတ်လမ်းတစ်ခုအား ပြန်လည် အမှတ်ရလိုက်သည်။

ရိုလန် ဝင်ဘယ်ဒန်နှင့် ပတ်သတ်သော ဤဇာတ်လမ်းတွင် သက်သေအချို့သာ ရှိခဲ့သည်။ ထိုဇာတ်လမ်းအရ ဘုရင့်မြို့တော်အား သိမ်းပိုက်အပြီးတွင် မင်းသားသည် နန်းတော်၌ မဟာမှူးမတ်များအား တရားစီရင်ခဲ့သည်ဟု ဆိုသည်။

ရလဒ်မှာကား ဘုရင့်မြို့တော် အတွင်းရှိ တကယ့်စွမ်းအားများကို ထိန်းချုပ်ခဲ့သော

+

မှုူးမတ်များ အားလုံးနီးပါးတို့က အသုတ်သင်ခံခဲ့ရခြင်းပင်တည်း။ တင်မိုသီ ကိုယ်တိုင်ကပင် ကင်းလွတ်ခြင်း မရှိခဲ့ပဲ သေဒဏ် ချမှတ်ခံခဲ့ရသည်။ တရားစီရင်ခြင်းထက် စာလျှင် ထိုအရာအား ဆေးကြော သန့်စင်ခြင်းဟုပင် ခေါ်ရမည် ဖြစ်သည်။

ထိုတရားစီရင်မှုသည် အလွန်တရာမှပင် ထူးခြား ဆန်းကြယ်လှပေသည်။

ရိုလန်သည် မှုူးမတ်များအား အမေးအဖြေ ကစားပွဲ တစ်ခုဖြင့် စီရင်ချက် ချခဲ့ခြင်း ဖြစ်သည်ဟု သူက ကြားခဲ့ရသည်။

+

မှုူးမတ်များသည် မေးခွန်းဆယ်ခွန်းအား ဖြေဆိုရန် အတောင်းဆိုခံခဲ့ရသည်။ အကယ်၍ သူတို့က မေးခွန်းတစ်ခုအား မှားယွင်းစွာ ဖြေဆိုမိလျှင် အကျဉ်းထောင်သို့ အပို့ခံခဲ့ရသည်။ ရယ်ရွှင်ဖွယ်ရာ ဤစည်းမျဉ်းသည် စိတ်ဖတ်ခြင်းပေါ်တွင် အခြေခံထားသည်ဟု ဆိုသည်။

ထိုအချိန်က ဂျော့သည် ဤကောလာဟလကို စိတ်ထဲတွင် မထားခဲ့ပဲ ထိုအရာက ကံကောင်းစွာ လွတ်မြောက်လာသော မှုူးမတ်များက သူတို့၏ အပြစ်နှင့် သူရဲဘောကြောင်မှုများကို ဖုံးကွယ်ရန် လုပ်ကြံ ဖန်တီးထားသည့် ဇာတ်လမ်းတစ်ပုဒ်သာ ဖြစ်သည်ဟု ထင်မှတ်ထားခဲ့သည်။

+

ရိုလန်သည် ယခင်ဘုရင်၏ ဝန်ကြီးများကို အစကတည်းက သက်ညှာရန် အစီအစဉ် မရှိနေပဲ သူ၏ကိုယ်ပိုင် နှစ်သက်မှုများ အပေါ် မူတည်၍ စီရင်ချက် ချခဲ့သည်ဟု သူက ခိုင်မြဲစွာ ယုံကြည်ထားခဲ့သည်။

သို့သော်လည်း ဂျော့အနေဖြင့် သူ၏ ယခင်က ယုံကြည်ချက်များကို ယခုအချိန်၌ မသေချာနေတော့ပေ။

ထိုကောလာဟလများက အမှန်ပင် ဖြစ်နေနိုင်သလော။

+

"တတိယ စာကြောင်းကို ကျွန်မ ပြောတော့မယ်… အသေအချာ နားထောင်ထားကြပါ" အက်ဒစ်၏ အသံက ထပ်ဖန်တစ်ခါ ပျံ့လွင့်လာပြန်သည်။
"ကျွန်တော်ဟာ ကျွန်တော့်ရဲ့ နယ်မြေကို စွန့်လွှတ်ဖို့ ရည်ရွယ်ချက် မရှိနေပေမဲ့ ကြီးမားတဲ့ စွမ်းအားအရှေ့မှာ ကိုယ့်အသက်ကို စတေးပြီးမှ သူတို့ကို ဖက်တွယ်နေဖို့ ဆန္ဒ မရှိပါဘူး"

သူမက လူအုပ်ကြီးအား အချက်ပြလိုက်သည်။
"ကဲ… အခု ရှင်တို့ရဲ့ အလှည့်ပဲ"

ခန်းမ အတွင်းမှ အခြေအနေက ပြောင်းလဲသွားခဲ့သည်။

+

မှုုးမတ် ပထမ တစ်သုတ်က အရွေးချယ်ခံခဲ့ရကာ ဘုရင်၏ အသိအမှတ် ပြုခြင်းကို ခံခဲ့ရအပြီးတွင် အစ ပထမက အက်ဒစ်၏ စကားများကို အလေးမထားပဲ လိုက်ပြောခဲ့သူများက ရှုပ်ထွေးသော ခံစားချက်များကို ခံစားနေခဲ့ရသည်။

ဤအကြိမ်တွင် တုံ့ပြန်မှုများက တစ်ချိန်တည်းပင် ဖြစ်မနေတော့ပေ။

သို့သော်လည်း အစောင့်များက မှုုးမတ်များကို ဆက်လက် ရွေးချယ်ခဲ့ကြသေးသည်။

ထိုလူများ အတွင်းတွင် အားလ်ဒယ်လ်တာကလည်း ပါနေသဖြင့် ဂျော့နေရီက အံ့အားသင့်သွားသည်။

+

"ဘာဖြစ်နေတာလဲ" ဂူရီက ဂျော့ဘက်သို့ ဖြည်းဖြည်းချင်း ရွေ့လာရင်း အသံတိုးတိုးဖြင့် မေးလိုက်သည်။ "ဒါက ဘုရင်အသစ်ဟာ သူတို့ကို သွေးဆောင်ပြီးသွားပြီလို့ ဆိုလိုနေတာလား"

ဂျော့က တစ်ယောက်ချင်း ရေတွက်လိုက်သည်။ စုစုပေါင်း မှူးမတ် ၂၁ယောက်တို့က အရွေးချယ်ခံခဲ့ရပြီး သူတို့အတွင်းတွင် ရိုလန်နှင့် တိုက်ခိုက်ရန် သိပ်မကြာမီက သူနှင့်အတူ ဆွေးနွေးခဲ့ကြသူ အချို့သာ ပါနေသည်။ ထိုမှူးမတ်နှင့် သူတို့၏ အစေခံများ မပါတော့သော အခါ လူအုပ်ကြီးက တစ်ဝက်ခန့် လျော့ကျသွားလေသည်။

+

"မ.. မဖြစ်နိုင်ဘူး... တကယ်လို့ ရိုလန်က လူ့ဒီလောက် အများကြီးကို ဆက်သွယ်ခဲ့ရင် ငါက သတိပြုမိပြီး ဖြစ်နေလိမ့်မယ်" ဂျော့က သူ၏အံကို ကြိတ်နေရင်း ပြောလိုက်သည်။ "သူတို့ကို ဒီနေရာမှာတင် ရွေးချယ်ခဲ့တာပဲ ဖြစ်ရမယ်"

"ဒီလိုဆိုတော့... သူတို့ကို ဘယ်လို ရွေးချယ်ခဲ့တာလဲ" ဘာရွန် လေဗီသန်ကလည်း ဂျော့အနားသို့ ရောက်လာခဲ့သည်။ "ဟိုကောင် ဟုဒ်က အစတုံးက ကျွန်တော်တို့နဲ့ ရှိနေခဲ့သေးတယ်"

"ဘာလဲ" ဂျော့က သူ့အား စူးစူးဝါးဝါး ကြည့်လိုက်သည်။ "'အရှင်... အရှင်က

+

ကျွန်တော်တို့ကို အနိုင်ကျင့်တာပဲ… ကျွန်တော်တို့ရဲ့ နယ်မြေတွေက ကျန်တဲ့ ဘယ်အရာတွေထက် မဆို ပိုပြီးမှ အရေးကြီးတယ်… ကျွန်တော်က သူတို့ကို စွန့်လွှတ်ရမယ့် အစား အသေသာခံလိုက်မယ်'… မင်းက ဒီလိုမျိုး ပြောချင်နေတာလား"

"အာ… ကျွန်.. ကျွန်တော်က…"

ငတုံးပဲ။ ဂျော့က အမျက်တကြီးဖြင့် တွေးလိုက်သည်။ အရေးကြီးတဲ့ အရာက အရွေးချယ်ခံခဲ့ရတဲ့ မှူးမတ်တွေ မဟုတ်ပဲ ကျန်နေခဲ့တဲ့ သူတွေသာ ဖြစ်တယ်။ ရိုလန် ဝင်ဘယ်ဒန်က သူရဲ့ မျက်လုံးတွေကို ဒီအတိုင်းမှိတ်ပြီး ဘယ်သူကို မဆို သူ့ရဲ့

+

နောက်လိုက်တွေ အဖြစ် ရွေးချယ်ပြီး
ကျန်တဲ့သူတွေကို ဖိနှိပ်ထားနိုင်တယ်။

ဒါပေမဲ့ ကျန်နေတဲ့ သူတွေ အတွင်းမှာ သူ့ကို
ပုန်ကန်မယ့်သူတွေ မဟုတ်ပဲ ထောက်ခံတဲ့သူတွေ
ပါမနေဘူးလား ဆိုတာကို သူက ဘယ်လိုလုပ်
သိနိုင်မှာလဲ။

တကယ်လို့ သူက မှားယွင်း ရွေးချယ်မိခဲ့ရင် သူ့ကို
ထောက်ခံမယ့် သူတွေကို ဆန့်ကျင်ဘက်
လုပ်မိမှာပဲ။ ဒီလို လှည့်ကွက်မျိုးဟာ မှူးမတ်တွေကို
သတိပေးတဲ့ အရာတစ်ခုထက် မပိုနေဘူး။
ဒါမှမဟုတ် သူက သူ့ရဲ့ စိတ်ဖတ်နိုင်တဲ့ စွမ်းရည်ကို
ကြွားဝါလိုနေတာများလား။

+

ဂျော့သည် ဘေးပတ်ပတ်လည်ကို
အကဲခတ်လိုက်ပြီး ဘုရင်အသစ်က
အမှန်တကယ်ပင် သူနှင့်အတူ အစောင့်
ခြောက်ယောက်ကိုသာ ခေါ်လာမှန်းကို
အတည်ပြုလိုက်သည်။ အကယ်၍ မှူးမတ်
တစ်ယောက်၊ နှစ်ယောက်သာ ကျန်ခဲ့ပြီး ဘုရင်က
အခြားသူများကို သတိပေးသည့် အနေဖြင့်
သူတို့အား အပြစ်ပေးလိုနေခဲ့လျှင်ပင် ထိုအစောင့်
ခြောက်ယောက်ဖြင့်သာ လူအုပ်ကြီးကို
ထိန်းချုပ်နိုင်လိမ့်မည် မဟုတ်ချေ။

အနည်းဆုံးတော့ သူနှင့် မြစ်သုံးခွအားလ်တို့သည်
ဘာမှ မလုပ်ပဲနှင့် ထိုင်ကြည့်နေမည် မဟုတ်ချေ။

+

"စွမ်းအားအရှေ့မှာ အညှံ့ခံရတာကို ဘာမှ ရှက်နေစရာ မလိုပါဘူး" ဒုတိယ အသုတ် ရွေးချယ်ထားသော မှူးမတ်များကို ပြုံးပြနေရင်း ရိုလန်က ပြောလိုက်သည်။ "ရှေးခေတ်ကတည်းက အစွမ်းထက်တဲ့သူတွေက အားနည်းတဲ့သူတွေကို အုပ်ချုပ်လာကြတယ်... အခြေအနေကို မှန်ကန်စွာ အကဲခတ်တတ်ပြီး ဆီလျှော်စွာ လှုပ်ရှားတတ်တာက သတ္တိရှိသလိုပဲ ချီးမွမ်းထိုက်ပါတယ်"

"မင်းတို့ရဲ့ ဘိုးဘေးတွေဟာ မီးခိုးရောင် ရဲတိုက်မှာ နေရာတစ်ခုကို ရယူနိုင်ခဲ့ပြီး အချိန် ကုန်ဆုံး ဖြတ်သန်းသွားပြီး အမွေပျောက်ခံရမယ့် အစား

+

သူတို့ရဲ့ မျိုးဆက်တွေကို ဆက်လက် ရှင်သန်အောင်
ဖန်တီးနိုင်ခဲ့တယ်... ဒီစွမ်းဆောင်ရည်
တစ်ခုတည်းက သူတို့ရဲ့ စွမ်းရည်ကို
သက်သေပြခဲ့ပြီး ဖြစ်တယ်...
မင်းတို့အားလုံးကလည်း သူတို့ရဲ့ ဉာဏ်ပညာကို
အမွေ ဆက်ခံနိုင်ခဲ့တဲ့ အတွက် ငါက
ဝမ်းသာပါတယ်"

"ဒါ့အပြင် မင်းတို့က ပထမအသုတ် မျိုးမတ်တွေနဲ့
အတူတူ အဆက်ဆံခံရမယ်လို့ ငါက
ကတိပေးတယ်... မင်းတို့ ဒီကနေ့ ဘာပြောခဲ့သလဲ
ဆိုတာကိုသာ မှတ်မိနေကြဖို့ ငါမျှော်လင့်ပါတယ်...
အနာဂတ်မှာ မင်းတို့က တူညီတဲ့
ဆုံးဖြတ်ချက်တွေကို ချရတော့မယ် ဆိုရင်

+

ဆောင်းမဲ့မြို့တော်ရဲ့ စွမ်းအားကို
ထည့်သွင်းစဉ်းစားဖို့ မေ့မနေပါနဲ့"

ပြီးတာနှင့် သူက မြောက်ပိုင်းဒေသမှ ပုလဲအား
ကြည့်လိုက်သည်။ "နောက်ထပ် စာကြောင်း"

အက်ဒစ်က ခေါင်းညိတ်ပြလိုက်သည်။
"စတုတ္ထစာကြောင်း... ကျွန်တော်ဟာ သူတို့
နှစ်ခုလုံးကို မစွန့်လွှတ်နိုင်ပဲ ဘာကို ရွေးချယ်ရမှန်း
မသိနေပါဘူး"

ဤစာကြောင်းသည် အလွန်ပင် တိုသော်လည်း
ကျန်ရှိနေသေးသော မှူးမတ်များအနက် ငါးယောက်
ခြောက်ယောက်တို့ကသာ လိုက်ဆိုခဲ့ကြပြီး

+

အများစုမှာ သူတို့က ခွဲခြား ဆက်ဆံခြင်း ခံနေရသည်ကို သတိပြုမိသဖြင့် နှုတ်ဆိတ်၍သာ နေခဲ့ကြသည်။

လိုက်ဆိုခဲ့ကြသူများ အနက် အစောင့်များသည် သုံးယောက်ကိုသာ ရွေးချယ်ခဲ့ကြလေသည်။

"အဟမ်း... အရှင်မင်းမြတ်... ကျွန်တော်တို့က အရှင် စိတ်ဖတ်တတ်တယ် ဆိုတာကို ယုံကြည်ပါတယ်... ဒီလိုဆိုတော့ အခု ဒီကစားပွဲကို ရပ်လိုက်ရအောင်"

"ဟုတ်ပါတယ်... ဘာပဲပြောပြော ဒါက ကြိုဆို ညှော့ခံပွဲ တစ်ခုပဲ... အရှင်က..."

+

အားလ်ဒယ်လ်တာနှင့် အားလ်မြစ်သုံးခွတို့က ဘုရင်အား တစ်ယောက်ပြီး တစ်ယောက် အသနားခံလိုက်ကြလေသည်။

"ကြားနေသူတွေက ငါမှန်းဆထားတာထက် ပိုနည်းနေတာပဲ" သို့သော်လည်း ရိုလန်က သူတို့၏ စကားများကို မကြားသကဲ့သို့ပင် ဆက်ပြောလိုက်သည်။ "ဆုံးဖြတ်ချက် မပြတ်သားပဲ တွေဝေနေမှုဟာ ကောင်းမွန်တဲ့ အကျင့်စရိုက်လို့ သတ်မှတ်လို့မရဘူး… အထူးသဖြင့် အသွင်ပြောင်းလဲမှု အချိန်ကာလကို ရောက်နေတဲ့ အချိန်မှာပဲ"

+

"ဒါပေမဲ့ မင်းတို့က ပြုပြင် ပြောင်းလဲလို့ရတဲ့ အမျိုးအစား အတွင်းမှာ ပါနေသေးလို့ ဒီမှာပဲ နေနေသင့်တယ်… ခဏနေရင် မင်းတို့က စိတ်ပြောင်းသွားမလား ဆိုတာကို ပြောလို့မရဘူး"

သူက ခေတ္တမျှ ရပ်နားလိုက်ပြီးမှ ကျန်သော မှူးမတ်များကို ပြောလိုက်သည်။ "အခုက နောက်ဆုံးစာကြောင်းပဲ… ဒါပေမဲ့ ဒါက ဘာလဲဆိုတာကို မင်းတို့က သိပြီးနေလောက်ပြီ… ဒီလိုဆိုတော့ ငါကိုယ်တိုင်ပဲ မင်းတို့ကို ပြောပေးလိုက်မယ်…"

"ဘာပဲဖြစ်ဖြစ် ငါက ငါ့နယ်မြေနဲ့ စွမ်းအားတွေကို လွှဲမပြောင်းပေးနိုင်ဘူး… ဒီအကြောင်းရင်းကြောင့်

+

ငါက စွန့်စားလိုနေတယ်… ငါက ဘုရင်ကို
အနိုင်တိုက်နိုင်ရင် ငါ့ရဲ့အိမ်နဲ့ စည်းစိမ် ဥစ္စာတွေကို
စွန့်လွှတ်စရာ မလိုတော့ဘူး"

ဤအချိန်ခဏ၌ မီးဖိုအောက်ခံ ကျောက်ပြားများက
လေမတိုက်ပဲနှင့် ယိမ်းယိုင်သွားသကဲ့သို့
ဖြစ်သွားခဲ့သည်။

ခန်းမ အတွင်းမှ လူတစ်ယောက်ကမှ သူတို့၏
ပါးစပ်ကို မဟခဲ့ပဲ ပတ်ဝန်းကျင် တစ်ခုလုံးက
အေးစက်သွားလေသည်။

"မင်းတို့က ဘာမှမပြောလဲ ကိစ္စမရှိဘူး… ငါအရင်
ပြောခဲ့သလိုမျိုး ဒါက အကြံပေးချက် မဟုတ်ပဲ

+

အမိန့်တစ်ခုသာ ဖြစ်တယ်" ရိုလန်က ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "လိုက်မပြောတဲ့ သူတွေက ငါ့ရဲ့ မြင်းရထား အပေါ်ကို တက်နိုင်ဖို့ အခွင့်အရေး ဆုံးရှုံးသွားပြီး မင်းတို့ရဲ့ လမ်းက ဒီမှာပဲ အဆုံးသတ်သွားပြီ"

"ဒါက ဘာကို ဆိုလိုနေတာလဲ" ဂျော့က သုန်မှုန်စွာဖြင့် မေးလိုက်သည်။ "ကျွန်တော်တို့ကို ဘာသက်သေမှ မရှိသလို ကျနစွာ တရားစစ်ဆေးမှု မရှိပဲ ဘယ်လိုလုပ် စီရင်ချက် ချနိုင်မှာလဲ"

လက်ကျန်မှူးမတ် ၂၇ယောက်ခန့် ရှိသေးပြီး ဂျော့မျှော်မှန်းထားသည်ထက် များစွာ များနေပေသည်။ သူတို့၏ ဘွဲ့ထူးများအလိုက်

+

တစ်ယောက်စီတွင် အစေခံ နှစ်ယောက်မှ လေးယောက်အထိ ပါလာခဲ့သည်။ သို့ဖြစ်၍ စုစုပေါင်း လူဖ၀ဂကျော် ကျန်နေပြီး အချို့မှာ အစမ်းခန့် နိုက်သူရဲကောင်းများ ဖြစ်ကြသည်။

ဘုရင်အသစ်သည် အဘယ်ကြောင့် သူတို့ကို ဤကဲ့သို့ ချောင်ပိတ်ရိုက်ချင်နေရသနည်း။

မှူးမတ်များက ပုန်ကန်မည်ကို သူက မစိုးရိမ်နေသလော။

"အရှင်မင်းမြတ်... တကယ်လို့ အရှင်က စနောက်နေရုံ သက်သက် ဆိုရင် ဒီလောက်ဆို တော်လောက်ပါပြီ" ဂူရီက ကြင်နာသော

+

မျက်နှာထားကို ထိန်းသိမ်းထားသေးပြီး
စိတ်ရှည်စွာဖြင့် ပြောလိုက်သည်။

"အရှင့်ရဲ့ နောက်ဆုံးစာကြောင်းဟာ
ဟာသဆိုတာထက် ပိုနေပါပြီ… ကျွန်တော်တို့က
လိုက်ပြီးမှ မပြောနိုင်ပါဘူး… အားလုံးတို့ရဲ့
စိတ်ထဲမှာ ဘာတွေးနေတယ် ဆိုတာကို အရှင်က
ဘယ်လို သိနိုင်မှာလဲ… အနည်းဆုံးတော့
ကျွန်တော်မျိုး ကိုယ်တိုင်က ဝင်ဘယ်ဒန် မိသားစုကို
ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ပါဘူး"

"အမှန်ပါပဲ… ကျွန်တော့်ကို အထင်လွဲနေတာပါ…
ကျွန်တော်က ဒီအကြောင်းကို တစ်ခါမှ
မတွေးဖူးပါဘူး"

+

"အရှင်မင်းမြတ်… ကျေးဇူးပြုပြီးမှ အရှင့်ရဲ့ စကားတွေကို ပြန်လည် သုံးသပ်ပေးပါ"

မှူးမတ်များက တစ်ယောက်ပြီး တစ်ယောက် ကျယ်လောင်စွာဖြင့် အသနားခံလိုက်ကြလေသည်။

"မင်းတို့သိသလား… စိတ်ဖတ်တယ် ဆိုတာက မင်းတို့က စကားပြောလေလေ အမှန်ကို ပိုသိနိုင်လေလေပဲ" ရိုလန်က စိတ်မပြောင်းပဲ အက်ဒစ်ထံမှ သလင်းဖန်ခွက် တစ်ခွက်ကို လှမ်းယူလိုက်သည်။ "မင်းတို့ရဲ့ စကားတွေကို သတ္တုတွင်း အတွင်းမှာ ဂေါ်ပြားတွေကို ပြောဖို့သာ ချန်ထားလိုက်ပါ"

+

"သတ္တာုတွင်း... ဟုတ်လား"

"ဟုတ်တယ်... ခင်ဗျားတို့ရဲ့ ပူးပေါင်း
ကြံစည်မှုအတွက် မြောက်ပိုင်း သတ္တာုတွင်းမှာ
နှစ်ပေါင်းနှစ်ဆယ် အလုပ်ကြမ်းလုပ်ဖို့
ခေါ်သွားရမယ်... ဘာပဲပြောပြော ခင်ဗျားတို့က
ကျုပ်အပေါ်မှာ အမှန်တကယ် ပုန်ကန်ခဲ့ကြခြင်း
မရှိသေးဘူး" ဘုရင်အသစ်က ပြီးတာနှင့် အန္တရာယ်
ကြီးမားသော လေသံတစ်ခုဖြင့် ပြောလိုက်သည်။

"ဒါပေမဲ့... ခင်ဗျားတို့က ကျုပ်ရဲ့ စီရင်ချက်ကို
ဘယ်နည်းနဲ့ပဲ ဖြစ်ဖြစ် ခုခံမယ် ဆိုရင်တော့

+

နိုင်ငံတော်ကို ပုန်ကန်ရာ ရောက်ပြီး အဲ့ဒီအချိန်မှာ သေဒဏ်ပေးခြင်းကို ခံရလိမ့်မယ်"

ရိုလန်သည် သူ၏ ဖန်ခွက်အတွင်းမှ ဝိုင်အား တစ်ကျိုက်တည်း မော့ချလိုက်ပြီး ဖန်ခွက်အား တောက်ထုတ်လိုက်လေသည်။

ဖန်ခွက်သည် မျဉ်းကွေးတစ်ခု အတိုင်း ပျံသန်းလာခဲ့ပြီးမှ ဂျော့၏ ခြေထောက်အနားသို့ ကျလာကာ အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားခဲ့သည်။

"သူတို့ကို ဖမ်းလိုက်ကြစမ်း"

+

# စာစဥ် ၅၈ : အပိုင်း ၁၂

## အပိုင်း ၈၆၇ : အဓိပ္ပာယ်ပါသော အပြုံးတစ်ခု

အရူးပဲ၊ ဒီလူက တကယ့်ကို အရူးပဲ။

မြစ်နီ မှူးမတ်များနှင့် ဘုရင်အသစ်တို့ အကြားမှ ဆက်ဆံရေးသည် လက်ရှိ အခြေအနေ အထိ တိုင်အောင် ပျက်ယွင်းသွားသည်ကို ဂျော့နေရီက ယုံကြည်နိုင်ရန် ခက်ခဲနေခဲ့သည်။ မှူးမတ်များသည် ခုခံကြခြင်း မပြုပဲ ဒီအတိုင်း အဖမ်းခံလိမ့်မည်ဟု ဘုရင်က အဘယ်ကြောင့် ထင်နေသည်ကို သူက နားမလည်နိုင်ပေ။

+

ဘုရင်အသစ်သည် လူခြောက်ဆယ်ကျော်အား တိုက်ခိုက်ရန် အမျိုးသမီး အစောင့် ခြောက်ယောက်ကိုသာ ခေါ်လာခဲ့သည်။ သူ၏ အစောင့်များက သံကဲ့သို့ မာကျောနေသည်ဟု သူက တကယ်ပဲ ယုံကြည်နေသလော။

စုန်းမများ၏ ထောက်ပံ့မှုကို ရနိုင်သည့်တိုင်အောင် နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးအား ဝတ်ဆင်ထားကြသည့် မှူးမတ်များ၏ အရှေ့တွင် သူတို့က အောင်ပွဲရမည်ကို အာမမခံနိုင်ပေ။

ရိုလန် အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အစောင့်များ အနက်မှ တစ်ယောက်သည် တံခါးထံသို့ သွားလိုက်ကာ ကျန်တစ်ယောက်က

+

သူနှင့်အတူ နေနေခဲ့သည်။ ကျန်သော လေးယောက်ကမူ သူတို့၏ ခါးမြှောင်များကို ထုတ်၍ မှူးမတ်များထံသို့ တစ်လှမ်းချင်း ချဥ်းကပ်လာလေသည်။

မှူးမတ်များ အားလုံးနှင့် သူတို့၏ လူများသည် ခါးများကို ဆွဲထုတ်လိုက်ကြသည်။ သူတို့ အင်အားက ဘုရင်၏ အစောင့်များထက် သိသိသာသာ သာလွန်နေကြသော အခါ တစ်ယောက်ကမှ ဘုရင်ထံ လက်နက်ချ၍ အညံ့မခံလိုနေကြပေ။

"အရှင်... အရှင်မင်းမြတ်" မြစ်နီမြို့ သခင်၏ မျက်နှာက ဖြူဖျော့သွားသည်။ "အားလုံးပဲ

+

ငြိမ်ငြိမ်နေကြပါ... ပြဿနာ တစ်ခုခု ရှိရင်
အေးအေးဆေးဆေး ဆွေးနွေးလို့ရတယ်"

ကံမကောင်းစွာနှင့် သူ၏စကားက
နောက်ကျသွားခဲ့လေပြီ။ ဂျော့သည် ဂူရီနှင့်
အကြည့်ချင်း ဖလှယ်ခဲ့ပြီး အစီအစဉ် ပြောင်းကာ
ဤအိမ်တော် အတွင်း၌သာ တိုက်ခိုက်ရန်
ဆုံးဖြတ်လိုက်ကြသည်။

ဤနေရာသည် ခုခံရန် ခက်ခဲနေသော်လည်း မြစ်နီ
မှူးမတ် အများစုသည် ယနေ့အချိန်၌ ဤနေရာတွင်
စုစည်းနေကြသဖြင့် လှုပ်ရှားရန်
အဆင်ပြေနေသေးသည်။ မင်းသားရိုလန်
ပြောထားခဲ့သလို စွမ်းအားက အရာအားလုံးကို

+

အဆုံးအဖြတ် ပေးနိုင်သဖြင့် မင်းသားကို ဖမ်းချုပ်နိုင်ခဲ့လျှင် ကျန်သောသူများက သူ့ဘက်သို့ လျင်မြန်စွာ ပါလာပေလိမ့်မည်။

သို့သော်လည်း ရိုလန်အတွက် ကံမကောင်းစွာဖြင့် ရေအိုင်ဘေးမှ ဤအိမ်တော်တွင် မြစ်နီ မှူးမတ်များက အင်အားပိုကောင်းနေခဲ့ပေသည်။

"ကျုပ်က လက်မခံနိုင်ဘူး" ဂူရီက အော်ဟစ်လိုက်ကာ သူ၏ဓားကို လက်အတွင်းတွင် ဆွဲကိုင်ထားရင်း လူအုပ်အကြားမှ ထွက်လာခဲ့သည်။ ဖော်ရွေသည်ဟု ထင်နေရသော ဤလူသည် ယခုအချိန်၌ အမျက်ဒေါသ ထွက်နေသည့်ပုံ ပေါက်နေပေသည်။

+

"ဒါက ခိုင်လုံတဲ့ သက်သေအပေါ်မှာ အခြေခံထားတဲ့ စီရင်မှု တစ်ခုဆိုရင် ကျွန်တော်က ဘာမှ မပြောနိုင်ပါဘူး... ပွင့်ပွင့်လင်းလင်း ပြောရတာကို ကျေးဇူးပြုပြီးမှ ခွင့်လွှတ်ပါ... မှူးမတ်တွေကို ဘယ်တော့မှ အထင်သေးပြီး မဆက်ဆံသင့်ပါဘူး"

"ဘုရင် ဝင်ဘယ်ဒန် အမှတ်သုံး ကိုယ်တိုင်က ကျွန်တော့်ကို ဒီလိုမျိုး လုပ်ခိုင်းရင်တောင် ကျွန်တော်က ငြင်းဆန်မိမှာပါ... အရှင်မင်းသား... အရှင်က ကျုပ်တို့ကို ဖိအားပေးပြီးမှ ဒီလို လုပ်ဆောင်စေခဲ့တာပဲ"

+

မြစ်သုံးခွအားလ် အနောက်မှ လိုက်ပါလာသော
အရပ်ရှည်ရှည်နှင့် အစောင့် လေးယောက်စလုံးက
ဘုရင်အသစ် အရှေ့တွင် မကြောက်မရွံ့ဖြင့်
မားမားမတ်မတ် ရပ်နေကြကာ ဘုရင်၏
အစောင့်များထက် ပို၍ အထင်ကြီးဖွယ်
ကောင်းသည့်ပုံ ပေါက်နေပေသည်။

အရမ်းကောင်းတယ်။ တော်ဝင်မင်းသား
ကိုယ်တိုင်က မှူးမတ်တစ်ယောက် ဖြစ်နေလို့
ဒီစကားကို ငြင်းဆန်နိုင်မှာ မဟုတ်ဘူး။ ဒီစကားက
စိတ်ခံတတ် တက်ကြွစေသလို အမျက်ထွက်အောင်
ရန်စသလိုလည်း ဖြစ်နေတယ်။ အခုအချိန်မှာ
ငါတို့လုပ်ဖို့ လိုတာက ရိုလန်ကို ဖမ်းလိုက်ရုံပဲ၊
ပြီးတာနဲ့ ကျန်တာတွေက အလိုလို

+

အဆင်ပြေသွားလိမ့်မယ်။ ဂျော့က သူ့ကိုယ်သူ တွေးလိုက်လေသည်။

ဘုရင်အသစ်သည် မီးခိုးရောင် တောက်နေသော ဆံပင်များနှင့် အဘိုးအို ကိုယ်တိုင်က ကောင်းမွန်သော တိုက်ခိုက်သူ တစ်ယောက် ဖြစ်နေမည်ဟု လုံးဝ ထင်မှတ်မထားသည်မှာ သေချာပေသည်။

ဂူရီ ယူရိန်းသည် သဘာဝလွန် အင်အားများဖြင့် မွေးဖွားလာသူ ဖြစ်သည်။ အသက် ဆယ့်ငါးနှစ် အရွယ်၌ သူသည် မြစ်ဝအနားတွင် အခြေစိုက်သော ဓားပြတစ်ဖွဲ့ကို နိုက်သူရဲကောင်း နှစ်ယောက်ဖြင့် နှိမ်နင်းနိုင်ခဲ့သည်။

+

အရွယ်ရောက်လာသော အခါ သူသည် လက်နက်မျိုးစုံတို့ကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ပြီး မှူးမတ်များ အကြားမှ တိုက်ခိုက်ပွဲများတွင် ပြိုင်ဘက်ကင်း ဖြစ်လာခဲ့သည်။ အချို့သူများက သူ့အား "ဘီလူး ဂူရီ"ဟု ခေါ်ဆိုခဲ့ကြပြီး အကယ်၍ မဟာမှူးမတ် တစ်ယောက်အဖြစ် မွေးဖွားလာခြင်း မရှိပါက သမိုင်းတွင် အသန်မာဆုံး နိုက်သူရဲကောင်းများ အနက်မှ တစ်ယောက် ဖြစ်လာနိုင်သည်ဟု ယုံကြည်နေကြပေသည်။

ထို့အပြင် သူ၏ အစေခံ လေးယောက်စလုံးကလည်း အစမ်းခန့် နိုက်သူရဲကောင်း တစ်ယောက်အဖြစ် အရည်အသွေး ပြည့်မီနေကြသည်။ အကယ်၍

+

သူတို့သည် ဘုရင်အစောင့်များနှင့်
တိုက်ခိုက်ခဲ့ကြပါက ရိုလန် ဝင်ဘယ်ဒန်သည်
မြစ်သုံးခွအားလ်၏ လက်အတွင်းမှ
လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ချေ။

"သူ့ကို သွားကူလိုက်ကြ... ပြီးတော့ အက်ဒစ်
မိန်းကလေးကိုလည်း သတိထား ကြည့်နေကြပါ"
ဂျော့က သူ၏ အစေခံများအား ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ" လူအုပ်ကြီး အတွင်းမှ လူအချို့
ထပ်ပြီးမှ ထွက်လာကြသည်။

ကြီးထွားလာသော တင်းမာမှုများကြောင့်
စိတ်အနှောင့်အယှက် ဖြစ်သွားပုံ မရပဲ ပို၍ပင်

+

ရွှင်ပြုံးလာနေသော ရိုလန်ထံသို့ ဂူရီက
လျှောက်သွားလိုက်သည်။ အားလ်သည်
မအောင့်နိုင်တော့ပဲ လက်သီးများကို ဆုပ်ကာ
တွေးလိုက်သည်။

ကောင်းကောင်း ရယ်ထားပါ၊ ဒါက
မင်းမောက်မာနိုင်ဖို့ နောက်ဆုံး အခွင့်အရေးပဲ။
ခဏနေကျရင် ထိတ်လန့် တုန်လှုပ်လွန်းလို့
အသံတောင် ထွက်နိုင်တော့မှာ မဟုတ်ဘူး။

"တိုက်ခိုက်စမ်း" ဂူရီနှင့် သူ၏လူများက
ဘုရင်အသစ်နှင့် ခြေလှမ်း ဆယ်လှမ်းသာ
ကွာဝေးတော့သော အချိန်တွင် အားလ်သည်
အရှေ့သို့ လျင်မြန်စွာ တက်လာခဲ့ပြီး သူ၏ဓားဖြင့်

+

ရိုလန်ဘေးမှ အမျိုးသမီး အစောင့်အား
ခုတ်ပိုင်းလိုက်သည်။

သူ၏ ဓားချက်မှာ ပြင်းထန် လျင်မြန်လွန်းလှသဖြင့်
အနားမှ လူများသည် လေထုအား
ဖောက်ခွင်းသွားသည့် ဓားသံကိုပင် ကြားနိုင်ခဲ့သည်။

ဤတိုက်ခိုက်မှုအား တစ်ယောက်မှ ခုခံ
တားဆီးနိုင်မည် မဟုတ်ပဲ ရှောင်တိမ်းရုံသာ
တတ်နိုင်ပေလိမ့်မည်။

သူတို့ ထင်မှတ်ထားသည့် အတိုင်း အစောင့်က
ရှောင်ရှားခဲ့သော အခါ ရိုလန်က အကာအကွယ်
ကင်းမဲ့သွားလိမ့်မည် ဖြစ်သည်။

+

"ချွမ်း...ရွှပ်..."

ဂျော့သည် အသံနှစ်ခုကို ဆက်တိုက်
ကြားလိုက်ရသည်။ အသံတစ်ခုသည်
သတ္တုလက်နက် အချင်းချင်း ထိခိုက်မိသည့်
ကြည်လင်ပြတ်သားသည့် အသံတစ်ခု ဖြစ်ပြီး
နောက်တစ်သံမှာ ဓားသွားက အသားကို
ဖြတ်တောက်လိုက်သည့် အသံတစ်ခုနှင့်
တူနေပေသည်။ ဓားကျိုးတစ်ချောင်းသည်
လည်ပတ်နေရင်း လေပေါ်သို့ ပျံတက်လာကာ
သစ်သားတံခါး အတွင်းတွင် စိုက်သွားခဲ့သည်။

+

မကြာမီပင် မြစ်သုံးခွအားလ်၏ ဦးခေါင်းကလည်း မြေပေါ်သို့ ကျရောက်လာလေသည်။

သူ၏ ဦးခေါင်းသည် လည်ပင်းမှနေ၍ တိတိရိရိ ပြတ်သွားပြီးနောက် အောက်သို့ ကျလာကာ မြေပေါ်တွင် နှစ်ချက် ခုန်သွားပြီးမှ ရပ်တန့်သွားခဲ့သည်။ ဒဏ်ရာမှ သွေးများသည် တောက်ပသော အနီရောင် အတန်း တစ်ခုအဖြစ် ပန်းထွက်လာလေသည်။

ဘာ... ဘာများ ဖြစ်သွားခဲ့သနည်း။

+

တစ်စုံတစ်ယောက်သည် ခေးချက်
တစ်ချက်တည်းဖြင့်ပင် ဘီလူး ဂူရီ၏ ခေးကို
နှစ်ပိုင်းပိုင်းခဲ့၍ ခေါင်းဖြတ်ခဲ့သလော။

ဤအရာက မည်သို့ ဖြစ်နိုင်မည်နည်း။

ဂျော့၏ အံ့ဩ တုန်လှုပ်မှုများ မပြေသေးခင်ပင်
လူအုပ်ကြီးကလည်း ဖရိုဖရဲ ဖြစ်သွားကြသည်။
ခေးချင်းထိသံများနှင့် ကြောက်ရွံ့
တုန်လှုပ်နေကြသော အော်သံများကို
နေရာတကာတွင် ကြားနေနိုင်သည်။

ခေးကျိုးသည် အမျိုးသမီး အစောင့်
လေးယောက်တို့အား တစ်ပြိုင်နက်တည်း

+

တိုက်ခိုက်စေရန် အချက်ပြခဲ့သည်နှင့် တူနေပြီး သွေးလွှမ်းသော တိုက်ပွဲတစ်ခုက စတင်ခဲ့သည်။ သာမန် မျက်စိဖြင့် ထိုအစောင့်များ၏ လှုပ်ရှားမှုကို ကြည့်ရန် မဖြစ်နိုင်ဟု သဘောပေါက်သွားခဲ့သော အခါ ဂျော့သည် ကြောက်ရွံ့ တုန်လှုပ်သွားခဲ့သည်။

သူတို့၏ စွမ်းအားများကလည်း အထင်ကြီးဖွယ်ရာ ကောင်းလှပေသည်။ သူတို့၏ လက်အတွင်းမှ မည်သည့်အရာ မဆို လူသတ်လက်နက် တစ်ခု ဖြစ်သွားခဲ့ပြီး လူသားများနှင့်ပင် မတူနေပေ။ သူတို့သည် လက်သီး လက်ချောင်းများဖြင့်သာ လူများကို ဒဏ်ရာရအောင် လုပ်နိုင်ပြီး မှူးမတ်များ အနေဖြင့် သူတို့က သံမဏိ စစ်သည်တော်များဖြင့် တိုက်ခိုက်နေရသည်ဟု ခံစားနေရသည်။

+

"မကောင်းဆိုးဝါးတွေ… သူတို့က
မကောင်းဆိုးဝါးတွေပဲ… ဘယ်သေမျိုးတွေရဲ့
ခန္ဓာကိုယ်ကမှ ဒီလောက်အထိ မသန်စွမ်းနိုင်ဘူး"
သူက ရင်အတွင်းမှနေ၍ အော်ဟစ်နေခဲ့သည်။

"ဒါပေမဲ့… ခင်ဗျားတို့က ကျုပ်ရဲ့ စီရင်ချက်ကို
ဘယ်နည်းနဲ့ပဲ ဖြစ်ဖြစ် ခုခံမယ် ဆိုရင်တော့
နိုင်ငံတော်ကို ပုန်ကန်ရာ ရောက်ပြီး အဲ့ဒီအချိန်မှာ
သေဒဏ်ပေးခြင်းကို ခံရလိမ့်မယ်"

ဘုရင်အသစ်၏ စကားများကို သူက ရုတ်တရက်
အမှတ်ရလာခဲ့သည်။

+

သူ၏ စိတ်အတွင်းတွင် လျှပ်စီးတစ်ချက်
လက်သွားသကဲ့သို့ ဖြစ်နေခဲ့သည်။

သူသည် ဤအချိန်ကို စောင့်မျှော်နေခြင်းပင်
ဖြစ်ပေလိမ့်မည်။

သူသည် သူ၏ခေါင်းကို ခက်ခက်ခဲခဲဖြင့် လှည့်ပြီးမှ
ရိုလန် ဝင်ဘယ်ဒန်ဘက်သို့ လှမ်းကြည့်လိုက်သည်။

သူ၏ ခြေထောက်မှနေ၍ ကျောရိုးများအထိ
ထိန်းချုပ်၍ မရနိုင်ပဲ စိမ့်ကနဲ ခံစားလိုက်ရသည်။
ဤအချိန်မှပင် ထိုအပြုံး၏ နောက်ကွယ်မှ
အဓိပ္ပာယ်ကို သူက
သဘောပေါက်သွားခဲ့တော့သည်။

+

ဤအရာသည် သေချာပေါက်
ထောင်ချောက်တစ်ခုပင် ဖြစ်ပေသည်။

ဘုရင်အသစ်သည် ပထမ စစ်တပ်ကို မြို့ပြင်တွင်
တမင်သက်သက် ထားခဲ့၍ အစောင့်တစ်ရာကိုသာ
ခေါ်ဆောင်လာပြီး ဤညှော့ခံပွဲသို့ အစောင့်
ခြောက်ယောက်သာ ခေါ်လာခဲ့သည်။ သူသည်
မှူးမတ်များက သူ့အား တိုက်ခိုက်ကြစေရန် စေ့စပ်
ညှိနှိုင်းခွင့် မပြုပဲ ရန်စခဲ့ခြင်း ဖြစ်လေသည်။

သူသည် မှူးမတ်များအား သတ္တုတွင်းတွင်
အလုပ်ကြမ်းလုပ်ခိုင်းရန် ခြိမ်းခြောက်ခဲ့သည်။
အမှန်တွင် သူသည် လိမ်ညာခဲ့ခြင်း ဖြစ်ပြီး

+

ကျန်နေသေးသော မှုံ့မတ်များအား အရှင်ထားရန် ရည်ရွယ်ချက် မရှိနေပေ။ အကယ်၍ သူတို့က အညံ့ခံရန် ရွေးချယ်ခဲ့လျှင် ဘုရင်က အမှန်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွားပေလိမ့်မည်။

မှန်သည်၊ ထိုအရာက မျှော်လင့်ခြင်း အပြုံးတစ်ခု ဖြစ်နေသည်။

သူသည် မှူးမတ်များက သူ၏ ထောင်ချောက်အတွင်းသို့ တစ်လှမ်းချင်း လျှောက်ဝင်လာသည်ကို စောင့်နေပြီး သူတို့က ကိုယ့်သေတွင်းကိုယ် တူးနေကြသည်ကို ရွှင်မြူးစွာဖြင့် ကြည့်နေခြင်း ဖြစ်သည်။ ဤအရာက အမှန်ပင် ရက်စက်သော အပြုံးတစ်ခု ဖြစ်လေသည်။

+

ထို့ကြောင့်ပင် သူသည် ဤအေးစက်သော မျက်နှာ အတွင်းတွင် ပျော်ရွှင်မှု အနည်းငယ်လေးကိုမျှ အာရုံခံ၍ မရနိုင်ခြင်းပင်တည်း။

"ကျွန်တော်တို့ရဲ့ အသက်ကို ချမ်းသာပေးပါ..."

"အရှင်မင်းမြတ်... ကျွန်တော်မျိုး လက်နက်ချပါတယ်"

"ကျွန်တော်ရောပဲ... လေဗီတန် မိသားစုက အရှင်ရဲ့ လက်အောက်မှာ ခိုလှုံပါမယ်"

+

"အရှင် လိုချင်သမျှ ကျွန်တော် ပေးပါမယ်...
ကျွန်တော့်ရဲ့ အသက်ကို ချမ်းသာပေးပါ"

အခြေအနေက ဂျော့အတွက် လျင်မြန်စွာ ဆိုးရွားသွားခဲ့သည်။ ကျန်နေရစ်သော မှူးမတ်များသည် ဘုရင်၏ အမျိုးသမီး အစောင့် လေးယောက်တို့ထက် သိသိသာသာ အရေအတွက် ပိုများနေသော်လည်း အားပိုနည်းနေခဲ့သကဲ့သို့ ဒူးထောက်၍ အသနားခံနေကြလေသည်။

ဂျော့ကလည်း ကူရာမဲ့စွာဖြင့် သူ၏ခေါင်းကို ချလိုက်ရသည်။ မှူးမတ်များ အနေဖြင့် သူတို့၏ ခေါင်းများကို ဆွဲထုတ်ခဲ့သည့် အချိန်၌ပင်

+

ဘုရင်အသစ်အား ပုန်ကန်မည်ဟူသော
ရည်ရွယ်ချက်ကို ပြသခဲ့ပြီး ဖြစ်လေသည်။

မနာခံလိုမှု၊ မကျေနပ်မှု၊ ကြောက်ရွံ့မှုနှင့်
အမျက်ဒေါသတို့သည် သူ၏ စိတ်အတွင်းတွင်
ပြည့်နှက်နေခဲ့ပြီး ခေါးရှည်တစ်ချောင်းက
သူ၏ကျောပေါ်သို့ ကျရောက်လာသော အချိန်တွင်
ဤခံစားချက်များ အားလုံးတို့သည် ဘာမှ မရှိခြင်း
အဖြစ်သို့ ပြောင်းသွားခဲ့လေသည်။

တိုက်ခိုက်သံနှင့် တောင်းပန်နေသော အသံတို့သည်
ဖြည်းဖြည်းချင်း မှေးမှိန် ပျောက်ကွယ်သွားကြပြီး
သူမြင်နိုင်ခဲ့သည့် နောက်ဆုံးမြင်ကွင်းမှာ
စောင်းနေသော ခန်းမတစ်ခုနှင့် သူ့ထံသို့

+

စီးဆင်းလာသော သွေးစီးကြောင်း တစ်ခုပင်
ဖြစ်ပေတော့သည်။

## စာစဥ် ၅၈ : အပိုင်း ၁၃

## အပိုင်း ၈၆၈ : အနက်ရောင် ပုလဲ

"ဒီခံစားချက်က အတော်လေးကို ကောင်းမွန်တယ်"

အက်ဒစ်သည် အသက်ပြင်းပြင်း တစ်ချက်ရှူကာ
လေထုအတွင်းမှ စူးရှသော သွေးရနံ့ကို
အရသာခံနေခဲ့သည်။

+

သူမသည် လူအုပ်ကြီး အတွင်းမှ တုန်လှုပ်ချောက်ချားမှုများကြောင့် စိတ်လှုပ်ရှားလာပေသည်။

နတ်ဘုရား စီရင်ခြင်း စုန်းမများက စက်ဝိုင်းကို ဖြည်းဖြည်းချင်း ချုံ့လာခဲ့ပြီး ကြောက်အားလန့်အားဖြင့် ခုခံနေမှုများသည် အချိန်ခဏမျှသာ ခံခဲ့သည်။ တကက်ကီလာမှ အသက်ရှင် ကျန်ရစ်သူများ အတွက် ဤမှုးမတ်များသည် ဘာဘွဲ့ထူးမှ မရှိသည့် သာမန်လူများနှင့် ဘာမှ မခြားနားပဲ မှော်စွမ်းအား မရှိပဲ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေကြသော သူများကို သတ်ဖြတ်ရန် တွေဝေနေကြမည် မဟုတ်ချေ။

+

နောက်ထပ် သာမန်လူ တစ်ယောက်၏ အမိန့်ကြောင့် သူတို့သည် ဤမှုုမတ်များကို သတ်ဖြတ်ခဲ့ခြင်း ဖြစ်မှန်းကို သူမက ကောင်းစွာ သိနေခဲ့သည်။

သူမကလည်း ထိုသူကဲ့သို့ သာမန်လူ တစ်ယောက် ဖြစ်နေသော်လည်း ဤသာမန်လူ၏ လွှမ်းမိုးမှုအောက်တွင် ဤနတ်ဘုရား စီရင်ခြင်း စုန်းမများသည် သူမ၏ အမိန့်များကိုလည်း နာခံနိုင်ကြောင်းကို အကဲဒစ် ယုံကြည်နေခဲ့သည်။

ဤအရာသည် စွမ်းအား၏ အလှတရားပင် ဖြစ်ပေသည်။

+

စေ့စပ် ညှိနှိုင်းမှု၊ ချည်နှောင်မှုများဖြင့် သာမန်လူ တစ်ယောက်သည် လူအများ၏ အကျိုးအမြတ်၊ ရည်မှန်းချက်၊ အလိုဆန္ဒများကို ထိန်းချုပ်ကာ သူ၏ ကိုယ်ပိုင် စွမ်းအားများထက် များစွာပို၍ ကြီးမားသော အင်အားတစ်ခုကို ဖန်တီးနိုင်ပေသည်။

နောက်ဆုံး ပုန်ကန်သူအား သုတ်သင်ပြီးသွားသော အခါ နံပါတ် ၇၆ ဖိုင်းလစ်သည် ယခုအချိန်၌ ကျိုးပဲ့ရာများစွာဖြင့် ပြည့်နေသော သူမ၏ ဓားကို ချလိုက်ပြီး ရိုလန်အား တင်ပြလိုက်သည်။
"အရှင်မင်းမြတ်... စစ်ထုတ်ခြင်း အစီအစဉ်က ပြီးမြောက်သွားပါပြီ"

+

ကြမ်းပြင်တွင် အလောင်း ခြောက်ဆယ်ကျော်တို့ဖြင့် ပြန့်ကျဲနေပြီး သူတို့၏ သွေးများက အနီရောင် အတုံးအခဲများ အဖြစ်သို့ ခဲသွားကြကာ မိုတ်တုတ်မိုတ်တုတ် မီးရောင်အောက်တွင် အနီရောင် ဖယောင်းများဖြင့် တူနေလေသည်။

ခန်းမအတွင်းတွင် လုံးဝကို တိတ်ဆိတ် ငြိမ်သက်နေခဲ့သည်။ ကျန်နေကြသေးသော မှူးမတ်များသည် သူတို့၏ ပါးစပ်ကို တင်းတင်း စေ့ထားကြကာ ဘာအသံမှ မထွက်ရဲကြပေ။ သူတို့ တစ်ယောက်ကမှ နောက်ထပ် အလောင်းတစ်ခု ဖြစ်မသွားလိုကြပဲ ကျန်နေသေးသည့် ကြားနေမှူးမတ် သုံးယောက်တို့သည် ကြောက်ရွံ့မှုဖြင့် တုန်ခါနေကြကာ ကြမ်းပြင်ပေါ်သို့ ပြိုလဲလုနီးပါး ဖြစ်နေကြလေသည်။

+

ဤအချိန်၌ တူညီသော မေးခွန်းတစ်ခုကို မေးခဲ့လျှင် ကျန်သော မှူးမတ်များထံမှ အဖြေကို နိုက်တင်ဂေး မရှိလျှင်ပင် အက်ဒစ်က ကိုယ်တိုင်က ခန့်မှန်းနိုင်လိမ့်မည် ဖြစ်သည်။

ကြောက်စိတ်သည် သစ္စာရှိမှု၏ အာမခံချက် တစ်ခုပင် ဖြစ်ပေသည်။

ထို့အပြင် စစ်ထုတ်ခြင်း ဖြစ်စဉ်အတွင်း၌ အသတ်ခံခဲ့ရသော မှူးမတ် တစ်ယောက်ကမှ အပြစ်ကင်းစင်မနေခဲ့ပေ။ ညှော့ခံပွဲ၏ ပထမ တစ်ပိုင်းတွင် နိုက်တင်ဂေးက လိမ်ညာမှု ဖော်ထုတ်ခြင်း စွမ်းရည်ကို အသုံးပြုနိုင်ရန် အတွက်

+

အစ္စဘာယ်လာသည် သူတို့၏ နတ်ဘုရား တုံ့ပြန်မှု ကျောက်တုံးများ၏ အကျိုးသက်ရောက်မှု အားလုံးကို ဖယ်ရှားခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် ရိုလန်တွင် စိတ်ဖတ်နိုင်သည့် စွမ်းရည် ရှိကြောင်းကို သူမက ထိုမှူးမတ်များအား ယုံကြည်သွားစေခဲ့သည်။

သေဆုံးသွားသော မှူးမတ်များ၏ အကြီးမားဆုံး အမှားမှာ သူတို့က သူတို့ကိုယ့်ကိုယ် အထင်ကြီးကာ ပိုတွက်မိခဲ့ခြင်း ဖြစ်သည်။

လက်အောက်ငယ်သား ထောင်ပေါင်းများစွာတို့ အပေါ်တွင် အကြွင်းမဲ့ ဩဇာသက်ရောက်သော

+

ဤမဟာ မှူးမတ်များသည် ပို၍ကြီးမားသော စွမ်းအားနှင့် ရင်ဆိုင်ခဲ့ရသော အခါ အညံ့ခံခဲ့ရသည်။ ဘုရင်အသစ်သည် ဤတိုက်ပွဲမှ တဆင့် မြစ်နီမြစ်တဝိုက်မှ နယ်မြေ တစ်ဝက်ကျော်တို့အား သိမ်းပိုက်နိုင်ခဲ့လေပြီ။

ဤမဟာ အောင်မြင်မှုနှင့် စာလျှင် အကဲဒစ်အနေဖြင့် ထာဝရည်မြို့မှ မဟာမှူးမတ် မိသားစုနှစ်ခုတို့အား အနိုင်ယူခဲ့ခြင်းသည် ဘာမှ ပြောပလောက်ဖွယ် မရှိဟု ခံစားနေရသည်။

ကံကောင်းစွာဖြင့် ဤအစီအစဥ်က အလုပ်ဖြစ်ခဲ့သည်။ အရှင်မင်းမြတ်သည် သူမအား လုံလောက်သော ယုံကြည်မှုများ ပြခဲ့ပြီး

+

စုန်းမများကလည်း သူမ၏ အမိန့်အတိုင်း ဆောင်ရွက်ခဲ့သည်။ ဘုရင်သည် သူမ ပြုစုခဲ့သော စာကြောင်းငါးကြောင်းကို စကားလုံး တစ်လုံးမှပင် ပြင်ဆင်ခြင်း မပြုပဲ လက်ခံခဲ့သေးသည်။

သူမ၏ မူလ အကြံအစည်နှင့် ကွာခြားနေသည့် တစ်ခုတည်းသော အချက်မှာ သူတောက်ထုတ်လိုက်သော သလင်းဖန်ခွက်ပင် ဖြစ်ပေသည်။

အရှင်မင်းမြတ်သည် ဖန်ခွက်အား ချခွဲခြင်းဖြင့်သာ အချက်ပြရန် အတွက် ရွေးချယ်ခဲ့သည်ကို သူမက နားမလည်နိုင်ခဲ့ပေ။ ဤလှုပ်ရှားမှုကို ရန်သူများက သတိထားမိသွားနိုင်ပြီး ဖန်ခွက်ကွဲသော အသံအား

+

အခြား အသံများက ဖုံးလွှမ်းသွားနိုင်သဖြင့် သာမန် အမြင်ဖြင့် ကြည့်လျှင် ဤအဆင့်သည် လုံးဝကို မလိုအပ်နေဟု သူမက ယူဆနေမိသည်။

သူမသည် ဤဆုံးဖြတ်ချက်အား သံသယဝင်နေခဲ့သဖြင့် ဝိုင်နှင့် ဖန်ခွက်အား ပြင်ဆင်ရခြင်းသည် ဖြုန်းတီးခြင်း ဖြစ်နေသည်ဟု သတ်မှတ်ထားခဲ့သည်။ သို့သော်လည်း ရိုလန် လိမ်ညာထားသော စိတ်ဖတ်နိုင်မှု စွမ်းရည်နှင့် ဖန်ခွက် ပေါက်ခွဲလိုက်မှုတို့သည် လျှို့ဝှက်ဆန်းကြယ်သော ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးနိုင်ခဲ့ပြီး မှူးမတ်များအား အမှန်တကယ် ကြောက်ရွံ့စေခဲ့သည်ကို သူမက တွေ့ခဲ့ရသည်။

+

ဘုရင်သည် နည်းဗျူဟာများနှင့် ပတ်သတ်၍ ပိုမို ကောင်းမွန်နေမှန်းကို သူမက ဝန်ခံရပေလိမ့်မည်။

သူမသည် နှုတ်ခမ်းကို လျှာဖြင့် စိတ်လှုပ်ရှားစွာ ပွတ်သပ်မိသည်။

ရိုလန် ဝင်ဘယ်ဒန်အား အလုပ်အကျွေးပြုရန် ရွေးချယ်ခဲ့ခြင်းသည် အမှန်ပင် မှန်ကန်သော ဆုံးဖြတ်ချက် ဖြစ်လေသည်။

ဤအထိတွေးခဲ့အပြီးတွင် သူမသည် မအောင့်နိုင်ပဲ အောင်မြင်မှု အပျော်ကို မျှဝေခံစားရန် ဘုရင်အား လှမ်းကြည့်လိုက်သည်။ သို့သော်လည်း သူမသည် သူ့မျက်နှာ အတွင်းမှ မည်သည့် စိတ်လှုပ်ရှားမှုကိုမှ

+

မတွေ့ရပဲ သူ၏ မျက်လုံးများ အတွင်းတွင် ပျင်းရိငြီးငွေ့နေသည့် သဘောထား ရေးရေးလေးကိုပင် မြင်နိုင်ခဲ့သေးသည်။

"ဒီအိမ်တော်ထဲမှာ နောက်ထပ် ညှော်ခံပွဲခန်းမတစ်ခု ရှိသေးသလား" ရိုလန်က နက်ရှိုင်းသော အသံတစ်ခုဖြင့် မေးလိုက်သည်။

"ဘေး.. ဘေးဘက်မှာ နောက်တစ်ခန်း ရှိပါသေးတယ်" အားလ်ဒယ်လ်တာက ခက်ခက်ခဲခဲ တံတွေးမျိုချ၍ ပြောလိုက်လေသည်။

"ဘေးအခန်းကို ရွှေ့ရအောင်... ငါက တစ်စုံတစ်ခု ပြောဖို့ ရှိသေးတယ်" သူက

+

ခေါင်းညိတ်ပြလိုက်သည်။ "အာဏာ ဖီဆန်ခဲ့တဲ့ ဒီလူတွေကိုတော့ မင်းရဲ့လူတွေကို ရေတွက်ပြီးမှ စာရင်း လုပ်ခိုင်းထားလိုက်ပါ... ငါက ဒီစာရင်းကို ဒီည ကြည့်ချင်တယ်"

"မှန်လှပါ... မှန်လှပါ... အရှင်မင်းမြတ်"

"ဩော်... ဒါနဲ့... ကျေးဇူးပြုပြီးမှ ဒီခန်းမထဲက ပြတင်းပေါက်နဲ့ တံခါးတွေ အားလုံးကို တတ်နိုင်သမျှ အမြန်ဆုံး ဖွင့်ထားလိုက်ပါ... အနံ့အသက်တွေက တကယ့်ကို ဆိုးဝါးနေတယ်"

"ကျွန်တော်မျိုးက အခုပဲ အစေခံတွေကို စေလွှတ်ပြီးမှ ဒီအရာတွေကို လုပ်ခိုင်းလိုက်ပါမယ်"

+

ငါသိပြီ။ မြောက်ပိုင်းဒေသမှ ပုလဲသည် သူမ၏
ရင်အတွင်းမှ နေ၍ တွေးလိုက်သည်။ ဘုရင်က
ဒီလိုမျိုး လူအစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းကို
မြင်ချင်တာမဟုတ်ဘူး။ သူလိုချင်နေတာက
မှူးမတ်တွေ သူတို့ရဲ့ စွမ်းအားတွေကို စွန့်လွှတ်တဲ့
အခါ ကောင်းစွာ လည်ပတ်နေတဲ့ မြို့တော်ခန်းမရဲ့
ခန့်ခွဲမှုအောက်က မြို့တစ်မြို့ကိုသာ ဖြစ်တယ်။

ဒါပေမဲ့ ဘုရင်အနေနဲ့ သူပုန်တွေကို သတ္တုတွင်း
ပို့တာထက် စာရင် သတ်ဖြတ်ခဲ့ခြင်းဟာ ဘေးက
ကြည့်နေတဲ့ သူတွေကို ခြိမ်းခြောက်ဖို့
ပိုထိရောက်တဲ့ နည်းလမ်းဖြစ်နေတယ်။ အခု

+

ကြည့်ရတာ သူက သတ်ဖြတ်ခြင်းကို မနှစ်သက်တဲ့
အပြင် သွေးအနံ့ကိုတောင် ရွံရှာနေခဲ့တယ်။

သူမ၏ စိတ်လှုပ်ရှားမှုများသည် ချက်ချင်းပင်
မှေးမှိန်သွားကာ သူမကိုယ် သူမပင် စတင်၍
သံသယ ဝင်လာခဲ့လေသည်။

သူမ၏ အစီအစဉ်များက ရက်စက်လွန်းရာ
ကျနေခဲ့သလော။

အကယ်၍ သူမသည် သူပုန်တစ်ဝက်ကို
ခန်းမအတွင်းတွင် သတ်၍ ကျန်တစ်ဝက်ကို
ပြင်ပတွင် သတ်ဖြတ်ခဲ့လျှင် ပို၍
ကောင်းမွန်နိုင်သလော။

+

ထိုအရာသည် ကိုယ်ပိုင် နှစ်သက်မှု အပေါ်တွင်သာ များစွာ မှီခိုနေသော်လည်း သူမနှင့် သူမသခင်၏ အကြားမှ သတ်ဖြတ်ခြင်းနှင့် ပတ်သတ်သည့် ကွဲပြားမှုက ဣါမျှ ကြီးမားနေလျှင် ရိုလန်၏ အစိုးရ အတွင်းတွင် သူမက နေရာတစ်ခု မရနိုင်မည်ကို စိုးရိမ်နေခဲ့သည်။

အားလုံးတို့က ဘေးအခန်းသို့ ရွှေ့သွားပြီးသော အခါ ဘုရင်အသစ်၏ ကြုတ်နေသော မျက်မှောင်များသည် နောက်ဆုံးတွင် ပြေသွားခဲ့သည်။ သူသည် လည်ပင်းတစ်ချက် ရှင်းပြီးမှ ရွှင်လန်းနေသော အသံတစ်ခုဖြင့် ပြောလိုက်သည်။

+

"ဘာမှ စိတ်မပူနေကြပါနဲ့... အာဏာ
ဖီဆန်သူတွေကသာ ကြီးမားစွာ အပြစ်ပေးခြင်း
ခံရပြီး သူတို့ရဲ့ ပုန်ကန်မှုတွေကို
နှိမ်နင်းပြီးသွားပါပြီ... အခုအချိန်မှာ
အရေးအကြီးဆုံး အရာက မြစ်နီမြို့ရဲ့
အစီအစဉ်တွေကို နေရာတကျ ဖြစ်အောင်
ထိန်းသိမ်းဖို့ ဖြစ်ပြီး အဲ့လိုလုပ်ဖို့ ငါက မင်းတို့ရဲ့
အကူအညီကို လိုအပ်နေတယ်"

"အရှင်မင်းမြတ်... ကျွန်တော်တို့ ဘာလုပ်ရမလဲ
ဆိုတာကို ကျေးဇူးပြုပြီးမှ အသိပေးပါ"

+

မှူးမတ် အားလုံးတို့က ဒူးထောက်ကာ ပြောလိုက်ကြလေသည်။

ရိုလန်က ကျေနပ် အားရစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။ "ကျေးဇူးပြုပြီးမှ ထပါ… ငါက မင်းတို့ကို ပေးမယ့် ပထမဆုံး တာဝန်က ဒီအတိုင်း ဖြစ်တယ်… အခုအချိန်မှာ မင်းတို့က မင်းတို့ရဲ့ နယ်မြေတွေကို နိုင်ငံတော်ထံ ပေးအပ်လိုက်ပြီ ဆိုတော့ အရင် နယ်မြေတွေမှာ နေထိုင်ရတာ အဓိပ္ပာယ် မရှိတော့ဘူး… မင်းတို့က မြစ်နီမြို့မှာ စုစည်း နေထိုင်ကြဖို့ ငါက မျှော်လင့်နေတယ်"

+

"ဒီအတွင်းမှာ မင်းတို့စံအိမ်က အဖွဲ့ဝင်တွေသာ မကပဲ လူလွတ်တွေ၊ ကျေးကျွန်တွေနဲ့ အိမ်မွေး တိရစ္ဆာန်တွေပါ ပါနေတယ်"

"ဒါပေမဲ့ အရှင်မင်းမြတ်… တကယ်လို့ သူတို့အားလုံးက မြို့ပေါ်ကို ရွှေ့လာခဲ့ရင် ဒီလူတွေအတွက် စားနပ်ရိက္ခာတွေ လုံလောက်အောင် ဘယ်နေရာက ရှာနိုင်မှာလဲ" အားလ်ဒယ်လ်တာသည် ဘာမှ ရွေးချယ်မှု မရှိဟု ခံစားနေရသော်လည်း မေးခွန်းထုတ်ခဲ့သေးသည်။

"ပြီးတော့ တကယ်လို့ အရှင်က သူတို့ကို လယ်ယာ လုပ်ကိုင်ခိုင်းမယ်လို့ ရည်ရွယ်ထားရင်လည်း မြို့ပတ်ဝန်းကျင်မှာလယ်မြေတွေ အများကြီး

+

မရှိပါဘူး… တကယ်လို့ အရှင်က သူတို့ကို မြို့အတွင်းကို ခေါ်သွင်းခဲ့မယ် ဆိုရင် အစာရေစာ ခေါင်းပါးမှု ဖြစ်လာပြီး ရုန်းရင်းဆန်ခတ်တွေ ဖြစ်လာနိုင်ပါတယ်"

"ပထမဆုံး အနေနဲ့ ခင်ဗျားတို့ဟာ ရွှေရောင် အမှတ်နှစ်လို့ ခေါ်တဲ့ ဂျုံစေ့ အသစ်တွေ ရရှိမှာ ဖြစ်ပြီး ဒီဂျုံစေ့ရဲ့ ထွက်နှုန်းဟာ သာမန် ဂျုံတွေရဲ့ ဆယ်ဆရှိပါတယ်… ဒုတိယ… မြစ်နီမြို့ လက်မခံနိုင်တဲ့ သူတွေကို အနောက်ပိုင်း ဒေသကို ပို့လို့ရတယ်… သူတို့ရဲ့ အရေအတွက်က ဘယ်လောက်ပဲ ရှိရှိ ကျုပ်က သူတို့အားလုံးကို လက်ခံနိုင်တယ်"

+

မှုူးမတ်များ အားလုံးက မှင်သက်စွာဖြင့်
ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

"ဆယ်.. ဆယ်ဆ ပိုမြင့်တယ်"

"ဒီလိုမျိုး ဂျုံစေ့က တကယ်ပဲ ရှိနေတာလား"

"ဒါပေမဲ့ ကျွန်တော်တို့
လက်အောက်ငယ်သားတွေက…"

ရိုလန်က ဖြတ်ပြောလိုက်သည်။ "ခင်ဗျားတို့က
ကံကြွေးခံမြေတွေကို စွန့်လွှတ်လိုက်တဲ့ အချိန်မှာ
ဒီလူတွေက ခင်ဗျားတို့ရဲ့

+

လက်အောက်ငယ်သားတွေ မဟုတ်ကြတော့ပဲ ဆက်နေမလား ထွက်လာမလား ဆိုတာကို သူတို့ကိုယ်တိုင် ဆုံးဖြတ်နိုင်ကြတယ်… အတိတ်က နယ်မြေ အသုံးပြုမှုဟာ ထိရောက်မှု အလွန် နည်းပါးပြီး ခင်ဗျားတို့ရဲ့ နယ်မြေတွေ အားလုံးမှာ လူဦးရေ ကျဲပါးနေတယ်"

"ခုနစ် စတုရန်း ကီလိုမီတာ ရှိတဲ့ နယ်မြေတစ်ခုဟာ အများဆုံး လူထောင်ပေါင်းများစွာကိုသာ ထောက်ပံ့နိုင်စွမ်း ရှိတယ်… ဒီလိုမျိုး လူနေ ကျဲပါးလှခြင်းဟာ အုပ်ချုပ်ရေး အစီအစဉ်တွေကို အကောင်အထည် ဖော်ဖို့ အမတန်မှ အဆင်မပြေလှဘူး… ဒါကြောင့်မို့ လူဦးရေ သိပ်သည်းမှု ရှိအောင် လူတွေကို မြို့ကြီးတွေကို ရွှေ့ပြောင်းဖို့ မဖြစ်မနေ လိုအပ်နေတယ်"

+

"မင်းတို့က အသွင်ပြောင်းလဲမှုနဲ့ ပတ်သတ်ပြီး မသေမချာ ဖြစ်နေသေးတာကို ငါသိနေပေမဲ့ ဒါဟာ ဆောင်းမဲ့မြို့တော် တိုးတက်စည်ပင်ရခြင်းရဲ့ အကြောင်းရင်း ဖြစ်တယ် ဆိုတာကို မင်းတို့ကို ပြောပြလို့ ရတယ်… မင်းတို့က ဘာလုပ်ရမှန်း မသိနေသေးရင်လည်း စိတ်မပူပါနဲ့… လာတော့မယ့် ပြောင်းလဲမှုမှာ အကျိုးအမြတ်ရအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကို သင်ပေးဖို့ ငါက လူအချို့ကို စေလွှတ်လိုက်ပါမယ်"

"ကျွန်တော်တို့ကို သင်ပေးမှာလား" အားလ်ဒယ်လ်တာက ထစ်ငေါ့စွာဖြင့် ပြောလိုက်သည်။

+

"ဟုတ်တယ်... အရင်က သခင်တွေကို အစားထိုးပြီး ဒီဒေသတွေကို အုပ်ချုပ်ဖို့ ဆောင်းမဲ့မြို့တော်ရဲ့ မြို့တော်ခန်းမမှာ ကောင်းစွာ လေ့ကျင့်မှု ခံယူထားတဲ့ အရာရှိအချို့ဟာ ဒီနေရာမှာ စီမံခန့်ခွဲမှု စနစ်အသစ် တစ်ခုကို တည်ဆောက်ဖို့ လာကြလိမ့်မယ်... မင်းတို့က စွမ်းအားနဲ့ အဆင့်အတန်းတွေကို ရရှိဖို့ သူတို့နဲ့ ပူးပေါင်းနိုင်တယ်... ဒါပေမဲ့ ဒီလိုလုပ်ရင် မင်းတို့က လစာ အကန့်အသတ်နဲ့ပဲ ရလိမ့်မယ်"

"ဒါမှမဟုတ် မင်းတို့က အမြောက်အမြား ထုတ်လုပ်မှု အတွင်းမှာ အခွင့်အရေးတွေကို ရှာနိုင်ပြီး မင်းတို့ ကိုယ်တိုင်အတွက်

+

အကန့်အသတ်မဲ့ ချမ်းသာ ကြွယ်ဝမှုတွေကို ဖန်တီးနိုင်တယ်... ဒါပေမဲ့ မင်းတို့က ဒီလို ပြုလုပ်ဖို့ ရွေးချယ်ခဲ့ရင် အစိုးရ အလုပ်တွေကို ဝင်ရောက် စွက်ဖက်ခွင့် မရှိပဲ အုပ်ချုပ်မှု အမိန့်အတိုင်း လိုက်နာ ဆောင်ရွက်ကာ မြို့တော်ခန်းမ ပေးအပ်တဲ့ တာဝန်တွေကို ပြီးမြောက်အောင် ထမ်းဆောင်ရလိမ့်မယ်"

ရိုလန်က ဖြည်းဖြည်းချင်း ရှင်းပြလိုက်သည်။ "မင်းတို့က ဆုံးဖြတ်ချက်ကို အလောတကြီးနဲ့ ချစရာ မလိုပါဘူး... မနက်ဖြန်ကျရင် စီမံခန့်ခွဲမှု ဌာနကို စတင် တည်ထောင်မှာ ဖြစ်ပြီး မင်းတို့က ဆုံးဖြတ်ချက် မချခင် သူတို့နဲ့ အရင် ဆွေးနွေး တိုင်ပင်နိုင်ပါတယ်... ဒါပေမဲ့ ဘာကိုပဲ ရွေးချယ်ခဲ့ပါစေ မင်းတို့ဟာ နယ်မြေတစ်ကွက်

+

တန်ဖိုးထက် အများကြီး ပိုပြီးမှ ရနိုင်လိမ့်မယ်
ဆိုတာကို မမေ့ပါနဲ့"

နာရီဝက်ခန့် ကြာသောအခါ မှူးမတ်များက
ခန်းမအတွင်းမှ စတင် ထွက်ခွာသွားခဲ့ကြသည်။

ရိုလန်က စိတ်သက်သာရာ ရစွာဖြင့်
သက်ပြင်းတစ်ချက် ချလိုက်သည်။ "အခုအချိန်မှာ
မြစ်နီမြို့ရဲ့ အခြေအနေတွေက တည်ငြိမ်သွားခဲ့ပြီ"

"ကျွန်မတို့က နောက်တစ်ဆင့်မှာ ငွေမြို့တော်နဲ့
ဘုရင့်မြို့တော်ဟောင်းကို သွားရမယ်...
ဘုရင့်မြို့တော်ဟောင်းမှာ စစ်ထုတ်ခြင်း
အစီအစဉ်ကို ပြုလုပ်ပြီး ဖြစ်တာမို့ စီမံခန့်ခွဲဖို့

+

အရာရှိတွေ အချို့ကို စေလွှတ်ဖို့သာ လိုအပ်နေပါတယ်" အက်ဒစ်က တင်ပြလိုက်သည်။

"အရှေ့ပိုင်း စစ်မျက်နှာပြင်မှာ အခြေအနေတွေ ဘယ်လိုနေလဲ မသိဘူး" သူက ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ရာ ကောင်းကင်တွင် လမင်းက တောက်ပစွာ သာနေပြီး ငွေရောင် အလင်းတန်း အောက်တွင် ကန်ရေပြင်က လင်းလက်နေသည်ကို တွေ့လိုက်ရသည်။ "တကယ်လို့ ဘာမှ အမှားအယွင်း မရှိခဲ့ရင် သံပုဆိန်က မနက်ဖြန်ကျရင် ဗလင်စီယာကို ရောက်လိမ့်မယ်"

"အင်း... ဟုတ်လောက်တယ်" အက်ဒစ်က ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

+

တိုက်ပွဲမတိုင်မီ သူမက သံပုဆိန်အား ဘာပြောခဲ့သည်ကို ပြန်လည် စဉ်းစားမိပြီး ယနေ့ သွေးလွှမ်းသော သတ်ဖြတ်မှုအား ဘုရင်က မည်သို့ တုံ့ပြန်ခဲ့သည်ကို တွေးမိခဲ့သော အခါ သူမ၏ နှလုံးခုန်သံ တစ်ချက် မှားသွားသကဲ့သို့ ခံစားလိုက်ရသည်။ ယခုအချိန်တွင် သူမသည် သူမကိုယ် သူမ မသေချာနေတော့ပေ။

"အရာအားလုံးက အဆင်ပြေပါစေလို့ ငါက မျှော်လင့်နေတယ်" ရိုလန်က ပခုံးတွန့်လိုက်သည်။ "ကဲ... အကြံပေး ဌာနကို ပြန်လို့ရပြီ... ဒီနေ့ညမှာ မင်းအနေနဲ့ လုပ်စရာ အလုပ်တွေ အများကြီး ရှိသေးတယ်"

+

အစီအစဉ် အရ အာဏာ ဖီဆန်သူများ၏ နာမည်စာရင်းကို ရခဲ့အပြီးတွင် ပထမ စစ်တပ်သည် ညတွင်းချင်းပင် ထိုသူပုန်များ၏ နယ်မြေသို့ တတ်နိုင်သမျှ အမြန်ဆုံး သွား၍ ရှင်းလင်းရမည် ဖြစ်သည်။ ထို့ကြောင့်ပင် တပ်ဖွဲ့များကို မြို့ပြင်၌သာ နေရာချထားခြင်း ဖြစ်လေသည်။

"မှန်လှပါ... အရှင်မင်းမြတ်... ကျွန်မကို ခွင့်ပြုပါဦး" အက်ဒစ်က စိတ်နှင့်လူနှင့် သိပ်မကပ်ပဲ ပြန်ပြောလိုက်သည်။

"ဪ... ဒါနဲ့" သူမက ခန်းမ တံခါးဝနား အရောက်တွင် သူက ရုတ်တရက် လှမ်းပြောလိုက်သည်။ "မင်းရဲ့ အစီအစဉ်က

+

အတော်လေး အဆင်ပြေတယ်...
အရမ်းကောင်းတယ်"

အရမ်းကောင်းတယ်... ဟုတ်လား။

ငါက နားကြား မှားခဲ့တာလား။ အရှင်မင်းမြတ်က ငါလုပ်ခဲ့တာကို စိတ်ထဲမှာ မထားနေဘူးလား။

ဤအချိန်၌ မြောက်ပိုင်းဒေသမှ ပုလဲသည် တစ်ခါမှ မခံစားဖူးသော အားရ ကျေနပ်မှုများကို ခံစားခဲ့ရလေသည်။

+

ဤအရာသည် သူမအနေဖြင့် ကြီးမားသော စွမ်းအားများ ရရှိရန် မှန်ကန်သော ရွေးချယ်မှု တစ်ခု ဖြစ်နေသဖြင့် သူမ၏ စိုးရိမ် ပူပန်မှုများသည် လုံးဝ အပို ဖြစ်နေခဲ့သည်ဟု ချက်ချင်း သဘောပေါက်သွားခဲ့လေသည်။

အရှင်မင်းမြတ်သည် ဤကဲ့သို့သော မရိုးဖြောင့်သော အကြံအစည်နှင့် လှည့်ကွက်များကို မနှစ်သက်နေသဖြင့် ထိုအရာများကို ဆောင်ရွက်ပေးရန် သူမကဲ့သို့သော ဝန်ထမ်းမျိုးကို လိုအပ်နေပေသည်။

ဤအရာကလည်း သူမ ကျွမ်းကျင် လိမ္မာသော အစိတ်အပိုင်း ဖြစ်နေသည်။

+

အက်ဒစ်သည် သူမ၏ ဦးခေါင်းကို ကိုင်းညွှတ်၍ ဘုရင်အား အရိုအသေပြုခဲ့အပြီးတွင် အမှောင်ထု အတွင်းသို့ ငြိမ်သက်စွာ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

## စာစဥ် ၅၈ : အပိုင်း ၁၄

## အပိုင်း ၈၆၉ : အရှေ့ပိုင်း စစ်မျက်နှာပြင်

"ဒါက ဗလင်စီယာလား" သံပုဆိန်သည် သူ၏ အဝေးကြည့် မှန်ပြောင်းကို ချိန်ကာ အဝေးမှ မီးခိုးညိုရောင် သန်းနေသော မြို့တစ်မြို့အား လှော့လာနေရင်း မေးလိုက်သည်။

+

"မြေပုံအရတော့ ဒါက ဗလင်စီယာ
ဖြစ်လောက်တယ်... ဘာပဲပြောပြော မြစ်နီမြစ်က
တစ်စင်းထဲပဲ ရှိတာဆိုတော့ ကျွန်တော်တို့က
မမှားလောက်ပါဘူး" သူ၏လက်ထောက် ဖြစ်သူ
ဝက်ဝံလက်သည်းက ပြောလိုက်သည်။
သံပုဆိန်ကဲ့သို့ပင် သူသည် နယ်စပ်မြို့တွင်
နေထိုင်နေသော မုဆိုးတစ်ယောက် ဖြစ်နေပြီး
ရိုလန်၏ ပြည်သူ့စစ် ပထမ အသုတ်မှ
စစ်သားတစ်ယောက် ဖြစ်သည်။

"သူ့ကို ကြည့်ရတာ နည်းနည်းလေး
ထူးခြားနေသလိုပဲ..." သံပုဆိန်က
မျက်မှောင်ကြုတ်လိုက်သည်။

+

"ဘာဖြစ်လို့လဲ"

"ဗလင်စီယာက အရှေ့ပိုင်း ဒေသမှာ အဓိက
မြို့တော်တစ်ခု ဖြစ်ပြီး မီးခိုးရောင် ရဲတိုက်ရဲ့
ကောင်းစွာ တည်ဆောက်ထားတဲ့ ကုန်သွယ်မှု
စင်တာတစ်ခု ဖြစ်နေတယ်...
ဘုရင့်မြို့တော်ဟောင်း၊ လင်းယုန်မြို့နဲ့ အတူ
ဒီမြို့ဟာ တိုင်းပြည် အလယ်ပိုင်း ဒေသရဲ့
အဖွံ့ဖြိုးဆုံး မြို့တွေ အနက်က တစ်ခု ဖြစ်တယ်...
တောင်ပိုင်း အစွန်အဖျား ဒေသမှာ ရှိခဲ့စဥ်ကတောင်
ငါက သူ့နာမည်ကို ကြားခဲ့ဖူးတယ်"

+

သံပုဆိန်က ပြောလိုက်သည်။ "ဒါပေမဲ့ ဒီရက်ပိုင်းတွေ အတွင်းမှာ ကုန်သည်လှေ အနည်းငယ်ကိုသာ တွေ့ခဲ့ရတာက အနည်းငယ် မထူးခြားနေဘူးလား"

"ငါကလည်း မပြောတတ်ဘူး" ဝက်ဝံလက်သည်းက ပခုံးတွန့်ကာ ပြောလိုက်သည်။ "အစောပိုင်းက ပင်လယ်ဓားပြ တိုက်ခိုက်မှုတွေဟာ ကုန်သည်တွေကို ထိတ်လန့် တုန်လှုပ်စေခဲ့လို့ သူတို့က ဒီနေရာကို စီးပွားရေး လာမလုပ်ရဲတော့ဘူးနဲ့ တူတယ်"

"ဒီတိုက်ခိုက်မှုက လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က ဖြစ်ခဲ့တာ… သူက ဘယ်လောက် ပျက်စီး

+

ဆိုးရှုံးမှုတွေကို ဖြစ်စေခဲ့ပါစေ ကုန်သည်တွေ အနေနဲ့ အခုအချိန်မှာ အံ့ဩ တုန်လှုပ်မှုတွေကနေ ပြန်လည် သက်သာလာလောက်ပါပြီ"

မြို့ရိုးသည် ပြောက်တိပြောက်ကျားနှင့် ပွယောင်းယောင်း ဖြစ်နေသည့်ပုံ ပေါက်နေခဲ့သည်။ သူ့အား လတ်တလောမှသာ တိုးချဲ့ထားသည်နှင့် တူနေပြီး ကျောက်တုံးများ မလုံလောက်၍နှင့် တူသည်၊ မူလ အညိုရောင် နံရံအား ကျောက်စရစ်ခဲများ သစ်သားများစွာတို့ကို အသုံးပြုကာ အနီရောင် ရွှံ့များဖြင့် ရောနှော လိမ်းကျံထားခဲ့သဖြင့် နယ်စပ်မြို့ရှိ အစောပိုင်းမှ ကျိုးပွဲနေသော မြို့ရိုးနှင့် ဆင်တူနေခဲ့သည်။

+

ထို့အပြင် မြို့ရိုး၏ မျက်နှာပြင်တွင် ဝင်းလက်
တောက်ပနေသော အလွှာတစ်လွှာဖြင့်
လွှမ်းခြုံထားပြီး အကွာအဝေးကြောင့် သံပုဆိန်သည်
ထိုအရာများကို ခွဲခြား သိမြင်ခြင်း မရှိခဲ့ပေ။

သို့သော်လည်း မြို့ရိုးအား ကျန သေသပ်စွာ
ပြန်လည် ဆောက်လုပ်ထားခြင်း မရှိသည်မှာ
သိသာနေသည်။ လိမ်းကျံထားသော မြို့ရိုး
အပိုင်းများသည် ယခုအချိန်၌ မြို့ရိုးဟောင်းထက်
နှစ်ဆခန့် ပိုထူနေသော်လည်း အချို့
အစိတ်အပိုင်းများမှာမူ ယခင်အတိုင်း
ရှိနေသေးသည်။

+

အဝေးမှ ကြည့်လိုက်လျှင် သူသည် ကြမ်းတမ်း ဖုထစ်နေကာ ကွယ်ဝှမှုကြောင့် နာမည်ကြီးသော မြို့တော်တစ်ခု၏ တည်ဆောက်ပုံနှင့် မတူနေခဲ့ပေ။

"ဘယ်သူက ဂရုစိုက်မှာလဲ… ဘာပဲဖြစ်ဖြစ် ငါတို့က ဒီမြို့ကို သိမ်းပိုက်နိုင်မှ ရလိမ့်မယ်"
ဝက်ဝံလက်သည်းသည် သူ၏ လက်အတွင်းမှ အသီးကို အခွံခွာ၍ ပါးစပ်အတွင်းသို့ ပစ်ထည့်လိုက်သည်။ "အရှင်မင်းမြတ်ဟာ ငါတို့ကို အရှေ့ပိုင်း ဒေသ တစ်ခုလုံးကို သိမ်းပိုက်ဖို့ အမိန့်ပေးထားတယ်… ဒီလိုဆိုတော့ ဒီမြို့ဟာ ဗလင်စီယာ မဟုတ်ရင်တောင် ဒီဒေသမှာ တွေ့တဲ့ မြို့တိုင်းကို သိမ်းပိုက်ရမှာပဲ"

+

ဤစကားကို ကြားခဲ့ရအပြီးတွင် သံပုဆိန်က ကူရာမဲ့စွာဖြင့် သူ၏ခေါင်းကို ခါလိုက်သည်။ ဝက်ဝံလက်သည်းသည် ယခင်ကကဲ့သို့ စိတ်မရှည်သည့်သူ တစ်ယောက် ဖြစ်နေသေးသည်။

သူသည် ပစ်မှတ်ကို တွေ့ပြီးသည်နှင့် လုံတိုတစ်ချောင်းကိုင်ကာ ထွက်သွားခဲ့သူ ဖြစ်ပြီး သားကောင်ကို ဖမ်းဆီး၍ ပြန်လာသော အချိန်တွင် အခြား မုဆိုးများက ထောင်ချောက်များ ဆင်ခြင်း၊ သားကောင်ကို ခြေရာခံရန် အမဲလိုက်ခွေးများကို စေလွှတ်ခြင်းဖြင့် အလုပ်ရှုပ်နေဆဲ ရှိသေးသည်။

တောအုပ်အတွင်းမှ အခက်ထန်ဆုံး တိရစ္ဆာန် ဖြစ်သော အနက်ရောင် ဝက်ဝံများကပင် သူနှင့်

+

ထိပ်တိုက် မရင်ဆိုင်လိုဟူ၍ပင် အဆိုရှိသည်။
ထို့ကြောင့်ပင် သူက ဝက်ဝံလက်သည်းဟူသော
အမည် ရရှိခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ဝက်ဝံလက်သည်းသည်
သူ၏ဦးနှောက်ကို အသုံးပြုရန် သင်ယူနိုင်ခဲ့ပါက
ဒုဗိုလ်ရာထူးထက် ပို၍မြင့်မားသော နေရာတစ်ခုကို
ရနိုင်လိမ့်မည်ဟု သံပုဆိန်က ယုံကြည်နေခဲ့သည်။
ဗန်နာကပင် အမြောက်တပ်ဖွဲ့၏ ဦးစီးချုပ် ရာထူးကို
ရောက်နေခဲ့ပြီ ဖြစ်သည်။

ဝက်ဝံလက်သည်းက ဆက်ပြောလိုက်သည်။
"ဒါပေမဲ့ အခု အရေးကြီးနေတာက
တိုက်ပွဲကိုယ်တိုင် မဟုတ်ပဲ တိုက်ပွဲအပြီးမှ

+

အစီအစဉ်ကျအောင် ဘယ်လို ထိန်းသိမ်းမလဲ ဆိုတာပဲ… တကယ်လို့ ငါတို့က အရှေ့ပိုင်း ဒေသကို ရှုပ်ထွေးအောင် ပြုလုပ်မိခဲ့ရင် မြို့တော်ခန်းမက ငါတို့ကို သေချာပေါက် ပြဿနာ ရှာမှာပဲ"

"ဒါပေမဲ့ တကယ်လို့ ငါတို့က ကြမ်းကြမ်းတမ်းတမ်း မဆောင်ရွက်ခဲ့ရင်လည်း ဟိုအရာရှိတွေက ဒီက အခြေအနေကို ထိန်းချုပ်ဖို့ ခက်သွားလိမ့်မယ်… ဒီမြို့တွေကို ဘယ်လို ကိုင်တွယ်ရမယ်လို့ အရှင်မင်းမြတ်က မင်းကို မှာကြားခဲ့သေးလား" ဝက်ဝံလက်သည်း၏ အတွေးများကို ကြားခဲ့ရသော အခါ သံပုဆိန်က အနည်းငယ် အံ့အားသင့်သွားခဲ့သည်။

+

"မမှာခဲ့ဘူး... အရှင်မင်းမြတ်က ငါ့ကို အခြေအနေ အပေါ်မှာ မူတည်ပြီးမှ ဆုံးဖြတ်ချက် ချပါလို့သာ မှာကြားခဲ့တယ်"

"ဒါဆိုရင်တော့ မင်းက ခေါင်းကိုက်ပြီပဲ... ဒါပေမဲ့ မင်းက ဒီနေရာမှာ ဆရာကြီးဆိုတော့ ငါက မင်းရဲ့ ညွှန်ကြားချက်တွေကိုပဲ လိုက်နာပါမယ်" ဝက်ဝံလက်သည်းက သွားများပေါ်အောင် ပြုံးလိုက်သည်။

သံပုဆိန်က ပဟေဠိ ဖြစ်သွားသည်။ "အိုး... ဘာဖြစ်လို့ ခေါင်းကိုက်ရမှာလဲကွာ"

+

"မင်းက တကယ်ပဲ မသိတာလား… ဒါမှမဟုတ်
ငါ့ကို စမ်းနေတာများလား" ဝက်ဝံလက်သည်းသည်
သူ၏လက်ဝါးဖြင့် ခေါင်းကိုဖိနေရင်း
ပြောလိုက်သည်။ "ဟိုမှူးမတ်တွေကို ဘယ်လို
ကိုင်တွယ်ရမလဲ ဆိုတာနဲ့ ပတ်သတ်ပြီး မင်းက
တကယ်ပဲ ခေါင်းကိုက်လိမ့်မယ်… သူတို့က
ဒီနယ်မြေကို ပိုင်ဆိုင်ထားတာ နှစ်ပေါင်းများစွာ
ရှိနေပြီ ဖြစ်ပြီး ပြန်လည် တိုက်ခိုက်ဖို့
အခွင့်အရေးကို စောင့်နေခဲ့ပေမဲ့ အရှင်မင်းမြတ်က
ပိုပိုပြီး သန်မာလာတာကိုသာ တွေ့နိုင်ခဲ့ကြတယ်"

"ဒီနေရာက အခြေအနေတွေက အမတန်မှ
ရှုပ်ထွေးနေပြီး မင်းက မြို့တစ်မြို့ကို
သိမ်းပိုက်အပြီးမှာ မှူးမတ် အများစုက အညံ့ခံကြမှာ
ဖြစ်ပေမဲ့ သူတို့က အမှန်အတိုင်း ပြောနေကြသလား

+

ဆိုတာကို လေဒီ နိုက်တင်ဂေး မရှိပဲ မင်းက ဘယ်လိုလုပ် ဆုံးဖြတ်မှာလဲ"

"ဆက်ပြောပါဦး" ဝက်ဝံလက်သည်းသည် လုံးဝ ဆင်ခြင်ဉာဏ် ကင်းမဲ့နေခြင်း မရှိမှန်းကို သဘောပေါက်လာခဲ့သဖြင့် သံပုဆိန်က ခေါင်းညိတ်လိုက်သည်။

"ဟေး... မင်းက တကယ်ပဲ ဒီအကြောင်းကို မတွေးမိတာလား" ဝက်ဝံလက်သည်းက မျက်လုံးပြူး၍ ကြည့်လိုက်သည်။ "အရှေ့ပိုင်း စစ်မျက်နှာမှာ စစ်သားတွေ အများကြီး ပါမလာပဲ ငါတို့ သိမ်းပိုက်ပြီးတဲ့ မြို့တစ်မြို့စီမှာ ငါတို့က စစ်သား အနည်းငယ်ကိုသာ နေရာချထားနိုင်မှာ

+

ဖြစ်လို့ အတွင်းမြို့ကိုတောင် အနိုင်နိုင်
ထိန်းသိမ်းနေရမယ်"

"ပြီးတော့ ဒီဒေသဟာ တင်မိုသီရဲ့ နယ်မြေ ဖြစ်ခဲ့တဲ့
အတွက် မှူးမတ်တွေဟာ ငါတို့နဲ့ လိုလိုလားလား
ပူးပေါင်းဆောင်ရွက်ခဲ့ရင် ကိစ္စမရှိပေမဲ့
အငြိုးထားနေပြီး ပြန်လည် ပုန်ကန်ဖို့ စဥ်းစားနေရင်
ဘယ်လိုလုပ်မလဲ… ဒီလိုမျိုး လူတွေက
အနည်းငယ်ပဲ ရှိခဲ့ရင်တောင် ငါတို့က
ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်မှာ မဟုတ်ဘူး"

"ငါတို့က မြို့ကနေ ထွက်ခွာသွားရင် သူတို့က
မြို့တော်ခန်းမကို လွှမ်းမိုးပြီး ငါတို့ စေလွှတ်ခဲ့တဲ့
အရာရှိတွေကိုတောင် သတ်ဖြတ်နိုင်သေးတယ်…

+

အဆိပ်ခတ်ခြင်း၊ လုပ်ကြံခြင်း၊ လာဘ်ထိုးခြင်း အစရှိတဲ့ နည်းလမ်းမျိုးစုံ ရှိနေတယ်... ဒီလိုမျိုး ပြဿနာတွေကို သေနတ်နဲ့ ဖြေရှင်းနိုင်မှာ မဟုတ်ဘူး"

"မင်းမှာ အကြံပြုဖို့များ ရှိနေသလား" သံပုဆိန်က သိလိုစိတ် ပြင်းပြစွာဖြင့် မေးလိုက်သည်။

"ဆရာသမား... ဒါက မင်းရဲ့ ကိစ္စပဲလေ" ဝက်ဝံလက်သည်းသည် သူ့အား မျက်စောင်းထိုး၍ ကြည့်ကာ အစေ့များကို ထကြွ လှုပ်ရှားနေသော မြစ်အတွင်းသို့ ထွေးထုတ်လိုက်လေသည်။

+

"ကဲ... မင်းကို အရှေ့ပိုင်း စစ်မျက်နှာပြင်ရဲ့ ဦးစီးချုပ်လို့ပဲ ယူဆလိုက်ရအောင်... လုပ်စမ်းပါ... သဘောတရား အနေနဲ့ပဲ ဖြစ်ဖြစ် ပြောပြစမ်းပါကွာ"

"အင်း..." ဝက်ဝံလက်သည်းသည် အချိန် အတော်ကြာ တွေးနေခဲ့ပြီးမှ သက်ပြင်းအရှည်ကြီး တစ်ချက် ချလိုက်သည်။ "ဒီပြဿနာ အတွက် ပြီးပြည့်စုံတဲ့ အဖြေ မရှိဘူး... တကယ်လို့ လေဒီ နိုက်တင်ဂေးက ငါတို့ကို လာမကူနိုင်ရင် ငါတို့က ဒီပြဿနာကို ကိုယ့်ကိုယ်ကိုယ်ပဲ ဖြေရှင်းရမယ်... ဒါမှမဟုတ် ကြွက်တွေကို ငှားရမ်းပြီး ကြိုတင်ကာကွယ်မှုတွေကို ပြုလုပ်ထားရမယ်"

+

"ဆောင်းမဲ့မြို့တော်က နမူနာအတိုင်း ငါတို့က ရဲတပ်ဖွဲ့ တစ်ခုကို ဖွဲ့စည်းပြီး အစီအစဥ် ကျနအောင် ထိန်းသိမ်းရမယ်... တစ်ချိန်တည်းမှာ ဒီစစ်ပွဲ ပြီးဆုံးတဲ့ အထိ ငါတို့က တတ်နိုင်သလောက် ဒေသခံ မျိုးမတ်တွေကို အသုံးမပြုပဲ နေရမယ်"

"သေချာတာပေါ့..." သံပုဆိန်က တီးတိုး ရေရွတ်လိုက်သည်။

"ဘာ"

"ဘာမှ မဟုတ်ဘူး" သံပုဆိန်က အဝေးကြည့် မှန်ပြောင်းကို ပြန်သိမ်းလိုက်သည်။ "အခုအချိန်မှာ မင်းက တခြား သဘော်ပေါ်က လူတွေကို

+

အသင့်ပြင်ဖို့ အကြောင်းကြားလိုက်ပါ... ငါတို့က မြို့စွန်က ဆိပ်ကမ်းအနားကို ရောက်နေပြီ"

"ကောင်းပြီ" တိုက်ပွဲ စတင်တော့မည်ကို သိခဲ့သော အခါ ဝက်ဝံလက်သည်းက စိတ်လှုပ်ရှားသွားခဲ့သည်။ "ငါက ရေပေါ်မှာပဲ အချိန်ဖြုန်းနေရတာ အတော်ကြာသွားပြီ... အခုအချိန်မှာတော့ ဒီနေရာမှာ တိုက်ခိုက်ခွင့် ရနိုင်ခဲ့ပြီ"

သူ၏ ဒုဗိုလ်က စိတ်လှုပ်ရှားစွာ ထွက်ခွာသွားသည်ကို မြင်ခဲ့သော အခါ သံပုဆိန်က သက်တောင့်သက်သာ အသက်ရှူလိုက်ကာ ပွဲခန်းမှ သင်္ဘောပြတင်းအား မှီ၍ အတွေးနက်နေခဲ့သည်။

+

သူက ဆောင်းမဲ့မြို့တော်မှ ထွက်မလာမီ အက်ဒစ်နှင့် စကားပြောခဲ့သော မြင်ကွင်းကို ပြန်၍ မြင်ယောင်လာသည်။

အက်ဒစ်က သူ့အား စကားပြောရန် ချိန်းဆိုခဲ့သည့် နေရာမှာ အက်ဒစ်၏ အရက်ဆိုင် အတွင်းမှ သီးသန့်ခန်း တစ်ခုအတွင်းတွင် ဖြစ်ပြီး တရားဝင် ဆွေးနွေးမှုများ ပြုလုပ်သည့် နေရာတစ်ခု မဟုတ်ပေ။

သူသည် အစ ပထမက ကာကွယ်ရေး ဌာနမှ အရာရှိဖြစ်သူ အက်ဒစ်သည် ဤတစ်ခေါက် စစ်ချီရာတွင် အောင်မြင်မှု အတွက် ကြိုတင် ဂုဏ်ပြုပြီး စစ်တပ်နှင့် ဆက်ဆံရေးကောင်းများ

+

တည်ဆောက်ရန် ကြိုးစားနေခြင်းဟု
ထင်မှတ်ခဲ့သည်။

သို့သော်လည်း အခန်းအတွင်းသို့ ရောက်သောအခါ
မြောက်ပိုင်းဒေသမှ ပုလဲမှ လွဲ၍ အခြားသူ
တစ်ယောက်ကိုမှ မတွေ့ခဲ့ရပဲ သူမထံမှ
ကြားခဲ့ရသော အရာများသည်
သူမျှော်မှန်းထားသည်နှင့် လုံးဝ ကွာခြားနေခဲ့သည်။

သူတို့ ဆွေးနွေးခဲ့ကြသည့် အရာများသည်
ဝက်ဝံလက်သည်း ဖော်ပြခဲ့သည့် ပြဿနာများပင်
ဖြစ်ပေသည်။

+

အက်ဒစ် ပြောပြခဲ့သော အရာအားလုံးကို
သံပုဆိန်က ကောင်းမွန်စွာ မှတ်မိနေသေးသည်။

ထိုအချိန်က သူမ၏ ပထမ စာကြောင်းကြောင့်
သူက အံ့သြ မှင်သက်သွားခဲ့ရသည်။
"အရှင်မင်းမြတ်ဟာ အရှေ့ပိုင်း စစ်မျက်နှာပြင်ကို
ဘာဖြစ်လို့ ရှင့်ကို ဦးဆောင်ခိုင်းသလဲ ဆိုတာကို
ရှင်သိသလား"

"ကျုပ်က သူ့ရဲ့ အမိန့်တွေကိုသာ နာခံပြီး
အကြောင်းရင်းကို တစ်ခါမှ မမေးဖူးဘူး"

"ဒါပေမဲ့ အမိန့်တွေမှာ လုပ်ဆောင်ချက် အသေးစိတ်
မပါဘူး... အထူးသဖြင့် ပေါက်ကြားလို့ မရတဲ့

+

ကိစ္စတွေပဲ" မြောက်ပိုင်းဒေသမှ ပုလဲက ခေးရော့ ဖျော်ရည်အား တစိမ့်စိမ့် သောက်နေရင်း ဖြည်းညင်းစွာ ပြောလိုက်သည်။

"ရှင်က အသင့်တော်ဆုံးလူ တစ်ယောက် ဖြစ်နေလို့ အရွေးချယ်ခံခဲ့ရတယ်လို့ ရှင်ကိုယ်ရှင် ထင်နေခဲ့တယ်... ဒါပေမဲ့ ဒီအတိုင်း ဟုတ်နေရဲ့လား... ရှင်က အရှေ့ပိုင်း ဒေသက လူတွေ အကြောင်းကို ကျွန်မထက် ပိုသိနေတာပဲ... ကောင်းစွာ လေ့ကျင့်ထားတဲ့ စစ်သား ငါးရာ ခြောက်ရာလောက် ပါတဲ့ စစ်တပ်ဟာ သစ်စေ့ခြောက်တွေနဲ့ သစ်ဆွေးတွေကို ခြေမွခဲ့သလို သူတို့ကို အလွယ်တကူ အနိုင်ယူနိုင်တယ်"

+

"တခြား စကားလုံးနဲ့ ပြောရရင်
ဘယ်တပ်ဖွဲ့ခေါင်းဆောင် မဆို အရှေ့ပိုင်း
စစ်မျက်နှာက တိုက်ပွဲကို အနိုင်တိုက်နိုင်စွမ်း
ရှိတယ်... ဒါပေမဲ့ အနောက်ပိုင်း စစ်မျက်နှာက
စစ်တပ်ဟာ ဟားမီးစ်က မြင့်မြတ်သော မြို့တော်နဲ့
ရင်ဆိုင် တိုက်ခိုက်ရမှာ... အဲ့ဒီက တိုက်ပွဲက ပိုမို
ရှုပ်ထွေးပြီး အန္တရာယ် ကြီးမားတယ်"

"တကယ်လို့ ရှင့်မှာ တစ်စုံတစ်ရာ ထူးခြားမှု
မရှိခဲ့ရင် ဘုရင်က ရှင့်ကို အနောက်ပိုင်း
စစ်မျက်နှာကို ဦးဆောင်ခိုင်းပြီးမှ အရှေ့ပိုင်း
စစ်မျက်နှာကို တခြား တစ်စုံတစ်ယောက်
စေလွှတ်ခဲ့မှာ ဖြစ်တယ်"

+

"…" သံပုဆိန်သည် ထိုအချိန်က ပြောစရာ
စကားလုံးများ ရှာမရ ဖြစ်နေခဲ့သော်လည်း သူ၏
ရင်အတွင်းတွင် တစ်နည်းတစ်ဖုံအားဖြင့်
အက်ဒစ်နှင့် သဘောတူနေခဲ့လေသည်။

အက်ဒစ်က ပြီးသည်နှင့် ဆက်လက်
ရှင်းပြလိုက်သည်။ "ရှင်နဲ့ ပတ်သတ်တဲ့
ထူးခြားမှုကတော့ ရိုးရှင်းပါတယ်… ဒါက
မှုးမတ်တွေ အပေါ်မှာ ထားတဲ့ ရှင့်ရဲ့
သဘောထားပဲ… မိုဂျင်း မျိုးနွယ်စု တစ်ယောက်
အနေနဲ့ ရှင်က မီးခိုးရောင် ရဲတိုက်က မှုးမတ်တွေ
အပေါ်မှာ ကြောက်စိတ် မရှိသလို
သည်းခံနိုင်စွမ်းလည်း မရှိဘူး"

+

"သူပုန် မှူးမတ်တွေကို ကိုင်တွယ် ဖြေရှင်းဖို့ဟာ အရှေ့ပိုင်း ဒေသကို ပြန်လည် သိမ်းပိုက်နိုင်ဖို့ အတွက် အဓိက သော့ချက်ဖြစ်တယ်"

ဝက်ဝံလက်သည်းကဲ့သို့ပင် သူမသည် သူ့အား အခြေအနေကို တွက်ပြခဲ့သည်။ သူမ၏ သုံးသပ်ချက်များသည် အသေးစိတ်ကျလွန်းလှသဖြင့် အရှေ့ပိုင်း ဒေသ အခြေအနေအား တည်ငြိမ်အောင် ပြုလုပ်ရန် သာမန် နည်းလမ်းများဖြင့် မတတ်နိုင်ဟု သူက သဘောတူခဲ့ရလေသည်။

အရှင်မင်းမြတ်သည် လူနှင့် ပစ္စည်း အရင်းအမြစ်များကို လိုအပ်နေပြီး ဤလူဆိုးလူညစ်

+

တစ်အုပ်စုအား ကိုင်တွယ်ဖြေရှင်းရန် အချိန်
သိပ်မပေးနိုင်ပေ။

သို့သော်လည်း တစ်ခုတည်းသော ပြဿနာမှာ
အရှင်မင်းမြတ်က သူ့အား တိကျသော အမိန့်တစ်ခု
မပေးခဲ့ခြင်းပင်တည်း။

သူက ဤမေးခွန်းကို အက်ဒစ်အား ဖော်ပြခဲ့သော
အခါ သူမက ဤကဲ့သို့ ပြန်ဖြေခဲ့သည်။
"အရှင်မင်းမြတ်ဟာ ကရုဏာ ကြီးမားတဲ့
သခင်တစ်ယောက် ဖြစ်ပြီး ဒီအတွက် တိကျတဲ့
အမိန့်တစ်ခုကို ပေးနိုင်မှာ မဟုတ်ဘူး… ဒါကြောင့်မို့
ဒီကိစ္စတွေကို ပြုလုပ်ဖို့ ငါတို့ကို လိုအပ်နေတယ်…

+

ဒါ့အပြင် သူက ဒီကိစ္စနဲ့ ပတ်သတ်ပြီး အရိပ်အမြွက် ပြထားခဲ့တယ်"

"ဒီတစ်ခေါက်မှာ မြို့တော်ခန်းမဟာ အရှေ့ပိုင်း ဒေသကို ရှင်နဲ့အတူ အရာရှိ ၂၅၆ယောက် ထည့်ပေးလိုက်တယ်… အရှင်မင်းမြတ်ဟာ ဒီအရာရှိတွေကို လေ့ကျင့်ပေးဖို့ ပိုက်ဆံနဲ့ လုံ့လ အမြောက်အမြား ထည့်ထားပြီး ဒီဒေသကို စီမံခန့်ခွဲဖို့ စေလွှတ်လိုက်ခြင်း ဖြစ်တယ်"

"ဒီအရေအတွက်ဟာ အရှေ့ပိုင်း စစ်မျက်နှာက စစ်သား အရေအတွက်ထက် နှစ်ဆ ပိုများနေတယ်… ရှင်က ဒီအကြောင်းရင်းကို သိထားသင့်တယ်"

+

သံပုဆိန်သည် ထိုအချိန်က သူ၏ စိတ်အတွင်းတွင် လျှပ်စီးတစ်ချက် လက်သွားသကဲ့သို့ ခံစားလိုက်ရကြောင်းကို အမှတ်ရနေပေသည်။

အက်ဒစ်က သူ့အား နောက်ဆုံးတွင် သတိပေး ပြောကြားခဲ့သည်။ "အရှင်မင်းမြတ်ကို စိတ်ပျက်အောင် မလုပ်မိပါစေနဲ့"

ရုတ်တရက်ပင် တင်ပြသံ တစ်ခုက သူ၏ အတွေးများကို လာရောက် နှောင့်ယှက်ခဲ့သည်" "အရှင်... ပထမ စစ်တပ်ဟာ ကမ်းကပ်ဖို့ အဆင်သင့် ဖြစ်နေပါပြီ... ဆိပ်ကမ်းကို အချိန်မရွေး ဆိုက်ကပ်နိုင်ပါတယ်"

+

သံပုဆိန်သည် အသက်ပြင်းပြင်းရှူ၍
လေးနက်သော အသံတစ်ခုဖြင့်
အမိန့်ပေးလိုက်သည်။ "ကမ်းကပ်ပြီး စခန်းချကြစို့...
တိုက်ပွဲစဖို့ ပြင်ထားကြပါ"

## စာစဥ် ၅၈ : အပိုင်း ၁၅

## အပိုင်း ၈၇၀ : သိမ်းပိုက်ခြင်း

အဝေးမှ စစ်ခရာသံများသည် နေ့လယ်ခင်း၏
တိတ်ဆိတ် ငြိမ်သက်မှုအား ချိုးဖောက်လိုက်သည်။
ခြံဝင်း အတွင်းမှ ငှက်များကလည်း သီကျူးခြင်း
မပြုကြတော့ပဲ နိမိတ်ဆိုး တစ်ခုနှင့် တူနေခဲ့သည်။

+

ဤအချိန်၌ ရဲတိုက်အတွင်းမှ ခန်းမသည် လေးနက်တည်ကြည်၍ ငြိမ်သက်နေလေသည်။

မြို့စား ဝယ်လ်ဆန် ဘာဂါသည် အဆုံးအဖြတ် တိုက်ပွဲကို တိုက်ရန် အချိန် ကျရောက်လာပြီမှန်း သိနေခဲ့သည်။

သူသည် သူ၏ မျက်လုံးများကို ယခင်ဘုရင် တင်မိုသီ၏ ရုပ်ပုံကားချပ်မှ နေ၍ သူ့အဖိုးထံမှ အမွေ ဆက်ခံရရှိထားသည့် နူးညံ့သိမ်မွေ့သော ချပ်ဝတ်တန်ဆာ တစ်စုံ အပေါ်သို့ ရွှေ့လိုက်လေသည်။ သူသည် ထိုချပ်ဝတ်တန်ဆာအား အမြဲမပြတ် ပွတ်တိုက် အရောင်တင်နေခဲ့ရာ အစိတ်အပိုင်း

+

တစ်ခုချင်းစီသည် အမဲဆီများဖြင့်
ပြောင်လက်နေခဲ့သည်။

ချပ်ဝတ်တန်ဆာ၏ ညာလက်မောင်းတွင်
သူ့မိသားစု၏ ဆောင်ပုဒ်ဖြစ်သော "ထာဝရ
သစ္စာစောင့်သိခြင်း" ဟူသော စကားလုံးကို
ရေးထိုးထားလေသည်။

ဤချပ်ဝတ်တန်ဆာအား ဝတ်ဆင်ပြီး သူသည်
စစ်မြေပြင်မှ မြားမိုးရွာနေသည့် အကြားတွင်
ပုန်ကန်သည့် မြို့စားဟောင်းကို ဖမ်းဆီးခဲ့ဖူးသည်။
ဤကဲ့သို့သော ပြောင်မြောက်သည့်
စွမ်းဆောင်ရည်ကြောင့် တင်မိုသီသည် သူ့အား

+

အရှေ့ပိုင်း ဒေသ၏ သခင်အဖြစ် ချီးမြှောက်ခဲ့ခြင်း ဖြစ်လေသည်။

တင်မိုသီက မရှိတော့သော်လည်း ဤဖြစ်ရပ်က သခင်တစ်ယောက်၏ တာဝန်ကို အနှောင့်အယှက် ပြုနိုင်လိမ့်မည် မဟုတ်ချေ။

သူသည် သူ၏ ဂုဏ်သိက္ခာအား ထိန်းသိမ်းထားရန် ဆုံးဖြတ်ခဲ့လေသည်။

"သခင်... မင်းသားရိုလန်ရဲ့ စစ်တပ်ဟာ ဗလင်စီယာကို ချဉ်းကပ်လာပါပြီ... ဒါပေမဲ့ သူတို့နဲ့ အတူ လက်နက်ကြီးတွေကို သယ်ဆောင်လာခြင်း

+

မရှိပါဘူး" အစေခံ တစ်ယောက်က ခန်းမအတွင်းသို့ ဝင်လာပြီး သူ့အား တင်ပြလိုက်သည်။

"အရမ်းကောင်းတယ်" ဝယ်လ်ဆန်က ခေါင်းညိတ်လိုက်သည်။ "ကျန်တဲ့သူတွေကို အသင့်ပြင်ဖို့ ပြောထားလိုက်ပါ... ငါက မကြာခင် လာခဲ့လိုက်မယ်"

"ဟုတ်ကဲ့ပါ"

သူသည် ကုတ်အင်္ကျီကို ချွတ်လိုက်၍ ချပ်ဝတ်တန်ဆာ အနားသို့ လျှောက်သွားလိုက်ကာ သူ၏ နိုက်သူရဲကောင်း ခေါင်းဆောင် ဂယ်လီနာအား

+

ပြောလိုက်သည်။ "ငါ့ကို ဒီချပ်ဝတ်တန်ဆာ ကူဝတ်ပေးပါ"

"ဟုတ်ကဲ့ပါ" သူမသည် သူမ၏ အင်္ကျီလက်စကို ပင့်တင်ကာ သူ့အား အဝတ်ကူလဲပေးလိုက်သည်။ သူမ၏ လက်များသည် ကြမ်းတမ်းကာ အသားမာများ တက်နေသော်လည်း သူ၏ အဝတ်များကို နူးညံ့ညင်သာစွာ ဖယ်ရှားပေးလိုက်သည်။ ဤလက်များသည် လှံတစ်ချောင်းကို ကိုင်စွဲကာ စစ်မြေပြင်မှ ရန်သူများ၏ ချပ်ဝတ်တန်ဆာများကို ထိုးဖောက်နိုင်စွမ်း ရှိသည်ကို ယုံကြည်နိုင်ရန် ခက်ခဲပေသည်။

+

တိုက်ပွဲတွင် သူမက ရန်သူများကို တိုက်ခတ် သတ်ဖြတ်နေသည့် မြင်ကွင်းအား မြင်ခဲ့ရသည့် အခါတိုင်းတွင် သူက အပြုံးစားခံခဲ့ရသကဲ့သို့ ဖြစ်သွားခဲ့သည်။

"မင်းက နောင်တ ရနေသလား"

"ဘယ်ရပါ့မလဲ... သခင်" ဂယ်လီနာက တည်ငြိမ်စွာဖြင့် ပြန်ဖြေလိုက်သည်။ "သခင်က ကျွန်မကို နိုက်သူရဲကောင်း ခေါင်းဆောင်အဖြစ် ခန့်အပ်ဖို့ ဆုံးဖြတ်ပြီးကတည်းက ကျွန်မဟာ သခင်နဲ့ ထာဝရ လက်တွဲဖို့ ဆုံးဖြတ်ချက် ချပြီးသားပါ... ဘာပဲ ဖြစ်နေပါစေ ကျွန်မရဲ့ တာဝန်ကို ထမ်းဆောင်ပါ့မယ်"

+

"ဒါပေမဲ့ ဒီတစ်ခေါက်မှာ ရန်သူတွေက အရင် အခေါက်တွေထက် အများကြီး ပိုသန်မာတယ်... တကယ်လို့ ဖြစ်နိုင်မယ် ဆိုရင်..." သူ၏ ခါးတွင် ရုတ်တရက် တင်းကျပ်စွာ ချည်နှောင်လိုက်သည့် ခါးပတ်ကြောင့် မြို့စား၏ အသံက ပြတ်တောက်သွားခဲ့သည်။

"တကယ်လို့ ကျွန်မတို့ ပြိုင်ဘက်က ဒီလောက်အထိ သန်မာတယ်လို့ ထင်နေခဲ့ရင် သခင်က ဘာဖြစ်လို့ အရှဏ်ဦး ဘုရင်နဲ့ မဟာမိတ် ပြုလုပ်ဖို့ ငြင်းဆန်ခဲ့တာလဲ... ပြီးတော့ သူ့ရဲ့ ဆက်သားကို ဗလင်စီယာကနေ ကန်ထုတ်ခဲ့လိုက်သေးတယ်... သူက အရှဏ်ဦး ဘုရင်ကို ပြန်လည်

+

လျှောက်တင်တဲ့ အချိန်မှာ ဘုရင်က သခင့်ကို မျက်နှာသာပေးတာကို လက်မခံဘူးလို့ အပြစ်တင်လိမ့်မယ်"

"တောက်ပမြို့တော်ကလည်း မင်းသားရိုလန် တပ်ဖွဲ့တွေရဲ့ တိုက်ခိုက်မှုကို ခုခံနိုင်မှာ မဟုတ်ဘူးလို့ ငါထင်နေတယ်... ပြီးတော့ ဆိပ်ကမ်းနဲ့ အမြဲတမ်း စစ်စခန်းတွေကို ပေးဖို့ တောင်းဆိုခဲ့တာဟာ အေပန် မိုရာ အနေနဲ့ တကယ့်ကို စည်းကျော်သွားပြီ" ဝယ်လ်ဆန်က အော့နှလုံးနာနေသည့် ပုံစံဖြင့် လှောင်ပြုံး ပြုံးလိုက်သည်။

+

"သူနဲ့ ရိုလန် ဝင်ဘယ်ဒန်တို့ အကြားမှာ ဘာခြားနားချက် ရှိမလဲ… အရင်ဘုရင်က ငါ့ကို အရှေ့ပိုင်း ဒေသကို ချီးမြှောက်ထားခဲ့တယ်… တကယ်လို့ ငါက အေပန်ကို ကတိပေးခဲ့ရင် ငါက ဘုရင့်အပေါ်မှာ သစ္စာဖောက်သလို ဖြစ်သွားလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့ အဖြေက အတူတူပါပဲ" ဂယ်လီနာက ဘာမှ တွေဝေမနေပဲ ပြောလိုက်သည်။ "ဘာဂါ မိသားစုကသာ သစ္စာ စောင့်သိမှုကို မြတ်နိုးတာ မဟုတ်ပါဘူး… ဒီလိုဆိုတော့ သခင်… ဒီအကြောင်းကို ဆက်မပြောပါနဲ့တော့… ဒါက ကျွန်မကို စော်ကားသလို ဖြစ်နေတယ်"

+

ဝယ်လ်ဆန်က ငြိမ်သက်သွား၍ ခဏကြာမှ ပြန်ပြောလိုက်သည်။ "ကံမကောင်းစွာနဲ့ မှူးမတ်အများစုဟာ ဒီအချက်ကို မေ့သွားကြပြီ... ကောင်းပြီလေ... စစ်ပွဲကို ငါတို့ အတူ သွားကြတာပေါ့... ရန်သူတွေက အစွမ်းထက်လှပေမဲ့ ငါက ဗလင်စီယာကို အလွယ်တကူ သိမ်းပိုက်ခွင့် မပြုနိုင်ဘူး... ငါက ဒီစစ်ပွဲကို စောင့်မျှော်နေတာ အချိန်အကြာကြီး ရှိနေပြီ"

"မှန်လှပါ... သခင်" အမျိုးသမီး နိုက်သူရဲကောင်းက ပြုံးလိုက်လေသည်။

+

"ဘေးလ်" သူက သူ့စာရေး၏ နာမည်ကို
အော်ခေါ်လိုက်သည်။ "ဒီကိုလာဦး

မကြာမီပင် ထိပ်ပြောင်ပြောင်နှင့် သက်လတ်ပိုင်း
လူတစ်ဦးက ခန်းမ အတွင်းသို့ ရောက်လာခဲ့သည်။
"သခင်... ကျွန်တော် ဘာများ လုပ်ပေးရမလဲ"

"ငါပြောတဲ့ အတိုင်း လိုက်ရေးပါ... တစ်ညတာ
အနားယူခဲ့အပြီးမှာ ဘုရင် သတ်ဖြတ်သူ ရိုလန်
ဝင်ဘယ်ဒန်ရဲ့ လက်ပါးစေတွေဟာ ဒီကနေ့မှာ
ဗလင်စီယာကို တရားဝင် တိုက်ခိုက်လာခဲ့ပြီ"

"ဗလင်စီယာရဲ့ မြို့စား ဝယ်လ်ဆန်ဟာ
အရင်ဘုရင်ရဲ့ နာမည်အောက်မှာ သူတို့ကို

+

အနိုင်ယူဖို့ ဆုံးဖြတ်ခဲ့ပြီး ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတဲ့ သူ့ရဲ့ သစ္စာရှိ နိုက်သူရဲကောင်း ခေါင်းဆောင် ဂယ်လီနာဝိန်းဟာ ပြတ်သားစွာနဲ့ သူနဲ့အတူ တိုက်ခိုက်ဖို့ လိုက်ပါလာခဲ့တယ်... နတ်ဒေဝါတွေက သူတို့ကို ကောင်းချီးပေးပါစေ"

ဝယ်လ်ဆန်က ခေတ္တမျှ ရပ်နားလိုက်သည်။
"အင်း... တကယ်လို့ ဒီမှတ်တမ်းက အရမ်းကို ကိုယ်ရေးကိုယ်တာ ဆန်နေတယ်လို့ မင်းထင်နေရင် နောက်ဆုံးစာကြောင်းကို ဖြုတ်ပစ်လို့ရတယ်"

ဘေးလ်က ခေါင်းညိတ်နေရင်း သူ၏ မှတ်စုစာအုပ် အတွင်းတွင် မြို့စား ပြောခဲ့သမျှကို မီးသွေးမင်တံဖြင့် လိုက်လံ မှတ်သားနေခဲ့သည်။

+

"နောက်ဆုံးစာကြောင်းကို ရေးသားခဲ့ရင်လည်း ဘာမှ မဖြစ်ဘူးလို့ ကျွန်တော်က ထင်နေပါတယ်... သခင်... ဒီကမ္ဘာမှာ လုံးဝကို ကိုယ်ရေးကိုယ်တာ မဆန်တဲ့ မှတ်တမ်းမျိုး မရှိဘူးလို့ ကျွန်တော်က ယုံကြည်နေပါတယ်"

"ကျွန်တော်က ဗလင်စီယာက စာရေးတစ်ယောက် ဖြစ်တာမို့ ဒီမြို့တော်ဘက်ကနေ ဘက်လိုက်တာကို လုံးဝ လက်ခံနိုင်ဖွယ် ရှိပါတယ်... ဒါက အမှန်တရားရဲ့ အစိတ်အပိုင်း တစ်ခုလည်း ဖြစ်နေပါတယ်"

"ဒီလိုဆိုတော့ ဒီအတိုင်းပဲ ရေးလိုက်ပါ... ဒါပေမဲ့ နောက်ပိုင်းမှာ ဘာပဲ ဖြစ်လာဖြစ်လာ မင်းက

+

စစ်ပွဲရဲ့ ရလဒ်ကို အမှန်အတိုင်းပဲ
မှတ်တမ်းတင်ရမယ်... သဘောပေါက်သလား"
ဝယ်လ်ဆန်က အလေးအနက် မှာကြားလိုက်သည်။

"ဒီစစ်ပွဲရဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်စဥ် တစ်ခုလုံးကို
မှတ်သားထားရမှာက မင်းရဲ့တာဝန်ပဲ"

"ကျေးဇူးပြုပြီးမှ စိတ်ချပါ... သခင်" စာရေးက
ဦးညွတ်လိုက်သည်။ "ကျွန်တော်က လူတွေကို
ဒီဖြစ်ရပ်ကို သတိရစေနေမှာပါ"

စကားတစ်လုံးမှ မပြောတော့ပဲ ဝယ်လ်ဆန်သည်
နံရံပေါ်တွင် ချိတ်ဆွဲထားသော သူ၏ သံမဏိဓားကို

+

ကောက်ယူလိုက်ပြီး နောက်သို့ ပြန်မကြည့်ပဲနှင့် ရဲတိုက်အတွင်းမှ ထွက်ခွာသွားတော့သည်။

.........

မြို့စားနှင့် သူ၏ နိုက်သူရဲကောင်း ခေါင်းဆောင်တို့သည် မြို့ရိုးထိပ်မှ မျှော်စင်ပေါ်သို့ တက်သွား၍ ကြည့်လိုက်သော အခါ မီးပုံများကို ဖိုထားပြီး ဖြစ်နေသည်။ အိုးအတွင်းမှ ဆီများက ဆူပွက်နေကြ၍ စူးရှသော ရနံ့တစ်ခုအား ထုတ်လွှတ်နေသည်။ မြို့စား၏ စစ်သားများသည် ကျောက်တုံးနှင့် သစ်တုံးများကို မြို့ရိုးပေါ်တွင် စုပုံနေကာ အပေါ်တက်လိုက် အောက်ဆင်းလိုက်နှင့် အလုပ်ရှုပ်နေကြလေသည်။

+

ဘုရင့်မြို့တော် စစ်ပွဲမှ တဆင့် မြို့သိမ်းတိုက်ပွဲတွင် ရှိလန်၏ အစွမ်းအထက်ဆုံး လက်နက်မှာ လောက်လွှဲများထက် များစွာပို၍ ဝေးကွာစွာ ပစ်ခတ်နိုင်သော အမြောက်ဆိုသည့် နှင်းမှုန့်လက်နက် တစ်မျိုး ဖြစ်နေကြောင်းကို သူက ထိထားခဲ့သည်။ ကံမကောင်းစွာဖြင့် တင်မိုသီသည် မြို့တော် ကျဆုံးသွားသည့် အချိန်အထိ ဤကဲ့သို့သော လက်နက် တစ်ခုကို ထုတ်လုပ်နိုင်စွမ်း မရှိခဲ့ပေ။

သို့သော်လည်း ထိုနေ့တွင် ယခင်ဘုရင်သည် သူ၏ ညာလက်ရုံးကို စေလွှတ်ကာ မြို့စားအား နှင်းမှုန့် ပြုလုပ်သည့် ဖော်မြူလာ၊ လက်နက် ဒီဇိုင်းနှင့်

+

ထုတ်လုပ်မှု ဖြစ်စဉ်များကို ပေးပို့နိုင်ခဲ့သေးသည်။
တင်မိုသီ၏ ရည်ရွယ်ချက်များမှာ သိသာနေသည်။

ဝယ်လ်ဆန်သည် ဤလက်နက်အသစ်
ထုတ်လုပ်မှုတွင် များစွာ ရင်းနှီး မြှုပ်နှံခဲ့ပြီး
တစ်ချိန်တည်းတွင် ဤကဲ့သို့သော လက်နက်မျိုး၏
အားနည်းချက် များစွာတို့ကို တွေ့ရှိနိုင်ခဲ့သည်။
ပထမ၊ သူသည် အမတန်မှ လေးလံပြီး သူ၏
စွမ်းအားများကို အပြည့်အဝ ထုတ်ဖော်နိုင်ရန်
မြေပြင်ညီပေါ်တွင် ထားရှိရမည် ဖြစ်သည်။

ဒုတိယ၊ သူ့အား တပ်ဆင်မှုမှာ နှေးကွေးပြီး
ဤဖြစ်စဉ် အတွင်းတွင် သေနတ်များဖြင့်
ကာကွယ်ထားရန် လိုအပ်နေသည်။ သို့ဖြစ်၍

+

ယေဘုယျအားဖြင့် ပြောရလျှင် သူသည် တိုက်စစ်လက်နက် တစ်ခုထက် ခံစစ်လက်နက် တစ်ခုအဖြစ် ပိုသင့်တော်နေသည်။

သူသည် ဤစစ်ပွဲအတွက် သူစွမ်းအားရှိသလောက် အကုန်ပြင်ဆင်ထားခဲ့သည်။ သူသည် မြို့ရိုးကို ပိုမိုထူထဲအောင် ပြင်ဆင်ခဲ့ပြီး သံဆူးကြိုးများကို တပ်ဆင်ထားခဲ့သည်။ ထို့အပြင် သူ၏ လူများကို စေလွှတ်ကာ မြို့အစွန်အဖျားမှ လမ်းများကို ဖျက်ဆီး၍ လယ်မြေများ အားလုံးကိုလည်း မြစ်အတွင်းမှ ရေများ သွယ်ယူပြီး ရွှံ့ညွန်များ ဖြစ်အောင် ပြုလုပ်ခဲ့သည်။

+

သူသည် မြစ်နီမြစ် အတွင်း၌ ဖုံးကွယ်ထားသော သစ်ငုတ်တို များစွာတို့ကိုလည်း ထူထောင်ခဲ့ကာ ကုန်းတွင်းသွား သင်္ဘောကြီးများကို ရေကြောင်းခရီး သွားလာမှု ခက်ခဲရန် ပြုလုပ်ခဲ့သည်။ ပြီးခဲ့သော နှစ်နှစ်က သူပြုလုပ်ခဲ့သော လုပ်ဆောင်ချက်များ အားလုံးသည် ဤနေရာက လုံးဝ ပြောင်းလဲသွားစေခဲ့သည်။

ယခုအချိန်တွင် မြို့အတွင်းသို့ လေးလံသော ပစ္စည်းများကို မြင်းများ သယ်ဆောင်ထားသော မြင်းရထားများ မပြောနှင့် လူအင်အားဖြင့်ပင် သယ်ဆောင်လာရန် အဆင်မပြေနေတော့ပေ။

+

စစ်အတွက် ဤကဲ့သို့သော ပြင်ဆင်မှုများသည် သူ့အား ကြီးမားစွာ ထိခိုက်စေခဲ့သည်။ အခြား နေရာများနှင့် အဆင်ပြေသော ဆက်သွယ်မှုများ မရှိတော့သည့် အတွက် မြို့၏ ကုန်သွယ်ရေးသည် ယခင်ကကဲ့သို့ တိုးတက်စည်ပင်ခြင်း မရှိတော့ပေ။ လယ်မြေများအား ဖျက်ဆီးခဲ့မှုကြောင့် လူဦးရေကလည်း သိသိသာသာ ထိုးကျသွားသည်။

သို့သော်လည်း ချဉ်းကပ်လာသော ရန်သူတပ်ဖွဲ့ အတွင်းတွင် မည်သည့် အပြောင်းအလဲများကိုမှ မတွေ့နိုင်မှုကြောင့် မြို့စားသည် သူ၏ လုပ်ဆောင်ချက်များက မှန်ကန်နေသည်ဟု ခိုင်မြဲစွာ ယုံကြည်နေခဲ့သည်။

+

ပထမဦးစွာ လမ်းတစ်လမ်း မဆောက်လုပ်ခဲ့လျှင်
ဤနေရာသို့ အမြောက်များကို ဘယ်တော့မှ
သယ်ယူလာနိုင်မည် မဟုတ်ဟု သူတို့က
သဘောပေါက်ပြီး ဖြစ်နေလိမ့်မည်။

နောက်တစ်ဆင့် အနေဖြင့် ခက်ခဲကြမ်းတမ်းသည့်
တိုက်ပွဲတစ်ခုအား ဆင်နွှဲရန် ဖြစ်သည်။

ရိုလန်၏ စစ်သားများသည် အလွန်
အစွမ်းထက်သော သေနတ်များကို
သယ်ဆောင်ထားကြသော်လည်း
မြို့ရိုးအောက်ခြေတွင် ပုန်းအောင်းရန် နေရာမရှိပဲ
သံဆူးကြိုးများဖြင့် ကာရံထားသော မြို့ရိုးပေါ်သို့
တွယ်တက်လာနိုင်ခြင်းလည်း မရှိကြပေ။

+

ထို့အပြင် မြို့စားသည် မြို့တွင်း၌ ခြေလှမ်း တစ်ထောင်ကျော်မှ ပစ်မှတ်အား ပစ်ခတ်နိုင်သည့် လောက်လွှဲ လေးခုနှင့် အမြောက် နှစ်လက်တို့အားလည်း တည်ဆောက်ထားသည်။ သို့ဖြစ်၍ ယခုအချိန်၌ ဘယ်သူနိုင်မည်ကို ပြောရန် ခက်ခဲပေသည်။

"သူတို့ လာနေပြီ" ဂယ်လီနာက သတိပေးလိုက်သည်။

အညိုရောင် ဝတ်စုံများကို ဝတ်ဆင်ထားသော စစ်သား တစ်အုပ်စုသည် ရန်သူ တပ်ဖွဲ့များထံမှ ရှေ့တက်လာခဲ့ကာ မြို့ရိုးတံခါးထံသို့ ညီညာစွာ

+

ချီတက်လာခဲ့သည်။ သူတို့သည် အလွန်အမင်း
လျင်မြန်စွာ လှုပ်ရှားကြခြင်း မရှိသော်လည်း
သူတို့၏ ခြေလှမ်းများသည် အတော့်ကို
ခိုင်မြဲလှသည်။

သို့သော်လည်း များမကြာမီပင် ရွှံ့ညွှန်များ
အကြားတွင် သူတို့သည် တန်းစီမနေနိုင်တော့ပဲ
အဖွဲ့ငယ် နှစ်ဖွဲ့ သုံးဖွဲ့ အဖြစ်သို့ ကွဲသွားခဲ့ကာ
လယ်မြေအတွင်းတွင် လယ်သမားအိုကြီးများကဲ့သို့
လျှောက်လှမ်းခဲ့ကြရသည်။

သူတို့၏ ကျောပေါ်တွင် မီးခိုးရင့်ရောင်
လုံရှည်များနှင့် ပေါင်လုံးတမျှ ထူထဲသော
ပြောင်းရှည်များကို သယ်ဆောင်ထားကြသော်လည်း

+

မြို့စားအနေဖြင့် ဤမျှအထိ ပေါ့ပါးသော
တစ်စုံတစ်ရာသည် အမြောက်တစ်မျိုး
ဖြစ်နေလိမ့်မည်ဟု လုံးဝ မယူဆနေပေ။

ဝယ်လ်ဆန်သည် အကွာအဝေးကို
ခန့်မှန်းခဲ့အပြီးတွင် အနီရောင် အလံတစ်ခုအား
မြှောက်လိုက်ကာ သူ့အနောက်မှ စစ်သားများထံ
ဌေ့ယမ်းလိုက်သည်။

"ရောမ ကျောက်တုံးအမြောက်... ပစ်စမ်း"

+